www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၁၉၂၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၈၄၆၀၈၁၀

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ၂၀၁၀၊ ဒီဇင်ဘာ

**ထုတ်ဝေသူ**
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(D)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**
အာကာ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း
(ကာလာဒန့်ပုံနှိပ်တိုက်)
**အုပ်ရေ**
၅၀၀

တန်ဖိုး ။ ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃
**ပဒ္မမ်ဒီရိုင်း**
ရှင်းလို့မရဘူး ရှုပ်ကုန်ပြီ/ ပဒ္မမ်ဒီရိုင်း-ရန်ကုန်။
ငါတို့စာပေ၊ ၂၀၀၉။ ၁၈၀ - စာ။
၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

BURMESE CLASSIC

## (၁)

ဘိုတွင်းရွာတစ်ရွာလုံး ဒီနေ့ မိုးလင်းကတည်းက လှုပ်လှုပ်ရွရွ ဖြစ်နေပါတယ်။ အိမ်ခြေရှစ်ရာကျော်ရှိတဲ့ ဘိုတွင်းရွာရဲ့ 'ဒဝါး'ဘုရားပွဲတော်ကို ဒီနေ့ညမှာ စည်ကားသိုက်မြိုက်စွာနဲ့ ကျင်းပမှာမို့ပါ။ အထူးသဖြင့် အညာသူ အညာသားတွေပီပီ တစ်နှစ်မှတစ်ခါ ကျင်းပတဲ့ ရွာဘုရားပွဲဆိုတော့ အနယ်နယ် အရပ်ရပ်မှာရောက်နေတဲ့ ဘိုတွင်းရွာသားတွေ ရွာကို ပြန်ရောက်လာကြပါတယ်။

မည်သူမဆို ကိုယ့်ဇာတိရပ်ရွာကိုတော့ ခင်တွယ်ကြတာပဲ မဟုတ်ပါလား။

ဒီနှစ် ဘိုတွင်းရွာ 'ဒဝါး'ဘုရားပွဲရဲ့ ထူးခြားချက်က အချို့ အရင်နှစ်တွေလို မန္တလေးက အငြိမ့်တို့၊ ရန်ကုန်မြို့က ဆိုင်းဝိုင်း... တို့ရဲ့ ဖြေဖျော်တာမဟုတ်ဘဲ ထူးထူးခြားခြားပြောရမယ်ဆိုရင်... ရွာက လူငယ်တွေရဲ့ ကိုယ်ပိုင်တီးခတ်မှုနဲ့အတူ စတိတ်ရှိုး... ပဲ ဖြစ်ပါတယ်။ တစ်ခါဖူးမှ ကိုယ့်ရွာသားတွေကိုယ်တိုင် ... ဖြေဖျော်တာမျိုးမရှိတော့ ဒီနှစ်ဘုရားပွဲက ထူးခြား...

www.burmeseclassic.com

www.burmeseclassic.com



'ဘိုတွင်း'ရွာသားတွေ တီးခတ် ခတ်ကြ ဆိုကြမယ်ဆိုတဲ့ သတင်းတွေက အခြား ရွာနီးချုပ်စပ်တွေပါ ပျံ့နှံ့လို့နေပါတယ်။ ရွာနီးချုပ်စပ်က ရွာသားတွေကလည်း ကြည့်မယ်ဆိုပြီး အားခဲထားလို့ပေါ့လေ။

အဲဒီလို ဘိုတွင်းရွာဘုရားပွဲရဲ့ အရပ်စတိတ်ရှိုးမှာ အပင်ပန်းဆုံးသူကတော့ ခိုင်မြဲပါပဲ။ ရွာထဲက ဂစ်တာတီးတဲ့သူတွေနဲ့ စုပေါင်းပြီး သီချင်းဆိုမယ့်သူတွေကို သီချင်းတိုက်ပေးရ၊ တီးဝိုင်းငှားရနဲ့ တစ်လ လုံးလုံး အားရတယ်မရှိ။ ဝါသနာပါတော့ ခိုင်မြဲအဖို့က ပိုဆိုးပါတယ်။

'ဘိုတွင်း'ရွာမှာ ခိုင်မြဲဆို လူကြီးမပြောနဲ့ ကလေးကအစ ဘိုတွင်းရွာသာမက အခြားရွာနီးချုပ်စပ်တွေကပါ မသိသူ မရှိသလောက်ပါ။ ရွာကထိန်တို့၊ ရှင်ပြုတို့ စတဲ့ အလှူတွေမှာ ဒိုးဝိုင်းနဲ့ အတူ ခိုင်မြဲရဲ့ ယောကျ်ားသံနဲ့ မိန်းမအသံ သီချင်းဆိုမှုက ပြောင်မြောက်လွန်းလို့ ဆုငွေတွေရတာလည်း မနည်းပါဘူး။ ဒါ့အပြင် လူတစ်ကိုယ်တည်းက အသံနှစ်မျိုးနဲ့ သီဆိုတာကို ပွဲတောင်းကြတာလည်း ခဏခဏပါပဲ။

ဒီတော့ ရွာဘုရားပွဲမှာ ဂစ်တာလည်း ကောင်းကောင်းတီးတတ်၊ သီချင်းလည်း ယောကျ်ားသံ၊ မိန်းမသံနဲ့ ထူးချွန်အောင် ဆိုတတ် တဲ့ ခိုင်မြဲအဖို့ မပါလို့မပြီးတာ အမှန်ပဲပေါ့လေ။

❂ ❂ ❂



'အင်း··· ငါ့သားကတော့ သူ့ဟာနဲ့သူ ဟုတ်နေတာပဲဟေ့'

ဇလုံထဲ ထမင်းဟင်းထည့်ပြီး ဆာဆာနဲ့ ပလုပ်ပလောင်းစားနေတဲ့ ခိုင်မြဲကိုကြည့်ပြီး အဖေဖြစ်တဲ့ ဦးမြဲက ကျေနပ်တဲ့လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။

'ဟုတ်ဆို တော်ရေ၊ ကျုပ်တို့သားက ဘာလိုသေးလဲ၊ အဝေးသင်နဲ့လည်း ဘွဲ့ရပြီးပြီ၊ ရွာမှာဆိုလည်း ကြည့်ဦး၊ တီးတတ် မှုတ်တတ်ဆိုတာကရော ယောကျ်ားသံဆိုမလား၊ မိန်းမသံဆိုမလား ဘယ်သူမှီသလဲ၊ အင်း··· တော်ကတောင် ပြောသေးတယ်လေ၊ သားငယ်ငယ်တုန်းက ဒီကောင်ပုံက ရုပ်ရည်က အညာသားနဲ့မတူဘဲ ဖြူဖြူချောချောနဲ့ မိန်းမလိုကောင်က ကြီးလာရင် မိန်းမလျာများဖြစ်မလား ဆိုတာလေ၊ ကဲ··· အခု တော် မြင်ပြီမို့လား၊ ကျုပ်ရဲ့သားက ဘယ်လောက်ယောကျ်ားပီသလဲ'

မိခင်ဖြစ်သူ ဒေါ်ရင်က ရေတောင်မသောက်အားဘဲ စကားကို တရစပ်ပြောချလိုက်ပါတယ်။ အဖေနဲ့ အမေကတော့ ထမင်းစားနေတဲ့ ခိုင်မြဲကို ကောင်းကောင်းချီးမွမ်းခန်းဖွင့်နေတာကို ခိုင်မြဲအဖို့ ထမင်းတောင် ဆက်မစားရဲသလို ဖြစ်သွားပါတယ်။

'အဘနဲ့ အမေကလည်းလေ တိုးတိုးပြောပါ၊ ဘေးကအိမ်ထလူတွေ ကြားသွားရင် မကောင်းပါဘူး'

'ဘာမကောင်းစရာလိုလဲ သားရဲ့၊ ငါ့သားတော်လို့ တော်တာပြောတာ ဘာဖြစ်လဲ၊ ကဲ··· အခု ရွာဘုရားပွဲရော သား မပါလို့ဖြစ်ပါ့မလား'

'ဒါတော့ ဒါပေါ့ အမေရာ၊ ဒါကလည်း သားက ဝါသနာပါတာကိုး၊ ပြီးတော့ သားက အဆိုတော်ဖြစ်ချင်တာလေ'

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'ကဲ... စားမှာသာ စားပါ သားရာ၊ ငါ့သား လုပ်စရာရှိတာ လုပ်ရဦးမှာမဟုတ်လား၊ အဆိုတော်ဆိုတာက ငါ့သားဘဝနဲ့ ဝေးပါတယ်ကွာ၊ ဘာအဆက်အသွယ်မှ ရှိတာမှမဟုတ်တာ'

ခိုင်မြဲအဖို့ မကြာခဏ ထိုသို့ပြောလေတိုင်း ဖခင်ဖြစ်သူ ဦးမြဲ အမြဲတမ်းပြောနေကျစကားပဲ ဖြစ်ပါတယ်။

'အဖေရာ... ဒီမှာဆိုရင် ကျွန်တော်က အဖေတို့လို ထန်းသမား ယာသမားပဲဖြစ်သွားမှာ၊ ကျွန်တော့်ဘဝကို ကျွန်တော် ဒီဒေသမှာ မမြှုပ်နှံချင်ဘူး အဖေရာ၊ ဒီထက်မြင့်တဲ့မြတ်တဲ့ဘဝမှာ နေချင်တယ်'

ခိုင်မြဲ စကားကြောင့် ဦးမြဲက မျက်စောင်းထိုးလိုက်ပါတယ်။

'ဒီမှာ ငါ့မိန်းမကမွေးတဲ့ ငါ့သား၊ မင်းကို အဖေတို့က ဟောဒီ ထန်းတောနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ပြီး ယာစိုက်ပြီး မွေးခဲ့ ကျွေးခဲ့ ပညာသင်ပေးခဲ့တာက ဟောဒီမြေ ဟောဒီနေရာကို မပြစ်မှားရဘူး ကွယ့်'

ခိုင်မြဲ သိလိုက်ပါတယ်။ အဖေဖြစ်တဲ့ ဦးမြဲက သူ့နေရာ သူ့ဒေသကို ဘယ်လောက်အစွဲအလမ်းကြီးမှန်း ခိုင်မြဲ အသိဆုံးမို့ပါ။ ဆက်ပြောလျှင် အညာဒေသရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ကိုရိုးယားကား ဓာတ်လမ်းတွဲလို အပိုင်းလိုက် နောက်ဆက်တွဲကြားရတော့မှာမို့ပါ။

'ခိုင်မြဲရေ... ခိုင်မြဲ'

ခြံပိုင်းရှေ့ကနေ အသံပြဲကြီးနဲ့ အော်ခေါ်နေရင်းက ခြံပိုင်းထဲကို သူငယ်ချင်းဖြစ်တဲ့ ဖိုးချွန် ဝင်လာပါတယ်။

'ဟာကွာ... မင်းက ထမင်းစားတာ မပြီးသေးဘူးလား၊



ဟိုမှာ တီးဝိုင်းတီးဖို့ ငှားထားတဲ့ စက်တွေတင်ထားတဲ့ကား ဆိုက်လာပြီ၊ မြန်မြန်စားဟေ့၊ စက်တွေကို နေရာချဖို့ ဆင်ဖို့ လုပ်ရဦးမှာ'

ဖိုးချွန်က နဖူးပြင်ပေါ်မှာရှိနေတဲ့ ချွေးတွေကို လက်နှင့်သပ်ချလိုက်ပါတယ်။

'မင်းတို့ သူငယ်ချင်းနှစ်ယောက်ကတော့ လိုက်တယ်ဟေ့၊ ဘွဲ့ရတာလည်း အတူတူ၊ ဟော... ဂီတကို ဝါသနာပါတော့လည်း အတူတူ၊ ဟုတ်သဟေ့'

'ဦးကလည်း ခိုင်မြဲက ပိုတော်တာ၊ ဒီကောင့်အသံက အခု နာမည်ကြီးတဲ့၊ အဆိုတော်တွေကို မီတယ်၊ ယောကျ်ားသံ၊ မိန်းမသံ ကြိုက်တဲ့အသံလာ၊ ရန်ကုန်မှာဆို ဒီကောင် အဆိုတော်ဖြစ်ပြီ'

ဖိုးချွန်စကားကြောင့် ဦးမြဲက...

'အင်း... တစ်ယောက်က လာပြီးပင့်ပေးပြန်ပြီဟေ့၊ အခုတောင် ငါ့သားက ရန်ကုန်သွားပြီး အဆိုတော်လုပ်ချင်တယ်ဆိုလို့ မနည်းတားထားရတာ၊ ငွေကလည်းရှိဦးမှ၊ အဆက်အသွယ်လေး ဘာလေး ရှိဦးမှလေကွာ'

'ဦးကလည်းဗျာ... ကိုယ့်မှာ အနုပညာပါရမီရှိရင် ဒါတွေ မလိုပါဘူး၊ ထင်ပေါ်ရင် စင်တော်ကကောက်မှာပါဗျာ၊ ခိုင်မြဲမှာက အနုပညာပါရမီ ရှိပြီးသားပဲဟာ'

ထမင်းစားတာကို လက်စသတ်နေတဲ့ ခိုင်မြဲက စိတ်ထဲက ဖိုးချွန်ကို ချီးကျူးနေမိပါတယ်။ ကိုယ့်သူငယ်ချင်းအပေါ် အကောင်း မြင်တတ်တဲ့သူလို့။

'ကဲပါ... နောက်မှ ဆွေးနွေးကြတော့၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ကဲ… သား… ပြီးရင် သွားတော့၊ ပန်းကန်တွေ အမေ ဆေးလိုက်မယ်'

'ရပါတယ်၊ နေ… နေ…'

ဒေါ်ရင်ရဲ့ သတိပေးစကားသံအဆုံး နိုင်မြဲက ထမင်းပန်းကန်တွေကို ဆေးလိုက်ပါတယ်။ ပြီးတော့ ဖိုးချွန်နဲ့အတူ ခြံဝိုင်းထဲကနေ ထွက်လာခဲ့ပါတယ်။

သားဖြစ်သူ နိုင်မြဲကို အိမ်ခြံဝိုင်းထဲကနေ ကြည့်ရင်း ကျေနပ်နေသူတွေကတော့ ဦးမြနဲ့ ဒေါ်ရင်ပါပဲ။

◎ ◎ ◎

မိဘဆိုတာ သားသမီးကောင်းရာမွန်ရာ ပြုမူနေထိုင်တာကို မြင်ရတော့လည်း ဘယ်လောက်ကြည်နူးဘဲ နေပါ့မလဲ။ အဲဒီပီတိတွေနဲ့ မိဘတွေ အသက်ရှည်နေကြတာ မဟုတ်ပါလား။

◎ ◎ ◎

'ဒဝါး' ဘုရားပွဲက ကြက်ပျံမကျ စည်ကားလို့နေပါတယ်။ တစ်ရွာလုံးရဲ့ ဘုရားပွဲခင်းထဲရောက်နေသလိုပါပဲ။ ဈေးဆိုင်တန်းတွေကလည်း အစီအရီ ရောင်းသူဝယ်သူအသံတွေကလည်း ဆူညံနေပါတယ်။ တစ်နှစ်မှာမှ တစ်ရက်ဆိုတော့ တစ်ရွာလုံး အားခဲထားတဲ့ ရွာဘုရားပွဲဖြစ်လေတော့ ဒီလိုစည်ကားတာကိုပဲ ရွာသားတွေက ဂုဏ်ယူလို့နေပါတယ်။ ဒါ့အပြင် အနီးဝန်းကျင်ရွာတွေက ဧည့်ပရိသတ်



တွေကလည်း တိုးမပေါက်အောင်ပါပဲ။ အထူးသဖြင့် စတိတ်ရှိုးကျင်းပတဲ့နေရာမှာဆို ခြေချစရာမရှိတဲ့အထိအောင်ပါပဲ။

ကမ္ဘာပြားတဲ့ခေတ်မှာ ရွာပေမယ့် ဝတ်ပုံစားပုံတွေကလည်း မြို့နဲ့ မြို့နဲ့အစီပါပဲ။ ခွဲစကတ်၊ ကိုရီးယားအကျီ၊ ဟတ်ပင်၊ တီရှပ်၊ ဂျင်းပင် စသဖြင့် အဝတ်ထည်တွေနဲ့ ခေတ်ကာလသားသမီးများကလည်း ဒီဘုရားပွဲရက်မှာတော့ အဝီဝတ်ဆင်ပြီး ဟန်ရေးပြလို့နေပါတယ်။

ကမ္ဘာသန့်တယ်ဆိုတာ ဒါကိုပဲပြောတာဖြစ်မယ်လို့ မဆီမဆိုင် နိုင်မြဲက ဂစ်တာကြိုးညှိနေရင်းမှ စဉ်းစားမိပါသေးတယ်။

◎ ◎ ◎

'စတိတ်ရှိုး စပါတော့ဗျို့'

'စပါတော့'

ပရိသတ်တွေက စတိတ်ရှိုးမစသေးသဖြင့် စင်အောက်ကနေ ဖြိုင်တူညာသံပေးပြီး ဖြိုင်တူအော်နေကြပါတယ်။ ဟုတ်တော့လည်း ဟုတ်တာ ပေါ့လေ။ မှောင်စပျိုးချိန်ကတည်းက စတိတ်ရှိုးစင်ရှေ့မှာ နေရာယူ ထားပြီး စောင့်နေရတော့ ဒီလောက်တော့ရှိမှာပေါ့။

'ဟုတ်ကဲ့… ဘိုတွင်းရွာရဲ့ ကျက်သရေဆောင် ဒဝါးရွာ ဘုရားပွဲမှာ ကျွန်တော်တို့ ဘိုတွင်းရွာ လူငယ်လေးများရဲ့ စတိတ်ရှိုး အစီအစဉ် စတင်ပါပြီ'

အစီအစဉ်ကြေညာသူ ဖိုးချွန်ရဲ့ မိုက်ကရိုဖုန်းကိုင်ပြီး ကြေညာသံအဆုံးမှာပဲ မီးကို ရေနဲ့ငြိမ်းလိုက်သလိုမျိုး ပရိသတ်ကြီးရဲ့အသံဟာ တိတ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်မြဲက အဖွင့်တီးလုံးကို စတီးဖို့ အချက်ပြလိုက်ပါတယ်။ ပရိသတ် ခေတ်လူငယ်တွေအကြိုက် ရောင်စုံသံစဉ်တွေက ဆူညံကျယ်လောင်စွာ ဆောင်းဘောက်တွေထဲမှာ ကဆုန်ပေါက်နေတဲ့အတိုင်းပါပဲ။

'ပထမဦးဆုံး ဖြေဖျော်သီဆိုမယ့်သူက သောင်းတင်ပါ၊ သီဆိုမယ့်သီချင်းက နှောင်ကြိုးလေးတစ်မျှင်ပါ'

'ဟေး… ဟေး… ဖြောင်း… ဖြောင်း…'

အစီအစဉ်ကြေညာသံအဆုံး လက်ခုပ်သံတွေက ပွဲခင်းကြီးတစ်ခုလုံး လွှမ်းသွားပါတယ်။

***'xxx xxx xxx***

***နှောင်ကြိုးလေးတစ်မျှင်ရယ်***

***xxx xxx xxx'***

တစ်လလုံးလုံး သီချင်းတိုက်ထားသဖြင့် အဝင်အထွက် အပိုအလို ကီးကြောင်ခြင်းမရှိဘဲ သီဆိုနေသော သောင်းတင်၏အသံက မေသိလျှင် မူရင်းအဆိုတော် ဘိုဘိုကို သီဆိုနေတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ သောင်းတင်ကလည်း သူ့ကိုယ်သူ အဆိုတော်တစ်ဦးလိုမျိုး အမူအရာအမျိုးမျိုးလုပ်ပြီး အပီဟစ်ကြွေးနေပါတယ်။ သေချာတာကတော့ သူကြိုက်နေတဲ့ ပွဲခင်းထဲရောက်နေတဲ့ ရွာတောင်ပိုင်းက အေးခင်ကို ရည်ရွယ်ပြီး ဆိုနေသလိုပါပဲ။ ဒီစတိတ်ရှိုးပြီးရင်တော့ သောင်းတင်အတွက် အချစ်ဇာတ်လမ်းတစ်ပုဒ် မွေးဖွားလာလေမလား။ ဂစ်တာတီးနေတဲ့ နိုင်မြဲ တွေးမိရင်းက မသိမသာ ပြုံးမိပါရဲ့။

❂ ❂ ❂



အစီအစဉ် ဆယ့်နှစ်ထိ ရွာထဲမှ ဖိုးဆိုချင်၊ မဆိုချင်များက တစ်လှည့်စီအပီ ကိုယ်ပိုင်နိုင်တဲ့သီချင်းတွေကို သီဆိုသွားကြပါတယ်။ ကိုယ့်ဆွေမျိုးသားချင်း မိတ်ဆွေတွေက ဆုတော်ငွေတွေ ချီးမြှင့်တာတွေကလည်း အများကြီးပါပဲ။

'ဆက်လက်ပြီး သီဆိုမှာကတော့ လီဒ်ဂစ်တာတီးခတ်နေတဲ့ နိုင်မြဲပဲဖြစ်ပါတယ်၊ နိုင်မြဲရဲ့ ယောက်ျား မိန်းမအသံနှစ်သံနဲ့ သီဆိုမှာကို နားဆင်ပေးကြပါဦး'

'နိုင်မြဲ၊ နိုင်မြဲ၊ နိုင်မြဲ'

စင်မြင့်အောက်ကနေ ပရိသတ်တွေက နိုင်မြဲနာမည်ကို အော်နေကြပါတယ်။ နိုင်မြဲက ဂစ်တာကြိုးကို အသံညှိ၊ မညှိ တစ်ချက်တီးလိုက်ရင်းမှ တီးဝိုင်းကို အချက်ပေးလိုက်ပါတယ်။

***'မျက်ဝန်းလေးထဲမှာ ရေးဖွဲ့ထားတဲ့ ရင်ခုန်မြတ်နိုးအချစ်xxx***

***မြှော်လင့်ချက်တစ်ခုကို xxx ကမ်းလင့်တဲ့ ရင်ခုန်မြတ်နိုးချစ်xxx***

***တို့နှစ်ယောက်ရဲ့အချစ် xxx xxx xxx xxx'***

ယောက်ျားအဆိုတစ်လှည့်၊ မိန်းမအဆိုတစ်လှည့်မျိုး ဂစ်တာတီးရင်းဆိုနေတဲ့ နိုင်မြဲရဲ့ သီဆိုဖြေဖျော်မှုကို ပရိသတ်တွေက ငြိမ်သက်စွာ အားပေးနေပါတယ်။ အဆိုကျွမ်းကျင်သော နိုင်မြဲ၏သီဆိုမှုကို အပီခံစားနေပါတယ်။

'နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်'

သီချင်းပြီးဆုံးသွားတဲ့အခါ ပရိသတ်တွေက သီချင်းတောင်းခြင်းနှင့်အတူ ဆုတော်ငွေတွေလည်း တဖွဲဖွဲဆုချကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဆက်လက်ပြီး တစ်ခေတ်တစ်ခါက ကိုင်ဇာနဲ့ မေဆွိသီဆို ထားတဲ့ အနမ်းပန်းသီချင်းကို ဖြေဖျော်ပေးပါ့မယ်'

'ဟေး… ဒါမှ နိုင်မြဲဟေ့'

စင်မြင့်အောက်မှ ပရိသတ်တွေရဲ့ အော်သံနှင့်အတူ တီးဝိုင်းမှ စတင်တီးခတ်လိုက်တဲ့ တေးဂီတသံတွေက ရောနှောသွားပါတယ်။

*'ပန်းကလေးထက် မေဟာ ပိုလှတယ် ××× မောင့်ဘဝ ရဲ့ နေရောင်ခြည်လေးသဖွယ် ××× ငြိမ်းချမ်းမှုတွေ ပန်ဆင်း စွမ်းအား ရှိတယ်×××*

*အနမ်းပန်းတွေတွေ ဝေကြမယ် ××× ရင်ခွင်လှာကြား ××× မေဟာ မောင်အချစ်ဆုံးပေါ့ပဲ ××× ငြိမ်းချမ်းတဲ့ဘဝ အတူတူ တည်ဆောက်မယ် ××× အနမ်းပန်းတွေ ဝေကြမယ် ×××'*

'ဖြောင်း… ဖြောင်း…'

'နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်'

သီချင်းဆိုမှုအပြီးမှာ ပရိသတ်တွေက နိုင်မြဲကို လက်ခုပ်တီး ဝဏ်ပြုရင်း သီချင်းနောက်တစ်ပုဒ် တောင်းပြန်ပါတယ်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အပြင် အခြားသီဆိုမည့်သူ များ ကျန်ပါသေးတယ်၊ သူတို့ပြီးမှ ဆက်လက်ဖြေဖျော်ပေးပါ့မယ်'

နိုင်မြဲ စကားသံအဆုံး ဖိုးချွန်က နောက်ထပ်သီဆိုမယ့်သူ တစ်ယောက်ကို ကြေညာပါတယ်။ နောက်ထပ်သီဆိုသူတွေကလည်း တစ်ယောက်ပြီးတစ်ယောက် သူ့ထက်သူ မညံ့ကြောင်း သီဆိုအစွမ်း ပြကြပါတယ်။

○ ○ ○



နောက်ဆုံးတော့ ပရိသတ်တောင်းဆိုမှုအရ နိုင်မြဲခများ ယောက်ျား၊ မိန်းမ အဆိုနှစ်မျိုးနဲ့ စုံတွဲသီချင်း ငါးပုဒ်တိတိ သီဆိုပြီး ဆုငွေတွေရရင်းက တီးဝိုင်းအစီအစဉ် ပြီးဆုံးကြောင်း ကြေညာရပါ တော့တယ်။

○ ○ ○

ဘိုတွင်းရွာရဲ့ 'ဒဝါး'ဘုရားပွဲကတော့ အောင်မြင်စွာပြီးဆုံး ခဲ့ပါတယ်။ အထူးသဖြင့် နိုင်မြဲဦးစီးတဲ့ ရွာတီးဝိုင်းရဲ့ သတင်းနဲ့အတူ ယောက်ျားသံ၊ မိန်းမသံ နှစ်မျိုးသီဆိုတဲ့ နိုင်မြဲရဲ့ ကောင်းသတင်းတွေ ကတော့ ရွာနီးချုပ်စပ်များကို နောက်တစ်နေ့မှာ ပျံ့နှံ့သွားပါတော့တယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဝပ်ကျင်းနဲ့

ကိုယ်သိမ်းပိုက်ထားတဲ့

တောင်ကုန်းကနေ

ကမ္ဘာကြီးကို

လှမ်းမျှော်ကြည့်လိုက်တော့

ဘာမြင်ရပါ့မလဲ။

အစက်ကလေးလောက် မြင်နေရရင်ပဲ

ကံကောင်းလွန်းတယ်လို့မှတ်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဦးမြဲတစ်ယောက် ကွပ်ပျစ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိရင်းက ဇနီးဖြစ်သူဒေါ်ရင်ကို ကြည့်လိုက်တယ်။ ဒေါ်ရင်ရဲ့မျက်နှာမှာတော့ တစ်စုံတစ်ခုအတွက် ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားချရတော့မယ့်ပုံ ပေါ်နေပါတယ်။ ဒါပေမဲ့ နိုင်မြဲကတော့ ဘာမှမဖြစ်သလိုနဲ့ အနီးအနားမှာရှိနေတဲ့ ဖိုးချွန်ကို ရေနွေးကြမ်းတစ်ခွက် ငှဲ့ခိုင်းပါတယ်။

'သားပြောတဲ့ကိစ္စက မင်းက လူငယ်စိတ်နဲ့ပြောတာ မလွယ်ဘူး သားရဲ့၊ စိတ်ကူးယဉ်သိပ်ဆန်လွန်းတယ်၊ သားမှာ အဆက်အသွယ်မရှိ ဘာမရှိနဲ့၊ တစ်မြို့တစ်ရွာမှာ မလွယ်ပါဘူးကွာ'

ဦးမြဲက ကွပ်ပျစ်ပေါ် ထိုင်လိုက်ပါတယ်။ နိုင်မြဲက ဖိုးချွန် ငှဲ့ထားပေးတဲ့ ရေနွေးကြမ်းခွက်ကို ဦးမြဲကို ကမ်းပေးလိုက်ပါတယ်။

'လွယ်တာပေါ့ အဖေရာ၊ ကျွန်တော်တို့နယ်က အညာသားတွေ ရန်ကုန်မြို့တက်ပြီး အလုပ်လုပ်တာ ကြည့်ပါလား၊ ချစ်သားချမ်းသာနဲ့၊ ဟော… ရန်ကုန်သူတွေကိုတောင် ရအောင်ယူကြတာ၊ အဖေကလည်း ကျွန်တော့်အနုပညာကို ကျွန်တော် ယုံတယ်

www.burmeseclassic.com



ဒီမှာနေတို့တာတော့ ဒီလိုဘဝမျိုးပဲ သွားမှာပဲ၊ ကျွန်တော့်အနာဂတ်ကို မောင်ဒီ ဝပ်ကျင်းထဲမှာ ကျွန်တော် အကုန်မခံနိုင်တော့ဘူး၊ ထင်ရှား အောင်မြင်တဲ့ အဆိုတော်တစ်ယောက် ဖြစ်အောင်လုပ်မယ်၊ ဒီဆုံးဖြတ်ချက်ကို ကျွန်တော် မပြင်ပါရစေနဲ့'

နိုင်မြဲက အိမ်ခြံဝင်းအပြင်ဘက်ကို ကြည့်လိုက်ပါတယ်။ ရွာလမ်းပေါ်မှာ နွားလှည်းသုံးစီးက ထန်းရွက်အမိုးလေးတွေကို လှည်းအပြည့်တင်ဆောင်ရင်း သွားနေလေရဲ့။

'ကဲပါ ကိုမြဲ၊ တော့်သားက တော် ဘယ်လိုပြောပြော ရမှာမဟုတ်ဘူး၊ သားပြောတာလည်း မှန်တာပဲ၊ သူ့ရဲ့အနာဂတ် ရှိသေးတာပေါ့၊ တားမနေနဲ့တော့၊ ဘာဆက်လုပ်ပေးရမလဲဆိုတာပဲ စဉ်းစား'

နိုင်မြဲက မိခင်ဖြစ်တဲ့ ဒေါ်ရင်ကို ဝမ်းသာအားရနဲ့ ကြည့်လိုက်ပါတယ်။ သူ့အကြည်က မိခင်ဖြစ်တဲ့ ဒေါ်ရင်တစ်ယောက်သူ့ ဆန္ဒတွေကို အစွမ်းကုန်လိုက်လျောလိုက်ပြီလို့။

'ဒါနဲ့ ငါ့သား၊ မင်းတို့က ရန်ကုန်သွားတာတော့ ဟုတ်ပါပြီ၊ ဟိုမှာ ဘယ်လိုနေ ဘယ်လိုစားကြမှာလဲ'

ဦးမြဲ စကားမဆုံးမီ ဖိုးချွန်က…

'အဲဒါတော့ မပူနဲ့ ဦးရေ၊ ရန်ကုန်မှာ ကျွန်တော့်ဦးလေး လူပျိုကြီး ဦးကျော်ဆွေ ရှိတယ်လေ၊ သူ့ဆီမှာနေမှာ၊ နိုင်မြဲလည်း သူ ဝါသနာပါတာလုပ်၊ ကျွန်တော်လည်း အလုပ်လုပ်မှာပေါ့ ဦးရာ'

'မိန်းမရေ… သင်းတို့ကတော့ သူတို့ဟာနဲ့ သူတို့ကတော့ ဟုတ်နေတာပဲ၊ နောက်မှ ရှင်းမရ ရှုပ်မရဖြစ်ကုန်မလဲတော့ မသိဘူး'

ဦးမြဲက ဖိုးချွန်ရဲ့စကားနားထောင်ပြီးနောက် ဒေါ်ရင်ကို ပြောလိုက်ပါတယ်။



'အဖေကလည်း ဘာမှရှုပ်စရာမလိုဘူး၊ လမ်းတွေက ဖြောင့်နေတာပဲ၊ မကြာခင်မှာ ထင်ရှားတဲ့ အဆိုတော်နိုင်မြဲဆိုတာ တွေ့ကြမြင်ကြ ကြားရမှာပါ'

'ဟုတ်တယ် ဦးလေးရေ၊ နိုင်မြဲရဲ့ အရည်အချင်းကို ကျွန်တော် ယုံတယ်'

ဒေါ်ရင်က သားဖြစ်သူ နိုင်မြဲရဲ့ ဆံပင်တွေကို လက်နှင့်သပ်ပေးလိုက်ရင်းမှ…

'အင်း… အမေ့ရဲ့ အချစ်ဆုံးသားလေး အောင်မြင်ပါစေလို့ အမေ ညတိုင်း ဘုရားမှာ ဆုတောင်းရတော့မှာပေါ့ သားရယ်'

'စိတ်ချ အမေ၊ ကျွန်တော် ကြိုးစားပြမယ်'

အဲဒီနောက်တော့ တိုင်ပင်စရာများကို တိုင်ပင်ပြောဆိုနေကြတာ နိုင်မြဲတို့အဖို့ မနက်စာ ထမင်းစားချိန်တောင် နောက်ကျသွားပါတယ်။

ကိုယ့်ဝပ်ကျင်းဟောင်းလေးကို စွန့်ခွာပြီး မကြာခင်မှာ တွေ့ရကြုံရ ရင်ဆိုင်ရတော့မည့် အနာဂတ်ကိုတွေးပြီး နိုင်မြဲ အပျော်ကြီးပျော်နေတာကိုတော့ နိုင်မြဲကလွဲပြီး ဘယ်သူသိနိုင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဖြစ်တည်မှုနဲ့
ကိုယ်ပြောရရင်တော့
အရိပ်ခိုဖို့ဆိုတာ
နေပူမရှိလို့မှ မရတာ။

www.burmeseclassic.com

www.burmeseclassic.com

(၃)

'ကိုကျော်ဆွေ… ကိုကျော်ဆွေ'

အိမ်ရှေ့ကနေ အော်ကြီးဟစ်ကျယ်အော်သံက မနက်ခင်းစောစော အိပ်လို့ကောင်းနေဆဲမှာ ငှက်ဆိုးထိုးသံလိုမျိုး ကြားရလို့ နိုးချွန်ရဲ့ဦးလေး ဦးကျော်ဆွေတော့ မသိ၊ နိုင်မြဲတစ်ယောက် အိပ်ရာကနေ ကြုံးထလာရပါတယ်။ အိမ်တံခါးကို ဖွင့်လိုက်တော့ အိမ်ရှေ့မှာ ဒေါသထွက်နေတဲ့ပုံရတဲ့ ခပ်ဝဝအဒေါ်ကြီးတစ်ဦးကို တွေ့ရပါတယ်။

'ဘာကိစ္စများပါလဲ ဒေါ်ဒေါ်'

'ကိုကျော်ဆွေ… မရှိဘူးလား'

'ရှိပါတယ်၊ အိပ်နေလို့ပါ'

နိုင်မြဲက ပြောလိုက်တဲ့အခါ အဒေါ်ကြီးရဲ့ မျက်ဝန်းတွေက စောစောကထက်ကို ပိုတင်းသွားသလိုပါပဲ။

'အံမယ်… သူကတော့ ကုလားသေ ကုလားမော အိပ်ကောင်းလို့၊ ဒီမှာတော့ ဘယ်လောက်တောင် သောကတွေရောက်နေသလဲဆိုတာ သင်းက စာနာစိတ်ကလေးတောင် မရှိဘူး၊ ငါတို့က သင်းကို ယုံမိတာ မှားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟီး… ဟီး… ဟီး…'

ပြောပြောဆိုဆိုပါပဲ အဒေါ်ကြီးက အသံပြဲကြီးနဲ့ ငိုချပါတော့တယ်။ နိုင်မြဲ ဘာလုပ်ရမှန်း မသိပါ။ ဖိုးချွန်နဲ့အတူ ရန်ကုန်မြို့ကြီးရောက်လာတာ တစ်ပတ်လောက်ပဲ ရှိပါသေးရဲ့။ စိတ်တောင် ကုန်ချင်လာပါတယ်။ တစ်နေ့ တစ်နေ့ ဦးကျော်ဆွေရဲ့ မလည်မရှုပ်ကိစ္စတွေကိုပဲ ရှင်းနေရလို့ပါ။ အခုလည်း ဘာကိစ္စများဖြစ်သလဲ မသိ။ မနက်စောစောကြီး အိမ်ပေါက်ဝမှာ လာငိုတာ လာဘ်တော့ ပိတ်ပါပြီ။

'ဘယ်သူတွေ ငါ့အိမ်ရှေ့ လာငိုနေတာလဲကွ'

ဦးကျော်ဆွေလည်း ငိုသံကြောင့် အိပ်ရာကနေ နိုးလာတယ် ထင်ပါရဲ့။ အိမ်ရှေ့ကို ပြေးထွက်လာရင်းက ခပ်ဝဝ အဒေါ်ကြီးကိုလည်းတွေ့ရော မျက်နှာက ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားပါတယ်။

'ဩော်… မမတင်၊ ဘယ်လိုဖြစ်လို့ ငိုရတာလဲ'

'တော်စမ်းပါ ကိုကျော်ဆွေရယ်၊ ရှင်လုပ်ပုံ ကောင်းလား'

'ဗျာ… ဘယ်လို…'

နိုင်မြဲ ခေါင်းစားသွားပါတယ်။ ဦးကျော်ဆွေက ဒီခပ်ဝဝမိန်းမကြီးနဲ့ ဘယ်လိုပတ်သက်ပြီး ဘာတွေရှုပ်ပြန်ပြီလဲ မသိ။ ဒီလောက်ရုပ်ဆိုးတဲ့မိန်းမကြီးကို ဦးကျော်ဆွေ ဘယ်လိုဖြစ်လို့ သွားကြိုက်ရသလဲလို့။ ဖိုးချွန်တို့ ဦးလေးများ ရန်ကုန်မြို့ကြီးမှာ ဒီလောက်နေတာကြာပြီး မိန်းမ မမြင်ဖူးသလား မသိပါ။

'မမတင်… ခင်ဗျားရဲ့ပြောပုံက ပတ်ဝန်းကျင်က တစ်မျိုးမြင်နေပါဦးမယ်'

'မြင်မြင် ပြောရမှာပဲ၊ ငွေနှစ်သိန်း နေ့သွင်းနဲ့ တစ်နေ့ကို



သုံးထောင်သွင်းပါ့မယ်၊ သုံးလဆက်တိုက် ပျက်ရက်မရှိဘဲ သွင်းပါမယ်ဆိုပြီး ရှင် ပွဲခယူပြီး ဆက်သွယ်ပေးတဲ့ အေးမြင့်က နှစ်ရက်လောက်ပဲသွင်းပြီး အခု အိမ်ပြောင်းပြေးပြီလေ၊ ဘယ်ကိုပြောင်းသလဲမသိဘူး၊ ကုန်ပြီ…ငွေတွေကုန်ပြီ၊ အဲဒါ နယ်ကပြန်လာတဲ့ ယောက်ျားသာသိရင်တော့ ကျောကော့ခံရတော့မှာ သိလား၊ အဲဒီ အေးမြင့် ဘယ်ကိုပြောင်းသွားလဲ'

'ဒီကောင်နဲ့ မတွေ့တာ ကြာပြီ မမတင်ရဲ့၊ ဘယ်သိမလဲ'

'အဲဒါဆို ရှင် ရအောင်ရှာ၊ မရလို့ကတော့ ရှင်လျော်ပဲ'

သည်လောက် အိမ်ရှေ့မှာ အော်ကြီးဟစ်ကျယ်ဖြစ်နေပြီးဘေးအိမ်တွေကတောင် မသိမသာစပ်စုတဲ့အကြည့်နဲ့ ကြည့်နေတာကိုတောင် အိမ်ထဲမှာအိပ်နေတဲ့ ဖိုးချွန် မနိုးတာ ဒီကောင် နားများကန်းနေသလား မသိပါ။

'ဟာ… ဘာလို့ ကျွန်တော်က လျော်ရမှာလဲ၊ မမတင်တို့ကိစ္စဖြစ်အောင် ကျွန်တော်က စီစဉ်ပေးရတာ၊ မမတင်က အတိုးမက်တာကိုး၊ နည်းနည်းပါးပါး လူအခြေအနေလေး ဘာလေး ကြည့်ပေါ့'

'ကြည့်စရာမလိုဘူး၊ နင် ပွဲခလိုချင်လို့ဖြစ်တာ၊ လျော်ပေး'

'မလျော်ပေးနိုင်ဘူး မမတင်၊ တိုင်ချင်ရာ တိုင်၊ ကြိုက်တဲ့ရုံးက စကားပြောမယ်'

'တိုင်မယ်၊ စက်တိုင်ရောက်အောင်ကို ပို့မယ်၊ မမတင်တဲ့ တစ်တင်တည်းရှိတယ်ဟေ့'

ဆောင့်ဆောင့်အောင့်အောင့်နဲ့ မမတင်ဆိုတဲ့ အဒေါ်ကြီးထွက်သွားပါတယ်။ ဦးကျော်ဆွေကတော့ ဘာမှမဖြစ်သလို [illegible] မျက်နှာသစ်ပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နိုင်မြ… စိတ်ညစ်သွားပြီလား၊ ငါတို့လို အထွေထွေပွဲစား တစ်ယောက်အနေနဲ့ ဒါမျိုးတွေကရိုးနေပြီ၊ သူ အတိုးလောဘဇောတက် လုပ်လို့ ဘာပစ္စည်းမှအပေါင်မထားဘဲ ချေးတာ ခံပေါ့ကွာ၊ ပွဲစားဆို တာ ပွဲခရဖို့ပဲ အရေးကြီးတယ်၊ ဟဲ… ဟဲ…'

ဦးကျော်ဆွေက ရယ်ရင်းမောရင်းမှ အိမ်ထဲဝင်သွားပါတယ်။ နိုင်မြကတော့ ဖြစ်ချင်ရာဖြစ် ဒီနေ့တော့ ကိုယ့်ရည်ရွယ်ချက်အတွက် ဖိုးချွန်နဲ့အတူ မြို့ထဲကို စနည်းနာထွက်ရမှာပဲလို့။

၀ ၀ ၀

ရှေ့ဆက် ဘာတွေ ဘယ်လိုတွေ့ကြုံလေဦးမလဲ မစဉ်းစား တာပဲ ကောင်းတယ်ဟု နိုင်မြ ဆုံးဖြတ်လိုက်ပါတယ်။

၀ ၀ ၀

'မလွယ်ဘူးကွ၊ ညီလေးက ဘယ်လိုပဲ အဆိုကောင်းကောင်း အခုလို ခိုးကူးခွေတွေကလည်း လှိုင်ပေါလယ်အောင် ထွက်နေတဲ့အချိန် မှာ ဘယ်သူက ကိုယ့်ကို စင်တင်ပွဲထုတ်ပေးရဲမှာလဲ၊ အကောင်းဆုံး ကတော့ မြန်မာ့ရုပ်မြင်သံကြားမှာ ပြိုင်နေတဲ့ ဆိုကြမယ် ပျော်ကြမယ် ကို ဝင်ပြိုင် ချင်ပြိုင်၊ ဒါမှမဟုတ် မြဝတီရုပ်မြင်သံကြားမှာ Melody World ကဏ္ဍမှာ ဝင်ပြိုင်ချင်ပြိုင်၊ အဲဒီပြိုင်ပွဲတွေမှာ ကိုယ်က ဆုရ ရင်တော့ စိတ်ဝင်စားတဲ့သူ ရှိချင်ရှိမယ်၊ ဒါပေမဲ့ မကျိန်းသေဘူး'

နိုင်မြတစ်ယောက် ကြားရတဲ့စကားတွေကြောင့် တော်တော် စိတ်ညစ်သွားပါတယ်။ ရန်ကုန်မြို့နဲ့ တေးသံသွင်းဆိုင်တွေရှိရာ လမ်း



က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်း တေးသံသွင်းဆိုင်တစ်ဆိုင် မှ လူတစ်ယောက်နဲ့ စကားပြောမိရာမှ ထိုလူရဲ့ ရှင်းပြချက်တွေကို ကြားခဲ့ရတာပါ။ ရန်ကုန်ကို အညာကနေလာတဲ့ရည်ရွယ်ချက် မအောင် မြင်လို့ကတော့ အများရဲ့ လက်ညှိုးထိုးစရာ၊ ကဲ့ရဲ့စရာဖြစ်မှာက အမှန် ပါပဲ။

'ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ထုတ်မယ်ဆိုရင်တော့ အစ်ကိုရာ ဘယ် လောက်ကုန်မလဲ၊ ဒီ ကျွန်တော့်သူငယ်ချင်း နိုင်မြက အဆိုတော် ဖြစ်ကိုဖြစ်မှာ၊ ကျွန်တော် ယုံတယ်'

ဖိုးချွန်က ဝင်ပြောတော့ တေးသံသွင်းဆိုင်ကလူက ဖိုးချွန်ကို ကြည့်ပြီး ရယ်ပါတယ်။

'ဒီက ငါ့ညီက ငွေဘယ်လောက်ချမ်းသာလို့လဲ၊ သိပ်ပြီး မလေ့လာဘဲ သွားမလုပ်နဲ့၊ အလိမ်ခံသွားရမယ်၊ ကဲ… ညီလေးတို့က ငွေထုတ်ပါပြီတဲ့၊ ဘယ်သီချင်းရေးဆရာနဲ့ အပ်မှာလဲ၊ ဘယ်တီးဝိုင်း နဲ့တီးပြီး ဘယ်စတူဒီယိုမှာ သွင်းမှာလဲ၊ ဘယ်တေးသံသွင်းက ဖြန့်မှာ လဲ၊ ပြီးတော့ ကိုယ့်အကြောင်း ကိုယ့်အခွေအကြောင်း ဘယ်စာနယ် ဇင်းသမားတွေနဲ့ တွေ့ဆုံပွဲတို့၊ အခွေ Promotion လုပ်ဖို့ ဘယ်လို စီစဉ်မှာလဲ၊ ဒီလောကမှာ ဘာအဆက်အသွယ်မှမရှိဘဲ ညီလေး ဖြစ် ချင်တာ တစ်ခုတည်း စွတ်လုပ်ရင် မှားကုန်လိမ့်မယ်၊ လေ့လာပါဦး ကွာ၊ ဆန္ဒကို ရှေ့တန်းမတင်ပါနဲ့'

တကယ့်ကို စေတနာအမှန်နှင့် တေးသံသွင်းဆိုင်က လူက နိုင်မြနှင့် ဖိုးချွန်ကို အသေးစိတ်ရှင်းပြပါတယ်။ ထိုလူပြောပုံအရက လည်း ဟုတ်ကို ဟုတ်နေပါတယ်။ နိုင်မြအဖို့ အဆိုတော်ဖြစ်ချင်သည့် ဆန္ဒသာရှိပြီး ရွာကထွက်လာတာ။ ကျန်သည့်ကိစ္စတို့ကတော့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



'အခုလို စေတနာနဲ့ ပြောပြတဲ့ အစ်ကိုကို ကျေးဇူးတင်ပါတယ်၊ ဒါထက် ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်'

'ကြိုးစား အေး… ညီလေးမှာ ကံပါလာရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ'

နိုင်မြ ဘာမှမပြောတဲ့ လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းမြင်နေရတဲ့ တေးသံသွင်းဆိုင်တွေရှေ့မှ စီးရီးကြော်ငြာလေးကိုသာ ကြည့်နေမိပါတယ်။ ကံတရားက ကိုယ့်ဘက်မှာရှိခဲ့လို့ တစ်နေ့ အဆိုတော်မဖြစ်လာဘူးလို့ ဘယ်သူပြောလို့ရမလဲလို့။ ထိုအခါ တေးသံသွင်းဆိုင်တွေရှေ့မှာ သူ့သီချင်းခွေကြော်ငြာတွေကို မကြော်ငြာလို့ကို မရဘူးလို့ စဉ်းစားရင်း ပြုံးမိပါသေးရဲ့။

○ ○ ○

နိုင်မြ နေ့စဉ် အဆိုတော်ဖြစ်ရေးကိစ္စအတွက် ရန်ကုန်မြို့ထဲသွားသမျှ စားသမျှ ကုန်ကျစရိတ်တွေ ဘယ်လိုပဲများများ အားမလျှော့တမ်း ကြိုးစားပေမယ့်လည်း တစ်လသာကျော်လာပေမယ့် ဘာမှအကောင်အထည်ပေါ် မလာပါ။

အောင်မြင်မှုဆိုတာ သူ့အလိုလို မရနိုင်ဘူးဆိုတာကိုတော့ နိုင်မြ သဘောပေါက်ပြီးသားမို့ နေပူတွေကို ဆက်လျှောက်ရင်း တစ်နေ့ မှာတော့ အရိပ်ကို ခိုကို ခိုရမယ်လို့။

ဒီကိစ္စကို ဖိုးချွန်အား ပြောပြတော့ ဖိုးချွန်က အရင်လို တက်တက်ကြွကြွမရှိတာကို တွေ့ရပါတယ်။

နိုင်မြ သတိရနေတာကတော့ စိုင်းထီးဆိုင်ရဲ့ 'သူ့အခန်း' ဆိုတဲ့ သီချင်းလေးပါပဲ။ တစ်နေ့တော့ နိုင်မြနေတဲ့ အခန်းလေးကို လူတွေ ရောက်ကို ရောက်လာရမယ်လို့။

□ □ □

ပစ္စုပ္ပန်ကို မစဉ်းစားရင်
အနာဂတ်တွေ
ပျက်စီးသွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

မိုးပျက်နေလို့ လမ်းထဲမှာ မီးစက်သံအချို့က တိုးတိုးညှင်းညှင်း ပျံ့လွင့်နေပါတယ်။ နိုင်မြဲက အိမ်ရှေ့ကကွပ်ပျစ်မှာထိုင်ရင်း လက်ထဲက ဂစ်တာကို တီးခတ်ဖို့ ဂစ်တာကြိုးညှိ၊ မညှိ ကြိုးညှိလို့ နေပါတယ်။

ကောင်းကင်ကို မော့ကြည့်တော့ လကွယ်ရက်မို့ လရောင်က မရှိ။ ကြယ်ကလေးတွေအချို့ပဲ ထွန်းလင်းလို့နေပါတယ်။ ဂစ်တာကြိုးက ညီသွားပြီဖြစ်လို့ နိုင်မြဲက သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်ကို တီးခတ်လိုက်ပါတယ်။

*'အလင်းရောင် ××× သန်းခေါင်ယံညနက်ထဲ ××× အလင်းရောင် ××× ရင်ခုန်သံတွေ နိုးစေပါရစေ ××× အချစ်ရေ ××× အလင်းရောင် ×××'*

သီချင်းဆိုပြီးသွားလို့ နိုင်မြဲက နောက်ထပ်သီချင်းတစ်ပုဒ် တီးခတ်ဖို့ ဂစ်တာလက်ကွက်တွေကို စမ်းသပ်နေပါတယ်။

'အင်း… မင်းရဲ့အဆိုက တော်တော်ကောင်းတာပဲကွ၊ အိမ်ထဲကနေ ငါနားထောင်နေတာ၊ အခုလို မီးပျက်တဲ့အချိန်နဲ့တော့ တွဲဘက်တာပဲ၊ ဒီလောက်အဆိုကောင်း အတီးကောင်းတာ မင်းခုမှာ အဆိုတော် မဖြစ်သေးတာ ကံနည်းနည်းနိမ့်နေလို့ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဆွေက ခိုင်မြဲ ရှိနေတဲ့ ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်ရင်းက ပြောလိုက်ပါတယ်။ ခိုင်မြဲက ဂစ်တာကို ဘေးမှာချလိုက်ပါတယ်။

'ကံထက် အဆက်အသွယ်ပေါ့ ဦးလေးရာ၊ ကျွန်တော်က ဖြစ်ချင်တဲ့စိတ်နဲ့သာ ရန်ကုန်တက်လာတာ၊ အဆက်အသွယ်က ဒီလောကမှာမှ မရှိတာ၊ တော်တော်ရုန်းကန်ရဦးမှာ၊ ဘာမှမဖြစ်ဘဲနဲ့လည်း ရွာကို မပြန်ချင်ဘူး'

'မှန်တာပေါ့ကွာ၊ ငါလည်း ရွာကထွက်လာတာ သူဌေးဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲကွ၊ အခုတော့ ရရစားစား ပွဲစားဖြစ်နေတာ'

ဦးကျော်ဆွေနှင့် ခိုင်မြဲတို့နှစ်ယောက်သား ဘာစကားမှမဆိုဘဲ ကောင်းကင်ပေါ်မှာ ထွန်းလင်းနေတဲ့ ကြယ်ကလေးတွေကို ကြည့်နေမိလို့ နေပါတယ်။

'ခိုင်မြဲရာ ပြောရမှာကတော့ အားနာတယ်ကွာ၊ ငါ့အလုပ်က သိပ်မကောင်းတော့ လက်ထဲမှာ ငွေကပြတ်နေပြီ၊ ဟိုကချေးရ ဒီကချေးရနဲ့၊ ပွဲစားငါလည်း မျက်နှာပူနေပြီ၊ ဒီတော့ မင်းနဲ့ ဖိုးချွန်တို့နှစ်ယောက် ဒီကြားထဲ အလုပ်တစ်ခုခုရှာကြည့်ပါလား၊ အလုပ်လုပ်ရင်း မင်းရဲ့ရည်ရွယ်ချက်ထားတဲ့ အဆိုတော်အလုပ်ကိုလည်း ဖြစ်အောင် ကြိုးစားကြည့်ပေါ့'

ခိုင်မြဲက ဘာတုံ့ပြန်မှုမှ မပြောသေးဘဲ ဂစ်တာကြိုးတွေကို ရည်ရွယ်ချက်မဲ့ လျှောက်တီးလိုက်ရင်းက ရပ်ပစ်လိုက်ပါတယ်။

'ဖိုးချွန်နဲ့ ကျွန်တော် တိုင်ပင်ပြီး အလုပ်တစ်ခုခုတော့ ရှာရမှာပေါ့ ဦးလေးရာ'

'ကောင်းတာပေါ့ကွာ'



ဦးကျော်ဆွေက ထိုင်ရာကနေ ထပြီး အိမ်ထဲဝင်သွားပါတယ်။ ခိုင်မြဲကတော့ လက်ထဲမှာကိုင်ထားတဲ့ ဂစ်တာကို ပြန်တီးရင်း သီချင်းတွေဆိုတာ စောစောက ဦးကျော်ဆွေပြောတဲ့ ကိစ္စတွေကိုတောင် မေ့သွားသလား ထင်ရပါတော့တယ်။

○ ○ ○

'အလုပ်က ကုမ္ပဏီတွေ ဘာတွေမှာ သွားလျှောက်ရင် ငါနဲ့မင်းနဲ့ အဆင်ပြေမှာမဟုတ်ဘူး ခိုင်မြဲရ'

ဖိုးချွန်က သတင်းစာထဲမှ ကြော်ငြာတွေကို ဖတ်နေတဲ့ ခိုင်မြဲကို လှမ်းပြောပါတယ်။ ခိုင်မြဲက ဘာမှပြန်မပြောသေးဘဲ သတင်းစာထဲက ကြော်ငြာတွေကိုသာ ဖတ်နေပါတယ်။

'အဆင်မပြေလည်း ဘယ်တတ်နိုင်မလဲကွာ၊ နေရေးထိုင်ရေး အဆင်ပြေအောင်တော့ ကြံရမှာပဲ၊ နောက်မှ နောက်ရှင်းပေါ့ကွာ'

ဖိုးချွန်က တစ်စုံတစ်ခုကို စဉ်းစားရင်းကနေ အကြံတစ်ခု ရသွားပါတယ်။

'ဟာ··· ဟုတ်ပြီ ခိုင်မြဲ၊ အခုမှ ငါစဉ်းစားမိတယ်၊ မင်းက အဆိုလည်း ကောင်း၊ အတီးလည်း ကောင်းဆိုတော့ ရန်ကုန်မြို့မှာရှိတဲ့ စားသောက်ဆိုင်တွေမှာ အလုပ်လျှောက်ကြည့်ကွာ၊ ရရင် အဆင်ပြေပြီး မင်း အဆိုတော်ဖြစ်ဖို့ လွယ်သွားပြီ၊ ဆိုင်မှာ လာစားသူတွေထဲမှာ တေးသီချင်းထုတ်လုပ်သူတွေ ဘာတွေ ပါလာရင် မင်း အဆင်ပြေပြီ'

ဖိုးချွန်စကားကြောင့် သတင်းစာဖတ်နေတဲ့ ခိုင်မြဲ သတင်းစာကို ဘေးနားချလိုက်ရင်း ဝမ်းသာအားရအမူအရာနှင့် ဖိုးချွန်ဝဲ့ဆီ လှမ်းကိုင်ရင်း···

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဟေ့… ဘာဖြစ်လို့ ဒီအချက်ကို ငါတို့ မေ့နေရတာလဲ မသိဘူး၊ နက်ဖြန်ကစပြီး မင်းပြောသလို အလုပ်စရှာမယ် ဖိုးချွန်၊ အလုပ်ရလို့ကတော့ နှစ်ကျပ်ကွက်ပေါ့ကွာ၊ အလုပ်လည်းရ အဆိုတော်လည်းဖြစ်'

'ငါလည်း မင်းနဲ့မို့ပြီး အလုပ်ရအောင် လုပ်ရမှာပဲ၊ ဘုရားသိကြားမလို့ အလုပ်ရပါစေကွာ'

အဲဒီနောက်တော့ သူငယ်ချင်းနှစ်ယောက်သား အလုပ်အကြောင်းတွေ ပြောဆိုနေကြတာ စိတ်ညစ်စရာတွေတောင် ဘယ်ပျောက်တုန်းပြီလဲ မသိတော့။

○ ○ ○

●

နိုင်မြဲတစ်ယောက် ယောက်ျားဖြစ်ရတာ လူဖြစ်ရှုံးပြီလားလို့ နေပူပူမှာ ပေါက်ကွဲနေပါတော့တယ်။ ဖိုးချွန်နဲ့ နှစ်ယောက်သား ရန်ကုန် မြို့မှာရှိတဲ့ စားသောက်ဆိုင်တွေ တော်တော်များများကို အလုပ်ရမလား လိုက်လျှောက်ပါရဲ့။ ဆိုင်တွေတော်တော်များများက အမျိုးသမီးတွေပဲ အလိုရှိနေပါတယ်။ အမျိုးသားတွေဆို အားလုံးက လက်ခါပြကြပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် စားပွဲထိုးအဖြစ် ပန်းကန် ဆေးအဖြစ်တောင် အလုပ်ခန့်မယ့်သူ မရှိပါဘူး။

နေပူတဲ့အပြင် ရင်ကလည်း ပူလောင်သထက် ပူလောင်လာပါတယ်။ အစပထမ တိုင်ပင်ထားသလို တစ်ခုမှဖြစ်မလာတော့ စိတ် မာတ်တွေတောင် တော်တော်ကျချင်သလို ဖြစ်လာပါတယ်။

မထူးပါဘူးဆိုပြီး အအေးဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်ပါတယ်။



ပြီးတော့ အအေးနှစ်ပုလင်း မှာလိုက်ပါတယ်။ ဖိုးချွန်နဲ့အတူ ဘာစကားမှမဆိုဘဲ အအေးပုလင်းကို ပြိုင်တူတစ်ဝက်ခန့် သောက်ချလိုက်ပါတယ်။

'တို့လို အမျိုးသားတွေကို အလုပ်မပေးရင် ငါတို့က ဘာလုပ်ရမှာလဲ နိုင်မြဲရ'

'လွယ်ပါတယ်ကွာ၊ ဆိုက်ကားနင်း၊ ကုန်ထမ်း ဒါပဲရှိတယ်၊ ဒါမှမဟုတ် ထမင်းဟင်းချက်လုပ်'

နှစ်ယောက်သား အအေးသောက်ရင်း ပြောချင်ရာ ပြောနေကြပါတယ်။

'ဒီအဖြစ်အပျက်ကို ရွာက အဖေနဲ့ အမေသာ မြင်ရင် ရင်ကျိုးပြီဟေ့၊ အခုထက်ထိ ဖြစ်ချင်တဲ့အဆိုတော် မပြောနဲ့၊ ကျောချစရာတော့ ရှိပါရဲ့၊ လုပ်စရာအလုပ်က အလကားလုပ်ပေးပါ့မယ်ဆိုတာတောင် ခန့်မယ့်သူမရှိဆိုတော့…'

နိုင်မြဲက သက်ပြင်းတွေချပါတယ်။ ဖိုးချွန်လည်း ဘာမှမပြောဘဲ အအေးဆိုင်ထဲကနေ လမ်းအပြင်ဘက်ကို ကြည့်နေပါတယ်။ လမ်းမပေါ်မှာတော့ ကားအသွားအလာက ရှင်းနေလို့။

'ဒါ ပထမနေ့ပဲ ရှိသေးတာ၊ နောက်နေ့တွေ ရှာကြသေးတာပေါ့၊ ဦးလေးဦးကျော်ခွေနဲ့လည်း တိုင်ပင်ကြတာပေါ့ကွာ'

အဲဒီနောက်တော့ နှစ်ယောက်သား အအေးကို ကုန်အောင်သောက်ပြီး ပင်ပန်းလာသမျှကို အတိုးချ အနားယူနေပါတော့တယ်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ရှေ့လျှောက် ဘုရားဆုပန်တဲ့ ငါတို့ယောက်ျားတွေ အလုပ်ရဖို့တောင် လွယ်ပါ့မလား မသိဘူးကွာ'

နေ့လယ်က အလုပ်ရှာစဉ် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ခိုင်မြဲနဲ့ ဖိုးချွန်က ဦးကျော်ဆွေကို ပြောပြတော့ ဦးကျော်ဆွေက ထိုသို့ မှတ်ချက်ချပါတယ်။

'အဲဒါတွေ အသာထားပါ ဦးလေးရာ၊ အဓိက အရေးကြီးတာက ကျွန်တော်နဲ့ ဖိုးချွန်တို့ ရပ်တည်ရေးပဲ၊ လတ်တလောကိစ္စ ဖြေရှင်းနိုင်မှဖြစ်မယ်'

'ခက်တယ် ခိုင်မြဲရာ၊ မင်းတို့က ရန်ကုန်ရောက်တာ မကြာသေးဘူးဆိုတော့ ငါ့လို ပွဲစားလုပ်နိုင်းဖို့ကလည်း မင်းတို့ ဘာမှသိသေးတာမဟုတ်တော့ ငါက မင်းတို့ကို ဘယ်လိုခွင် ဘယ်လိုရိုက်ရမလဲ သင်ပေးသေးလို့က မရ၊ လေ့လာသင်ယူဖို့အချိန်က အများကြီးယူရမှာ'

ဦးကျော်ဆွေက သက်ပြင်းမှုတ်ထုတ်ရင်းကနေ လမ်းမထက်ကို ကြည့်လိုက်ပါတယ်။ လမ်းမပေါ်မှာတော့ စက်ရုံက ပြန်လာတဲ့ စက်ချုပ်အမျိုးသမီးအချို့က စတီးချိုင့်လေးတွေ လက်ကကိုင်လို့ နွမ်းလျ တဲ့ခြေလှမ်းတွေနဲ့ လှမ်းနေကြပါတယ်။

'တော်ပါ ဦးကျော်ဆွေရယ်၊ တော်ကြာ ဟိုတစ်ခါကလို မမတင်ဆိုတဲ့ မိန်းမကြီးမျိုး အိမ်ရှေ့ကနေ လာတုပ်နေမှဖြင့် ပြီးရော'

ခိုင်မြဲစကားကြောင့် ဦးကျော်ဆွေက ခိုင်မြဲမျက်နှာကို လှမ်းကြည့်ရင်း ဘာကိုအကြံရသွားသလဲ မသိ။

'ဟာ… ဟုတ်ပြီ ခိုင်မြဲ၊ မင်း လုပ်ရဲရင် လတ်တလောကိစ္စ အဆင်ပြေပြီး ပွဲသိမ်းပဲ'

ဦးကျော်ဆွေရဲ့စကားက ဘာကိုဆိုလိုမှန်းမသိလို့ ခိုင်မြဲရော ဖိုးချွန်ပါ နားမလည်သလို ဖြစ်သွားပါတယ်။



'ဦးလေး… ဦးလေးက ဘယ်လိုအဆင်ပြေတာလဲ'

ဦးကျော်ဆွေက ခိုင်မြဲရဲ့ အမေးစကားကို နားထောင်ရာကနေ ပြုံးလိုက်ပြီး ခိုင်မြဲမျက်နှာကို ကြည့်ကာ…

'ခိုင်မြဲ… မင်းရုပ်ရည်က မိန်းမဆန်တယ်၊ ပြီးတော့ မင်းက မိန်းမအသံနဲ့လည်း သီချင်းကောင်းကောင်းဆိုတတ်တယ်၊ ဒီတော့ မိန်းကလေးလို ဝတ်စားဆင်ယင်ပြီး အဲဒီစားသောက်ဆိုင်တွေမှာ သွားလျှောက်ရင် ဘယ်သူမှသိမှာမဟုတ်ဘူး၊ အဆင်ပြေနိုင်တယ်ကွ'

ဦးကျော်ဆွေရဲ့ အကြံပြုစကားကြောင့် ခိုင်မြဲ ကြက်သီးထသွားပါတယ်။

'ဟာ… မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်မှာ အဆိုတော်မဖြစ်ဘဲ ဘုန်းကညာတစ်ပါး လုံးရာကပြောင်းရမယ့်ကိန်း ဆိုက်နေပြီ၊ ကြားရတာနဲ့တင် ကျောထဲက စိမ့်နေပြီ'

'မဟုတ်သေးဘူး ခိုင်မြဲ၊ ဦးလေးဦးကျော်ဆွေ ပြောတာအသေ အချာစဉ်းစားနော်၊ ငါတို့ရဲ့ လတ်တလောကိစ္စက အရေးကြီးတယ်၊ မင်းရဲ့အပေါ်မှာ မူတည်တယ်နော်'

အရေးထဲ ဖိုးချွန်ကပါ ဦးကျော်ဆွေဘက်ကနေ အစွမ်းကုန်ထောက်ခံနေပါတော့တယ်။

'ဒီအဖြစ်ပျက်ကို ရွာကမိဘတွေ မသိသေးလို့၊ သိရင် ဘယ်လောက်တောင် ရင်ကျိုးရှာမလဲလို့'

'ခိုင်မြဲ… မင်းမိဘတွေ ရင်ကျိုးတာ နောက်၊ ငါတို့က အခုဆို ငွေရေးကြေးရေးက တော်တော်ကျိုးနေပြီ'

ဖိုးချွန်က စိတ်ပျက်လက်ပျက်လေသံနဲ့ ညည်းလိုက်ပါတယ်။

'ထားပါဦးကွာ၊ မိန်းမလို ငါက ဟန်ဆောင်ရပြီဆိုဦး၊ ဘယ်သို့

www.burmeseclassic.com



အမှုအရာ လုပ်ရမှာလဲ၊ တော်ကြာ မိန်းမလျှာမှန်းသိလို့ ပြဿနာတက်မှာ၊ ပြီးတော့ အဝတ်အစားကိစ္စက ရှိသေးတယ်'

'နိုင်မြဲ… အဲဒီကိစ္စအတွက် မပူနဲ့၊ ငါ့မှာ မာမီလွမ်းဆိုတဲ့ အလှဖန်တီးရှင် ရှိတယ်၊ သူက ရုပ်ရှင်ဗီဒီယိုတွေထဲမှာ သရုပ်ဆောင်တဲ့ **နေ့စားအမျိုးသမီးတွေအတွက်** အဝတ်အစားလည်း ငှားတယ်၊ ငါက **သူနဲ့အပ်ပေးမယ်**၊ သူ့ဆီမှာ တစ်ပတ်လောက် ကျူရှင်တက်ပြီးမှ **စောစောကကိစ္စကို** စီစဉ်တော့'

'ဦးကျော်ဆွေရာ… ကျွန်တော့်ဘဝမှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ဒုက္ခပါပဲဗျာ'

'နိုင်မြဲ… ဘာဒုက္ခမှဖြစ်မနေနဲ့၊ မင်းရဲ့ ရည်ရွယ်ချက်အတွက် သုခတွေ တစ်ချိန် ဖြစ်ကိုဖြစ်လာမှာ'

ဖိုးချွန်က အနာဂတ်ကို သိလေသည့်အလား ကတိတွေစွတ်ပေးနေပါတယ်။ နိုင်မြဲကတော့ ခေါင်းကို တွင်တွင်ကုတ်ရင်းက…

'အင်း… ငါ့ဘဝ၊ ငါ့အဖြစ်ကတော့ ရှင်းလို့မရဘဲ ရှုပ်ကုန်တော့မယ် ထင်ပါရဲ့'

'အေး… အဲဒီ ရှုပ်တာကနေ ရှင်းတာတွေဖြစ်လာလိမ့်မယ်ဆိုတာ ငါ ယုံတယ်'

ဖိုးချွန့်စကားကို နိုင်မြဲက ဘာမှပြန်မပြောတော့ဘဲ ရှေ့ဆက်ကြုံရမယ့် အနာဂတ်အတွက် ပစ္စုပ္ပန်မှာဖြစ်နေတဲ့ကိစ္စတွေကို လက်တွေ့ ကျကျ ဖြေရှင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

□ □ □

အောင်မြင်ကျော်ကြားမှုဟာ
အချိန်မြန်ဆုံးပါလို့
တွက်ချက်နေကြတာ
မအောင်မြင်သေးတဲ့လူတွေပေါ့။
အယ်မလီဒစ်ကာဆန်

www.burmeseclassic.com

www.burmeseclassic.com

# (၅)

ကိုယ်ဝတ်ထားစားထားတဲ့ပုံစံကိုကြည့်ပြီး နိုင်မြဲ ရယ်ချင်နေပါတယ်။ ဖုန်းကညာတစ်ပါး လုံးရာကပြားဆိုသလို မိန်းမလို ဝတ်စားထားရတာ တကယ့်ကို အမျိုးသမီးပုံစံ ပေါက်နေလို့ပါ။

'ကဲ… ကိုကျော်ခွေ၊ ကြည့်… ဟောဒီ သား နိုင်မြဲက အရင်ပုံစံနဲ့ တူသေးလား၊ မာမီလွှမ်း ဘဝပြောင်းပေးလိုက်တာ မြင်ပြီမို့လား'

အလှဖန်တီးရှင် မာမီလွှမ်းက နိုင်မြဲ ဝတ်ထားတဲ့ အင်္ကျီကို လက်နှင့်ဆန့်လိုက်ရင်းမှ ကျေနပ်တဲ့ပုံစံမျိုးနဲ့ ပြောပါတယ်။

'ဒါပေါ့ မာမီလွှမ်းရယ်၊ ဒီက နိုင်မြဲကို မာမီလွှမ်းဆီ ဒါကြောင့် လာအပ်တာပေါ့'

'ဟဲ့… သား၊ စားသောက်ဆိုင်မှာ ကိုယ်က အမျိုးသမီးလို သရုပ်ဆောင်ရမှာဆိုတော့ မိန်းမတို့ တတ်အပ်တဲ့ ပညာရပ်တွေရှိတယ်၊ အဲဒါ ငါ့သား သိလား'

'ဘယ်သိမလဲ မာမီလွှမ်းရဲ့'

'ဒါဆို သားကို မာမီ ပြောရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မာမီလွမ်းက မှန်ရှေ့မှာ လက်ထဲ ဒိုင်ယာကိုကိုင်လိုက်ရင်းက…

'ကိုယ်က မိုက်ကရိုဖုန်းကိုင်ပြီးရင် သီချင်းချည်းမဆိုရဘူး၊ ဘယ်စားပွဲဝိုင်းမှာ ငွေကျမယ့်သူရှိသလဲ၊ မုဆိုးက သားကောင်ကို ကြည့်သလိုမျိုး ဝိုင်းတွေအားလုံးကို အကဲခတ်ရမယ်၊ သူတို့ဆီက ဝန်းတုံးတွေ ကိုယ့်ဆီရောက်အောင် ဆွဲဆောင်နိုင်ရမယ်'

'မာမီလွမ်း… နိုင်မြဲကို တစ်နေ့တည်းမသင်ပေးနဲ့လေ၊ သူ ဘယ်မှတ်နိုင်မလဲ'

ဖိုးချွန်က လှမ်းသတိပေးတော့…

'ဟဲ့… ဖိုးချွန်၊ ငါသိတယ်၊ နင် မရှုပ်နဲ့၊ တစ်ပတ်လောက်တော့ လေ့ကျင့်ရမှာပေါ့'

နိုင်မြဲကတော့ မာမီလွမ်းပြောသမျှကို နားထောင်ရင်းက စိတ်ညစ်နေပါတယ်။

'နိုင်မြဲ… ကိုယ်က မိန်းကလေးလို သရုပ်ဆောင်ရမှာဆိုတော့ နာမည်ပြောင်းရမယ်၊ သားရဲ့ ရုပ်ရည်က ရှင်းရှင်းသန့်သန့်လေးဆိုတော့ ရှင်းသန့်လို့ မိန်းကလေးနာမည်ပေးရမယ်'

'ကောင်းတယ်၊ ကောင်းတယ်'

မာမီလွမ်းစကားကို ဖိုးချွန် ထောက်ခံပါတယ်။

'ဟဲ့… ဖိုးချွန်၊ နိုင်မြဲကို စားသောက်ဆိုင် မလွှတ်နဲ့၊ တော်ကြာ သူက အယောင်ယောင်အမှားမှားဖြစ်ရင် ပြဿနာဖြစ်ကုန်မယ်၊ ဒီတော့ နင်ကပါ နိုင်မြဲကို လိုက်စောင့်ရှောက်တဲ့သူမျိုး၊ ပြောရရင် ငါတို့လို မာမီလုပ်ရမယ်၊ နင်က မာမီချွန်ပေါ့'



မာမီလွမ်းစကားကြောင့် ဖိုးချွန်တစ်ယောက် အံ့အားသင့်သွားရင်းက…

'ဗျာ… မာမီလုပ်ရမယ်၊ ဟုတ်လား'

'လုပ်ရမှာပေါ့ ဖိုးချွန်ရ၊ ငါ့တစ်ယောက်တည်း မိန်းကလေးဆို ဘယ်တရားပါ့မလဲ'

'ဟုတ်တယ် မာမီလွမ်း၊ သူ့ကိုပါ မာမီတို့တတ်အပ်တဲ့ ပညာတွေ သင်ပေးဦး'

'သင်ပေးရမှာပေါ့ သားရဲ့၊ မာမီက သင်ပေးဦးမှာ'

ဖိုးချွန်ကတော့ မာမီလွမ်းစကားကို နားထောင်ရင်းမှ စိတ်ချလက်ချပုံစံမျိုးနဲ့ ဖြစ်နေတာကို ဦးကျော်ဆွေက ကြည့်ပြီး ရယ်လို့မဆုံး။

◎ ◎ ◎

နိုင်မြဲခမျာ ခုနစ်ရက်တာကာလပတ်လုံး မာမီလွမ်းဆီမှာ မိန်းမတို့တတ်အပ်သော ပညာတွေကို အသေးစိတ်သင်ကြားရပါတယ်။ နိုင်မြဲသာမက ဖိုးချွန်လည်း မာမီလွမ်းဆီမှာ ပညာတွေသင်ရပါတယ်။

ဒီလိုမြင်ကွင်းကို ရွာကမိဘတွေ မြင်လို့ကတော့ ရင်အပိုင်းအပိုင်းကျိုးမှာ မလွဲ။

ရှင်းပြရင်လည်း ယုံမှာမဟုတ်။ ရှင်းရင်းရှင်းရင်းနဲ့ ရှုပ်မှာထပြောဖို့လိုမည်မထင်ပါ။

◎ ◎ ◎

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က လာရောက်ပြီး လေ့လာထားပြီးပြီမို့ 'ပန်းတော်ဝင်' စားသောက်ဆိုင်ရှေ့က 'အမျိုးသမီးအဆိုတော် အလိုရှိသည်' ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်ကို နိုင်မြကဆိုင်ထဲဝင်ခါနီး ဖတ်လိုက်ပြန်ပါတယ်။ ဆိုင်ထဲကိုဝင်ခါနီး ရင်တွေ ဘာတွေတုန်လာလို့ မနည်း စိတ်ကို ထိန်းထားလိုက်ရပါသေးတယ်။

'အစ်မ… ဘာကိစ္စလဲ'

ဆိုင်ထဲကိုဝင်ဝင်ချင်းမှာ ဝန်ထမ်းကောင်လေးတစ်ယောက်က နိုင်မြကို အမျိုးသမီးထင်ပြီး မေးလိုက်ပါတယ်။ နိုင်မြအဖို့ မာမီလွှမ်း ဖန်တီးပေးချက်က ပီပြင်လှချည်လားလို့ စိတ်ထဲကနေ ချီးကျူးနေမိပါသေးတယ်။

'တို့က ဒီမှာ အဆိုရှင်လိုတယ်ဆိုလို့ လာလျှောက်တာပါ၊ အဲဒါ ဘယ်သူနဲ့တွေ့ရမလဲ'

'သြော်… အဆိုရှင် လာလျှောက်တာကိုး၊ မသိပါဘူး၊ ကျွန်တော်က ရုပ်ရှင်မင်းသမီး လာရွေးတာလားလို့'

ပြဿနာတော့ တက်ပြီလို့။ မာမီလွှမ်း ပြင်ခိုင်း ဝတ်ခိုင်းတာက နိုင်မြအဖို့ မင်းသမီးတစ်ဦး လှနေသလိုမျိုးဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်မသိဘဲ သူများက ချီးကျူးလို့ ဂုဏ်ယူရမလိုတောင် ဖြစ်သွားပါတယ်။

'လာ… အစ်မ၊ မန်နေဂျာနဲ့ ကျွန်တော် ပေးတွေ့မယ်'

ဆိုင်ဝန်ထမ်းကောင်လေးက နိုင်မြကို ဆိုင်ထဲသို့ ခေါ်လာပါတယ်။ ပြီးတော့ ရုံးခန်းလိုလုပ်ထားတဲ့ အခန်းထဲကို ဝင်ဖို့ လက်ပြပါတယ်။

'မန်နေဂျာကြီး… ဒီကအစ်မက အဆိုတော်လျှောက်ချင်လို့တဲ့'



ရုံးခန်းလို အခန်းထဲက ဆက်တီခုံပေါ်မှာ ဝတ္ထုစာအုပ်တစ်အုပ်ဖတ်နေတဲ့ အသက်လေးဆယ်ငါးနှစ်ကျော်လောက်ရှိမယ့် ယောကျ်ားသားတစ်ဦးက စာအုပ်ကို ဘေးနားချလိုက်ရင်းက နိုင်မြကို ကြည့်လိုက်ပါတယ်။

'သြော်… ညီမ၊ လာ… ထိုင်… ထိုင်…'

ပြောပြောဆိုဆိုနဲ့ နိုင်မြကို လက်အတင်းဆွဲပြီး ထိုင်ခိုင်းရင်းက လက်ကိုမလွှတ်ဘဲ ဆုပ်ထားပါတယ်။ အခြေအနေကိုကြည့်ခြင်းအားဖြင့် လက်စခြေစရှိသူတစ်ယောက် ဖြစ်ရမယ်လို့ နိုင်မြက ယူဆလိုက်ပါတယ်။

'ညီမနာမည်က ဘယ်သူလဲ၊ ပညာအရည်အချင်းကရော၊ ဘယ်မှာနေသလဲ'

နိုင်မြကို မိန်းကလေးအမှတ်နဲ့ မေးခွန်းတွေ မေးနေတာ လက်ကိုင်ထားတာကို အဲဒီမန်နေဂျာဆိုတဲ့လူက မလွှတ်သေးပါ။ နိုင်မြက မသိမသာ လက်ကိုရုန်းဖယ်လိုက်ပြီး…

'ညီ… ညီမ… နာ… နာမည်က ရှင်းသန့်ပါ၊ အဝေးသင်နဲ့ ဘွဲ့ရပြီးပါပြီ၊ နေတာက ဦးလေးနဲ့ နေတာပါ၊ မိဘတွေက နယ်မှာပါ'

'သြော်… ဟုတ်လား၊ အစ်ကိုကြီးနာမည်ကို မှတ်ထား၊ တင်မောင်လွင်တဲ့၊ ဒီဆိုင်ပိုင်ရှင်က အစ်ကိုကြီးရဲ့ အစ်ကိုလေ၊ အစ်ကိုကြီးက လူပျိုကြီး၊ ဒီနေ့ထိ အချစ်ဆိုတဲ့အရာကို ရှာဖွေနေတဲ့သူပေါ့လေ၊ ညီမရဲ့ရုပ်ရည်က နာမည်နဲ့လိုက်အောင် ရှင်းသန့်ပါပေတယ်၊ အစ်ကိုကြီးလေ လုံးဝထင်မထားဘူး၊ ညီမလို ရုပ်ရည်မျိုးနဲ့က အစ်ကိုကြီးလေ ရုပ်ရှင်မင်းသမီး တင်ရိုက်ချင်တာ'

နိုင်မြတစ်ယောက် တော်တော်စိတ်ညစ်သွားပါတယ်။ တင်

www.burmeseclassic.com

www.burmeseclassic.com



မောင်လွင်ဆိုတဲ့လူက မဆီမဆိုင် ကိုယ်ရေးကိုယ်တာ ကြွားဝါရင်းက မက်လုံးတွေပေးနေတာကို စိတ်ထဲကနေ ပြုံးမိပါသေးတယ်။

'အစ်ကိုကြီးရယ်… ခဏလေး၊ ရှင်းသန့် သီချင်တာက ရှင်းသန့် ဒီဆိုင်မှာ အလုပ်လျှောက်တဲ့ကိစ္စ သိချင်လို့ပါ'

'သိစရာမလိုပါဘူး ညီမရယ်၊ အစ်ကိုကြီးလေ ရွေးလိုက်ပြီ၊ ညီမတို့ ခန့်လိုက်ပြီ'

နိုင်မြဲအဖို့ မိန်းကလေးကို ဝတ်ထားစားထားတာ အတော် နေရာကျနေပါလားလို့။ သူ့ကို မိန်းမထင်ပြီး ချက်ချင်းပဲ အလုပ်ခန့်လို့ အံ့အားတောင်သင့်နေပါသေးတယ်။

'အစ်ကိုကြီးရယ်… ရှင်းသန့်ရဲ့အဆိုကို ဘာမှမစစ်ဆေးရသေးဘဲနဲ့ အလုပ်ခန့်တာ ရှင်းသန့်ကို အထင်ကြီးလှချည်လား'

'အို… ညီမရုပ်ရည်ကို ကြည့်ပြီးကတည်းက အစ်ကိုကြီးက ယုံပြီးသား၊ ရန်ကုန်ရောက်တာရော ကြာပြီလား'

'မကြာသေးဘူး အစ်ကိုကြီးရဲ့'

'အို… ဒါဆို အစ်ကိုကြီးက မရောက်ဖူးသေးတဲ့နေရာတွေ လျှောက်ပို့ရမှာပေါ့၊ ကဲ… ဘယ်သွားချင်လဲ'

'အို… အစ်ကိုကြီးကလည်း လူတွေမြင်ရင် တစ်မျိုးထင်နေပါဦးမယ်'

'မဟုတ်တာဘဲ ကလေးရယ်၊ အဲ… ညီမရယ်'

နိုင်မြဲ ကောင်းကောင်းသိလိုက်ပါပြီ။ တင်မောင်လွင်ဆိုသော လူက ငမ်းကြောထသော လူတစ်ယောက်ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။

'လေးလေး… သူက ဘယ်သူလဲ'

ရုတ်တရက်ဆိုသလို ရုံးခန်းငယ်ထဲကို ဆံပင်ခပ်တိုတို၊ တီရှပ်



နှင့် ဟတ်ပင်ဝတ်ထားသော ယောကျ်ားစိတ်ပေါက်နေသည့် အမျိုးသမီးတစ်ဦးက နိုင်မြဲအနားမှာ ဝင်ထိုင်လိုက်ရင်းက မေးလိုက်ပါတယ်။ အသက်က နိုင်မြဲထက် နှစ်နှစ်လောက် ငယ်ပါလိမ့်မယ်။ ယောကျ်ား စိတ်သာမပေါက်ရင်ဖြင့် ရုပ်ရည်က မဆိုးဘူးလို့ နိုင်မြဲ တွေးနေမိပါ တယ်။

'သူက ရှင်းသန့်တဲ့၊ တို့ဆီမှာ သီချင်းဆိုဖို့ အလုပ်လာလျှောက်တာ'

'ဩော်… ရှင်းသန့်တဲ့လား'

'ဒီမှာ… တို့နာမည်က ရွှေအိတဲ့၊ မင်းကိုတော့ ငြိသွားပြီ၊ မင်း သီချင်းကောင်းကောင်းဆိုတတ်လား'

တော်တော်လက်သွက်သည့် ယောကျ်ားလျှာပဲလို့။ လက်က ဘာမြန်သလဲ မမေးနှင့်။ နိုင်မြဲရဲ့ပခုံးကို ကိုင်လိုက်ရင်းက မေးလိုက်ပါတယ်။

'ရှင်းသန့်လေ သီချင်းတော်တော်များများ ရပါတယ်'

'ဘာဖြစ်လို့ ဒီဆိုင်မှာ သီချင်းဆိုရတာလဲ၊ မင်းရုပ်ရည်က တာလသားတွေကြိုက်မယ့် ရုပ်ရည်မျိုးပဲ'

ရွှေအိဆိုတဲ့ ယောကျ်ားစိတ်ပေါက်နေသူက နိုင်မြဲရဲ့ ပါးပြင်ကို ကိုင်ရင်းက မေးပြန်ပါတယ်။ နိုင်မြဲခမျာ နဖူးပြင်က ချွေးတွေ ဘာတွေ ထွက်လာလို့ တစ်ရှူးနဲ့သုတ်လိုက်ရပါတယ်။

'ဩော်… မင်းက တို့မေးတာကို ရှက်နေတာကိုး၊ ကဲပါ… နဖူးကချွေးတွေ သုတ်လိုက်ပါဦး၊ ခိုက်တယ်ကွာ၊ ဒီဘက်ကိုလှည့်ဦး၊ ပေး… တစ်ရှူး'

ပြောပြောဆိုဆိုနဲ့ ရွှေအိဆိုတဲ့ ယောကျ်ားလျှာက နိုင်မြဲ

www.burmeseclassic.com

www.burmeseclassic.com



လတ်ထဲက တစ်ရှူးကိုယူပြီး သူ့လက်နဲ့ နိုင်မြဲရဲ့ နဖူးပြင်ကချွေးတွေကို သုတ်ပေးနေပါတယ်။ နိုင်ညမဲခမျာ သူ့အဖို့ နေရာမှားရောက်လာသေသလားလို့ ယူကျုံးမရဖြစ်နေမိပါတယ်။

'ဒီက လေးလေးနဲ့ တို့နဲ့က အမျိုးတော်တယ်၊ လေးလေးက တို့ဦးလေး၊ တို့ဒယ်ဒီရဲ့ညီ၊ တို့က ဒီဆိုင်ပိုင်ရှင်ရဲ့သမီး၊ မင်း ဒီဆိုင်မှာလုပ်တာ ဘာမှမပူနဲ့၊ တို့ကူညီမယ်၊ စားသောက်ဆိုင်မှာ သီချင်းဆိုတာ ဘာတွေဘယ်လိုလုပ်ရမယ်ဆိုတာ တို့သင်ပေးမယ်'

ဦးလေးနဲ့ တူမ လိုက်လည်းလိုက်တဲ့ ခွေမျိုးတွေပဲလို့။ ဘာတွေ ရှေ့လျှောက်ဘယ်လိုဆက်ဖြစ်လေမလဲဆိုတာ နိုင်မြဲ မစဉ်းစား တတ်တော့။

'ဒီဆိုင်မှာ သီချင်းဆိုမှာဆိုတော့ အခု ဒီရက်တွေတော့ သီချင်းတိုက်ရဦးမယ်၊ နောက်ရက်တွေဆို ဘယ်လာကြိုရမလဲ၊ ညနေခြောက်နာရီဆို သီချင်းဆိုတဲ့ ကောင်မလေးတွေကို ကားနဲ့ကြိုနေကျလေ'

တင်မောင်လွင်က နိုင်မြဲကို မေးပါတယ်။ နိုင်မြဲ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားပါတယ်။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ် တစ်ခုခုတော့ မုသာဝါဒသုံးပြီးပြောမှ ဖြစ်တော့မယ်လို့။

'ရှင်းသန့်ကို လာမကြိုပါနဲ့၊ ရှင်းသန့်ကို ကားနဲ့လာကြိုရင် စားသောက်ဆိုင်မှာ သီချင်းဆိုတယ်ထင်ပြီး ပတ်ဝန်းကျင်က အထင်သေးလိမ့်မယ်၊ ရှင်းသန့်မိဘတွေအတွက် အဆင်မပြေလို့သာ သီချင်းဆိုတာ၊ ရှင်းသန့်ရဲ့ ကိုယ်ကျင့်သိက္ခာတရား ပျက်မှာမျိုးတော့ ရှင်းသန့် အရောက်မခံပါရစေနဲ့၊ ဒီတော့ ရှင်းသန့်ဘာသာ ရှင်းသန့်ရဲ့အဖော်မာမီချွန်နဲ့ လာခဲ့မယ်၊ ပြန်လည်း ရှင်းသန့်ရဲ့အဖော်နဲ့ပဲ ပြန်မယ်၊ ဒီအတွက် ရှင်းသန့်ကို နားလည်ပေးပါ'



နိုင်မြဲ ပြောတဲ့စကားက တင်မောင်လွင်ရဲ့ **Heart** ကို ထိသွားသလား မသိပါ။

'ညီမ··· ဘာမှမပူနဲ့၊ အစ်ကိုကြီး အသွားအပြန် အကြိုအပို့ အစ်ကိုကြီးကားနဲ့ တာဝန်ယူမယ်'

'အို··· မလုပ်ပါနဲ့၊ အဲဒီလိုကြိုမှ ရှင်းသန့်ကို ပတ်ဝန်းကျင်က ပိုပြီးတစ်မျိုးထင်မှာ'

နိုင်မြဲက အတင်းကို ငြင်းပယ်ပါတယ်။ မငြင်းလို့က မဖြစ်။

'လေးလေး··· ဘာဖြစ်လို့ လိုတာထက်ပိုနေတာလဲ၊ ဒယ်ဒီ ခိုင်းထားတဲ့ကိစ္စတွေ သွားလုပ်ဦး'

ယောကျ်ားမ ရွှေအိကြ တင်မောင်လွင်ကို လေသံမာမာနဲ့ ပြောလိုက်ပါတယ်။

'ရှင်းသန့်··· အစ်ကိုကြီး သွားဦးမယ်နော်'

အရေးထဲ ရှင်းသန့်ပခုံးကို လက်နှင့်ပုတ်ပြီး တင်မောင်လွင်က အခန်းထဲကနေ ထွက်သွားပါတယ်။

'တို့ မင်းရဲ့စိတ်ဓာတ်ကိုတော့ ငြိသွားပြီ၊ ဒီလိုစိတ်ဓာတ်မျိုးပဲ ရှိသင့်တယ်၊ မင်း ဘာမှအားမငယ်နဲ့၊ ကိုယ့်ဘဝကို မသိမ်ငယ်နဲ့၊ ဒီဆိုင်မှာရှိတဲ့ အဆိုတော်တွေထက်ကို သာအောင် မင်းကြိုးစား၊ အဓိက ပြောရရင် ပရိသတ်ကြိုက်တဲ့သီချင်းမျိုး ဆိုဖို့အရေးကြီးတယ်၊ လာ··· တို့ မင်းကို တစ်ခုခုလိုက်ကျွေးမယ်'

ရွှေအိက နိုင်မြဲလက်ကို အတင်းဆွဲပြီး ထူပါတယ်။

'မစားပါရစေနဲ့၊ ရှင်းသန့် မစားပါရစေနဲ့'

'မရဘူးကွာ၊ တို့ကျွေးတာ မင်း စားရမှာပဲ၊ လာ···'

နိုင်မြဲ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပင် ပေါ်လာသွား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ရှေ့ဆက်ပြီး ဘာတွေ ဘယ်လို ရှင်းမရတဲ့ကိစ္စတွေ ဖြစ်လာ ဦးမလဲဆိုတာ တွေးရင်းကနေ ချွေးတွေပြန်လာလို့ တစ်ရှူးနဲ့ ထပ်သုတ် ရပါသေးတော့တယ်။

◎ ◎ ◎

'ခိုင်မြဲရေ… မင်းအလုပ်ရတာတော့ ဝမ်းသာပါရဲ့၊ ဒါပေမဲ့ နောက်ဆက်တွဲ ကြားရတာတွေကတော့ ငါသာ မင်းနေရာမှာဆို ကြက် သီးထတယ်၊ ပြီးတော့ အဲဒီ လူပျိုကြီးဆိုတာနဲ့ ယောကျ်ားလျာက မင်းကို မိန်းမအမှတ်နဲ့ မွေ့ဦးမယ်ဆိုတာ ငါ အတပ်ပြောရဲတယ်'

အိမ်ရောက်တော့ ဒီကနေ့ဖြစ်တဲ့ကိစ္စတွေကို ဦးကျော်ဆွေ ဖိုးချုန်ကို ပြောပြတော့ ဖိုးချုန်က သူ့ထင်မြင်ချက်ကို ပြောပါတယ်

'အတပ်ပြောတာ အသာထားဦး၊ ငါက ဆိုင်မှာ အဲဒီနှ ယောက်နဲ့ ပတ်ကိုပတ်သက်ရမှာဆိုတော့ မာဓိလုပ်တဲ့ မင်းက ငါ့မှ မယ် တလွဲဖြစ်မယ်ဆိုရင် ဘေးကနေဝင်ပြီးတော့ သတိပေးဖို့ မင မမေ့ဖို့က အရေးကြီးတယ်၊ နို့မို့ဆိုရင် အလုပ်ရတာနဲ့ အလိမ်ပေါ် ချက်ချင်းထွက်ရတဲ့ကိန်းဆိုက်မယ်'

'အေးပါကွာ… ငါသိပါတယ်'

ခိုင်မြဲ စကားအဆုံး စိတ်ပျက်လက်ပျက် လေသံနဲ့ ဖိုးချုန် ပြောလိုက်တာကိုကြည့်ပြီး ပြုံးနေသူကတော့ ဦးကျော်ဆွေပဲ ဖြစ် တော့တယ်။

❒ ❒ ❒

ခပ်ညှံ့ညှံ့လို့
အလွယ်တကူကောက်ချက်ဆွဲတာ
ဘဝမှာ
ဘယ်သူတွေ
ဘယ်လောက်မှားခဲ့ပြီး
အတိုးအရင်းပေးဆပ်ခဲ့ပြီးပြီလဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com

# (၆)

မိန်းမလိုဝတ်ထား စားထားတဲ့ ခိုင်မြဲတစ်ယောက် စားသောက်ဆိုင်မှာ ဒီနေ့ စတင်ပြီး သီချင်းဆိုရမှာမို့ ရင်တုန်ပန်းတုန်ဖြစ်နေပါတယ်။ အလုပ်စဝင်တဲ့နေ့မှာပဲ' အလိမ်ပေါ်ရင် ပွဲကပြီးပြီလို့။

'ကဲ… ညီမလေး၊ အစ်ကိုကြီး မိတ်ဆက်ပေးမယ်၊ သူတို့တွေက ဒီဆိုင်က အဆိုတော်တွေပဲ၊ စီနီယာတွေပေါ့လေ'

အမျိုးသမီး အဝတ်လဲခန်းထဲမှာ ရှိနေတဲ့ အဆိုတော်ကောင်မလေးတွေက ခိုင်မြဲကို အကဲခတ်ရင်းက မပြုံးချင်ပြုံးချင် ပြုံးပြလို့နေပါတယ်။

'ဦးတင်မောင်လွင်… ဒီအဆိုတော်အသစ်က အဆိုရော ပိုင်လို့လား၊ ဝတ်မှုန်တို့ တော်ကြာ နာမည်ပျက်နေဦးမယ်နော်၊ သီချင်းတွေ ဘာတွေ တိုက်ထားတာလည်း မတွေ့ရဘဲနဲ့'

'ဝတ်မှုန် ပြောတာ ကြည်ပြာလည်း ထောက်ခံတယ်၊ တော်ကြာ Group Song ဆိုတဲ့အခါမျိုးမှာ ဒုက္ခရောက်လိမ့်မယ်'

ခိုင်မြဲတော့ သိလိုက်ပြီ။ ရောက်ရောက်ချင်း ပညာပြတော့ခံရပြီလို့။ အခြား အဆိုတော်ကောင်မလေးအချို့ကလည်း ခိုင်မြဲကို မိန်းမပီပီ မလိုတမာအကြည့်တွေနဲ့ ကြည့်ပြီး အကဲခတ်လို့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… နင်တို့တွေ ဘာစကားပြောတာလဲ၊ ဒီနေ့မှလာတဲ့ တိုယ့်လိုအဆိုရှင်ကို နွေးထွေးစွာကြိုဆိုပြီး အားပေးမယ်မရှိဘူး၊ နင်တို့ထ ရင်ဝကို ခြေထောက်နဲ့ ကန်နေသလိုဖြစ်နေပြီ၊ ရှင်းသန့်ရဲ့ အဆိုပညာကို ငါယုံတယ်၊ ရှင်းသန့်… ညီမလေး၊ ဘာမှအားမငယ်နဲ့၊ ရဲရဲသာဆို'

တင်မောင်လွင်က ခိုင်မြဘက်ကနေ ဝင်နာရင်း ရန်တွေ့နေတာကို ဝတ်မှုန်ဆိုတဲ့အမျိုးသမီးက တင်မောင်လွင်ကို မျက်စောင်းထိုးလိုက်ပါတယ်။

'ဒီနေ့မှရောက်လာတဲ့သူကို ဒီလောက်အရေးပေးနေတာ သူ့ရဲ့ အဆိုက ဘယ်လိုလဲ ကြည့်ရမှာပေါ့လေ၊ ဒါနဲ့ ဦးတင်မောင်လွင် သူ့ကို ရှေ့ကနေမဆိုနိုင်းနဲ့နော်၊ ရှေ့ကထွက်ဆိုလို့ ချော်တောငေါ့ရင် ပြီးပြီ'

'ဟဲ့… ညည်း ဘာစကားပြောတာလဲ၊ ငါ့သမီး ရှင်းသန့်ကို ညည်းက အထင်သေးတာလား၊ ငါက သူ့ရဲ့မိတ်ကပ် မာမီချွန်ဘဝနဲ့ အတူနေလာတာ၊ ငါ့သမီးအကြောင်း ငါသိတယ်၊ ညည်းတို့ ဆယ်လေး တစ်လေးပေးတယ်၊ အဆိုမှာ ငါ့သမီးရှင်းသန့်က ညည်းတို့ထက်သာရမယ်'

'သာသလား မသာသလား စောင့်ကြည့်ရမှာပေါ့'

'ဟဲ့… စောင့်ကြည့်မနေနဲ့၊ ကြေးထပ်ပြီးလောင်းမလား၊ မာမီချွန်တို့က အိမ်ဂရန်ပေါင်ပြီးတော့ကို လောင်းလိုက်ဦးမယ်'

ရောက်လာကတည်းက ဘာစကားမှမပြောဘဲ နေနေတဲ့ ဖိုးချွန်က ခိုင်မြဘက်ကနေ ဝင်နာပြီး မိန်းမတစ်ယောက် ရန်တွေ့သလိုမျိုး ဝတ်မှုန်ဆိုတဲ့ အမျိုးသမီးကို အငိုက်ကောလိုက်ပါတယ်။



'သမီးရှင်းသန့်… သမီး ကြားတယ်နော်၊ သမီး ကြိုးစားပြလိုက်စမ်း၊ မာမီ့ရဲ့သမီးဟာ ဘယ်လိုလဲဆိုတာ'

'ဟုတ်တယ် ညီမလေး၊ အစ်ကိုကြီးလည်း တိုက်တွန်းတယ်။ ညီမလေးရဲ့ အဆိုပညာကို ပြနော်၊ ကြိုးစား… ကြားလား'

ခိုင်မြအဖို့ စိတ်တော်တော်ညစ်နေပါပြီ။ ဒီအဆိုတော်မလေးတွေနဲ့ ရှေ့လျှောက် ပြဿနာကတော့ တောက်လျှောက်အတွဲလိုက်လာတော့မှာလို့။

'ဟုတ်ကဲ့ပါ… ရှင်းသန့် ကြိုးစားပါ့မယ်'

ခိုင်မြက ကျေးဇူးတင်တဲ့ အကြည့်မျိုးနဲ့ ကြည့်ရင်းက တင်မောင်လွင်ကို ပြောလိုက်ပါတယ်။ တင်မောင်လွင်အဖို့ အကျေနပ်ကြီးကျေနပ်လို့နေပါတယ်။

ဖိုးချွန်က စိတ်ရှုပ်တဲ့ပုံစံမျိုးနဲ့ မသိမသာ ခိုင်မြကို မျက်စပစ်ပြတာ ခိုင်မြက သက်ပြင်းကိုသာ တွင်တွင်မှုတ်ရင်း ရှေ့ဆက်ရင်ဆိုင်ရမယ့်ကိစ္စတွေကို ဘာဖြစ်မလဲ တွေးနေမိပါတော့တယ်။

◎ ◎ ◎

စားသောက်ဆိုင်စင်မြင့် နောက်ခံမှာရှိတဲ့ မီးလုံးလေးတွေက တဖျပ်ဖျပ်နဲ့ ဟိုဒီပြေးကစားလို့နေသလို ကီးဘုတ်ထဲက ထွက်လာတဲ့ တေးသံစဉ်ကလည်း မြူးကြွလို့နေပါတယ်။ ရှင်းသန့်တစ်ဖြစ်လဲ ခိုင်မြတစ်ယောက် မိုက်ကရိုဖုန်းကိုကိုင်ရင်း စင်မြင့်ရှေ့ကို မျက်စိစားကြည့်လိုက်တော့ ရင်တောင်တုန်သွားပြီး ချွေးသီးချွေးပေါက်တွေ ကျချင်သလို ဖြစ်လာပါတယ်။ လဆန်းရက်မို့ စားသောက်ဆိုင်ထဲက

www.burmeseclassic.com



စားပွဲဝိုင်းတိုင်းမှာ လာရောက်သောက်သုံး စားသုံးသူတွေက အပြည့်ပါပဲ။ ဘဝမှာ ယောကျ်ားလိုသီချင်းဆိုရတာ ဘာမှမဖြစ်ပေမယ့် မိန်းမထိုဝတ်စားပြီး ပထမဦးဆုံး ဖြေဖျော်ရမှာမို့ လက်တုန်ခြေတုန်ဖြစ်လာပါတယ်။

ဒါပေမဲ့ ကိုယ်က ကိုယ့်ဆန္ဒနဲ့ကိုယ် ဆုံးဖြတ်ချက်ချထားပြီးပြီမို့ 'ငါဟာ့ယောကျ်ား လုံးရာကနေ ပြားပေမယ့် လမ်းစွမ်းတော့ပြမယ်'လို့ ဆုံးဖြတ်လိုက်ပါတယ်။

*'ရင်မှာခံစား ××× မကြင်နာပေ ××× အသည်းထဲကအတွင်းကြေ ×××'*

'ဖြောင်း… ဖြောင်း… ဖြောင်း…'

'ဖြူဖြူကျော့်သိန်းအတိုင်းပဲဟေ့'

နိုင်မြဲက ဖြူဖြူကျော့်သိန်းအသံမျိုးနဲ့ သီချင်းစဆိုချင်းမှာပဲ စင်အောက်ကနေ လက်ခုပ်သံတွေ တဖြောင်းဖြောင်းတီးခတ်ရင်း သူ့ရဲ့အဆိုကို ဖြူဖြူကျော့်သိန်းအမှတ်နဲ့ ချီးကျူးသံတွေ ညံစီနေပါတော့တယ်။

*'ရင်မှာခံစား ××× သူမသိနိုင်ပေ ××× အို… အို… အတွင်းကြေ ×××'*

စားသောက်နေသူတွေက မိန်းမတစ်ယောက်လို 'ကြာ'ပေးတင်လှုပ် ရင်လှုပ် လှုပ်ခတ်ပြီး သီချင်းဆိုနေတဲ့ နိုင်မြဲကို စားပွဲထိုးတွေခေါ်ပြီး ပန်းကုံးစွပ်ခိုင်းသူတွေ စွပ်ခိုင်း၊ ပန်းခြင်းတက်ပေးသူတွေတက်ပေးနှင့် ရှုပ်ယှက်ခတ်နေပါတော့တယ်။

တချို့က စားပွဲထိုးကိုခေါ်ပြီး သီချင်းတောင်းခိုင်းပါတယ်။

'ဆက်လက်ပြီး ယနေ့မှ ပန်းတော်ဝင်စားတော်ဆက်ကို



ရောက်ရှိလာတဲ့ အဆိုရှင် ရှင်းသန့်ကို တေဘယ်လ်တန်းမှ ဧည့်သည်တော်တစ်ဦးက အယ်လ်ဆိုင်းဇီရဲ့ တေးသီချင်းတစ်ပုဒ်ကို သီဆိုဖျော်ဖြေပေးဖို့ တောင်းဆိုပါတယ်'

နိုင်မြဲကတော့ လည်ပင်းမှာစွပ်ထားတဲ့ ပန်းကုံးတွေ၊ လက်ထဲမှာကိုင်ထားတဲ့ ပန်းခြင်းတွေရော မိုက်ကရိုဖုန်းနဲ့ ဘာလုပ်ရမှန်းမသိ ချွေးတွေပြန်လို့နေပါတယ်။

'မရှင်းသန့်… အဲဒါတွေ ကျွန်တော့်ကိုပေး၊ မရှင်းသန့်ကိုဆုချထားတဲ့ ပန်းကုံး၊ ပန်းခြင်းတွေအတွက် မပူနဲ့၊ ကောင်တာမှာစာရင်းမှတ်ထားပေးတယ်၊ အောင်မြင်တယ်ဗျာ၊ ပွဲဦးထွက်မှာ ဒါမျိုးကရှားတယ်'

စားပွဲထိုးကောင်လေးတစ်ဦးက နိုင်မြဲဆီမှာရှိနေတဲ့ ပန်းကုံး၊ ပန်းခြင်းတွေ ယူရင်းက ချီးကျူးစကားဆိုလိုက်ပါတယ်။

'ကျွန်မကို အခု… အခုလိုချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ် Thank you ပါ'

'ဖြောင်း… ဖြောင်း…'

နိုင်မြဲက ပန်းကုံးချီးမြှင့်တဲ့သူတွေကို လက်အုပ်ချီ ကျေးဇူးတင်စကားဆိုလိုက်ပြီးတဲ့အခါ လက်ခုပ်သံတွေ ညံစီသွားပါတယ်။

အဲဒါကို စင်နောက်မှာရှိတဲ့ ကျန်တဲ့အဆိုရှင် ကောင်မလေးတွေက ဒီနေ့မှ ရောက်လာတဲ့သူကို ဒီလောက်တောင် အားပေးရသလားဆိုတဲ့ ဝေဖန်မကျေနပ် ကဲ့ရဲ့မှုတွေနဲ့ အချင်းချင်း စင်နောက်မှာပြောသူက ပြော၊ စင်ဘေးပေါက်ကနေ ချောင်းကြည့်တဲ့သူက ချောင်းကြည့်လို့နေပါတယ်။

ကီးဘုတ်တီးသံက Intro အပိုဒ်ကို စလိုက်ပါပြီ။ အထွန်း

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ခံရှိတဲ့ အမူအရာမျိုးနဲ့ နိုင်မြဲတစ်ယောက် ပရိသတ်ကို စတင် ဖြော်ဖြေပါတော့တယ်။ ဒီလိုအမူအရာ အတတ်ပညာတွေကို မာမီလွမ်း က နေက်တုန်းက သင်ပေးခဲ့လို့ပါ။

*'မိုးရေထဲမှာ ××× အိုကွယ်... တမ်းတမိတဲ့ မိုးရာသီ ထဲမှာ ×××'*

'ဖြောင်း... ဖြောင်း... ဖြောင်း...'

လက်ခုပ်သံတွေနဲ့အတူ စားပွဲဝိုင်းအသီးသီးမှာရှိတဲ့ လူတွေက စားပွဲထိုးတွေကို ပန်းကုံးတွေ၊ ပန်းခြင်းတွေယူခိုင်းပြီး ကိုယ်တိုင် စင်မြင့် ပေါ်တက်ပေးဖို့ စင်မြင့်နား စုပြုံရောက်လာပါတယ်။

'ဆရာတို့ခင်ဗျာ... တစ်ယောက်ချင်းတန်းစီပြီး စင်မြင့်ပေါ် တက်ပေးပါ'

စားပွဲထိုးကြီးကြပ်သူက စင်မြင့်ကနေ သတိပေးရင်း တန်းစီ ခိုင်းပြီး တစ်ယောက်ချင်း စင်မြင့်ပေါ်သို့ တက်ခိုင်းပါတယ်။

ဆရာတစ်ယောက်ရဲ့ စကားကို နားထောင်တဲ့ပုံစံမျိုးနဲ့ ပန်းကုံး၊ ပန်းခြင်း၊ ပန်းစည်းတွေကို တစ်ယောက်ချင်း တက်ချီးမြှင့်တာ သီချင်း ဆိုနေတဲ့ နိုင်မြဲအဖို့ လူတောင်မမြင်ရတဲ့အလားပါပဲ။

ဒီမြင်ကွင်းကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေသူတွေက ဦးတင်မောင်လွင်နဲ့ ရွှေအိပါပဲ။

ရှင်းသန့်တစ်ဖြစ်လဲ၊ နိုင်မြဲတစ်ယောက် ပထမသီချင်းစဆို တဲ့ညမှာ သူ့ညဖြစ်သွားတာကို ကောင်းကောင်းကြီးမေ့တွာပို့နေသူတွေ ကတော့ ကျန်တဲ့အဆိုရှင်တွေပါပဲ။

ဒါကို ရှင်းသန့်ဆိုတဲ့ ကောင်မလေးကတော့ မသိရေးချ မသိ။

○ ○ ○



သည်ပန်းတော်ဝင် စားတော်ဆက်ကိုရောက်တဲ့ တစ်ပတ် အတောအတွင်း နိုင်မြဲ တော်တော်စိတ်ညစ်နေပြီ။ ကိုယ်က သီချင်း ဆိုလိုက်နဲ့ ပန်းကုံး၊ ပန်းစည်းတွေ ဆုချခံရရုံသာမက ကိုယ့်အလှည့် ပြီးသွားရင် ဟိုဝိုင်းကို သွားထိုင်ပေးရ၊ ဒီဝိုင်းသွားထိုင်ပေးရ၊ ဟိုကိုင် ဒီကိုင်ခံရနဲ့။ ဒီကြားထဲ ဖြူဆီတွေပေးသူက ပေး၊ လိပ်စာတွေပေးသူ ကပေးနဲ့ စိတ်က တော်တော်လေးပျက်နေရုံသာမက ထွက်ပြေးချင် စိတ်တောင် ပေါက်ပါတယ်။

ဒါပေမဲ့ ငွေစကြေးစလေးကတော်တော်ရှင်တာမို့ အောင့်အည်း ဦးနေရဦးမယ်လို့။

အခုလည်းကြည့်၊ စောစောတုန်းက သီချင်းဆိုနေတုန်း လူသုံးဦးက ပန်းကုံးတွေ ဆုချတယ်။ အဲဒီ ဆုချတဲ့လူတွေရဲ့ စားပွဲဝိုင်း တွေမှာ တစ်လှည့်စီထိုင်ပြီး စကားပြောရမှာကို တစ်ယောက်ဆီမှာ ထိုင်နေတုန်း ရှိပါရဲ့။ နောက်နှစ်ယောက်ကပါ ဝင်လာပြီး လာထိုင် ဦးပါ။ ပထမလူနဲ့ကလည်း ဘာမှဟုတ်တိပတ်တိ မပြောရသေး။

'ဒီမှာ ကိုယ့်လူတို့၊ ဟောဒီက ရှင်းသန့်နဲ့ ကျွန်တော် အလုပ် ကိစ္စ စကားပြောစရာရှိလို့ ကိုယ့်ဝိုင်းကနေ ကိုယ်ထိုင်ပြီး စောင့်ပေးပါ'

နိုင်မြဲနဲ့ မျက်နှာချင်းဆိုင်ထိုင်တဲ့လူက ဝိုင်းထဲရောက်လာတဲ့ လူနှစ်ယောက်ကို ဒေါသသံပါတဲ့စကားနဲ့ ပြောရင်းက နှင်ထုတ်ပါ တယ်။ ဒါကို မျက်နှာအသားနီစပ်စပ်နဲ့ လူကြီးလူကောင်းဆန်စွာ ဆော် စားထားတဲ့သူက ထိုင်ရာကမထဘဲ ရှိရင်းက...

'ဒီဝိုင်းကို လာချင်လို့လာတာ မဟုတ်ဘူး၊ ငါ့အဆင့်အတန်း နဲ့ ငါ နေလို့ရတယ်၊ ရှင်းရှင်းပြောမယ်၊ ဟောဒီစားသောက်ဆိုင်မျိုး အသယ်ဆိုင်လောက် ဝယ်လို့ရတယ်၊ ငါလည်း အလုပ်ကိစ္စရှိလို့ပေါ့ကွ'

www.burmeseclassic.com



နိုင်မြဲ တော်တော်စိတ်ညစ်သွားပါတယ်။ ထိုင်ရာကနေ ထွက်တောင်ပြေးချင်စိတ် ဖြစ်ပေါ်လာပါတယ်။ ဒီအချိန်မှာပဲ ကျန်ရှိနေတဲ့ တစ်ယောက်က တစ်စခန်းထလာပြန်ပါတယ်။

‘ကိုယ့်နာမည်က လှမင်းဇော်၊ ဒီမှာ ရှင်းသန့်၊ မင်းနဲ့ ကိုယ် လုပ်ငန်းတိုင်ပင်စရာရှိတယ်၊ အချိန်ဘယ်လောက်ပေးနိုင်မလဲ’

အမိန့်ပေးတဲ့ လေသံမျိုးနဲ့ လှမင်းဇော်ဆိုသူက လေသံမာမာနဲ့ ပြောလိုက်လို့ နိုင်မြဲက ဒီပြဿနာကို မြန်မြန်ရှင်းမှ ရတော့မယ်လို့။ ကြာလာလို့ စကားတွေများကြရင် အလိမ်တွေပေါ်ကုန်မှာမို့ ပွဲကို မြန်မြန်ဖြတ်ရမယ်လို့ ဆုံးဖြတ်လိုက်ရင်းက…

‘ရှင်းသန့်ကို စကားနည်းနည်းပြောခွင့်ပြုပါ၊ အစ်ကိုတို့က လူကြီးလူကောင်းတွေပါ၊ တစ်ယောက်ပြီးတစ်ယောက်ပြောတာကို ရှင်းသန့် နားထောင်ပေးမယ်’

နိုင်မြဲက ကြာပစ်တဲ့ လေသံမျိုးနဲ့ အသနားခံသလိုမျိုး ပြောလိုက်တာ အဲဒီလူသုံးယောက်စလုံး ငြိမ်ကျသွားပါတယ်။

‘ဒီလို ရှင်းသန့်၊ ကျွန်တော်က ငွေဒန်းဖြူစားတော်ဆက်ကပါ၊ ရှင်းသန့်လို အဆိုရှင်မျိုး ဆိုင်မှာ လိုအပ်နေလို့ ရှင်းသန့်ကို တိုက်ခန်းတစ်ခန်းပေးမယ်၊ အပိုဆုငွေမပါဘဲ တစ်လကို ငါးသိန်းပေးမယ်၊ ဘယ်လိုလဲ… လက်ခံမလား’

ပထမဦးဆုံးလူက သူ့ဆန္ဒတွေကို ပြောလို့အဆုံးမှာ နိုင်မြဲ ဘာလုပ်ရမလဲဖြစ်နေတုန်း ဒုတိယလူက…

‘ရှင်းသန့်…တို့ ပြောမယ်၊ တို့က စင်တေးဂီတဆိုင်ကြီးတွေ ရန်ကုန်မှာ ဆိုင်ခွဲတွေအများကြီးပဲ ရှိတယ်၊ အဲဒါ တို့ရဲ့ဆိုင်မှာ ရှင်းသန့် ဆိုမယ်ဆိုရင် အိမ်တစ်လုံးဝယ်ပေးမယ်၊ ကားတစ်စီး အမြဲတမ်းလိုက်ရာ



သုံးဖို့ပေးမယ်၊ လစာက ရှင်းသန့် ဘယ်လောက်လိုချင်သလဲ၊ ပြော’

နိုင်မြဲ နားထောင်နေရင်း သူ့ကို ဟိုဆိုင်မှာဆိုဖို့၊ ဒီဆိုင်မှာဆိုဖို့ လေလံဆွဲသလိုဖြစ်နေပါလားလို့။ လှမင်းဇော်ဆိုသူကလည်း ဘယ် နေပါ့မလဲ။

‘ရှင်းသန့်… သူတို့နှစ်ယောက်လောက်တော့ ကိုယ်က သနားတယ်၊ ရှင်းသန့် ဘယ်လိုဆန္ဒတွေရှိချင်လဲ၊ ပြော… လိုရာကိုပြော၊ ရှင်းသန့်သာ ကိုယ့်ရဲ့ဆိုင်မှာ သီချင်းလာဆိုပေး’

နိုင်မြဲ ဘာပြန်ပြောရမှန်းမသိ။ ဒီလူသုံးယောက်ကတော့ တကယ့်ကို မိန်းကလေးအမှတ်နဲ့ ဈေးပြိုင်ခေါ်နေပြီလို့။

‘ဘာလဲ… စဉ်းစားရခက်နေလို့လား’

‘တို့ဆိုင်မှာ ဆိုမှာမဟုတ်လား၊ ဒါကြောင့် ပြောရခက်နေမှာ’

‘ရှင်းသန့်က ခင်ဗျားတို့နှစ်ယောက်လောက်တော့ သနားတယ်၊ ကျုပ်ဆိုင်မှာ ဆိုမှာ’

နည်းနည်းတွေနေတဲ့ သုံးဦးသား စကားတွေဘာတွေ များမယ့်ပုံစံမျိုး ဖြစ်လာပါတယ်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း နေစောင်တဲ့ပုံစံမျိုးတွေ ဖြစ်လာပါတယ်။

‘ရှင်းသန့်… ညီမလေး၊ ဘာတွေဖြစ်နေတာလဲ၊ အစ်ကိုကြီးတို့ ပြောစမ်း’

‘ရှင်းသန့်… မင်းကို သူတို့တွေ ဘာနှစ်နှစ်နာနာပြောသလဲ ပြောစမ်း၊ တို့ရှင်းမယ်’

နိုင်မြဲ ရှိနေတဲ့ စားပွဲဝိုင်းကို ဦးတင်မောင်လွင်နဲ့ ရွှေဘိုအောက်ချလာပြီး မေးလိုက်ပါတယ်။

‘သူတို့သုံးယောက်က ရှင်းသန့်ကို သူတို့တွေရဲ့ ဗဟိုတော်ဆက်

www.burmeseclassic.com



တွေမှာ သီချင်းဆိုဖို့ ဈေးပြိုင်ပေးသလိုမျိုး လုပ်နေကြတယ်'

ခိုင်မြဲစကားကြောင့် ဦးမောင်မောင်လွင်ရော ရွှေအိပါ ဒေါသထွက်သွားပါတယ်။

'ခင်ဗျားတို့သုံးယောက် ဒီဆိုင်ထဲကထွက်သွား၊ ကျုပ်ရဲ့ဆိုင်က ဝန်ထမ်းအဆိုတော်ကို ဒီလို အောက်လမ်းနည်းတွေနဲ့ မသုံးနဲ့၊ ထွက်သွား'

'သွားမယ်… ကြီးကျယ်လို့ကွာ၊ ရှင်းသန့် တစ်နေ့ မင်းတွေ့ဦးမှာပါ'

'ရှင်းသန့်ရာ… မင်းက ဒီလူကို ကြောက်နေလို့လား'

ရှင်းသန့်… မင်းဘဝ နစ်မွန်းတော့မယ်'

သုံးဦးသား ထိုင်ရာမှထကာ ခိုင်မြဲကို တစ်ယောက်တစ်ခွန်း ပြောဆိုပြီး ထွက်သွားပါတယ်။

'လေးလေး… ရှင်းသန့်အဖို့ ဒီအတိုင်းဆို မလွယ်ဘူး ရှင်းသန့်ကို ဂရုစိုက်ပေးပါ၊ အန္တရာယ်ရှိတယ်'

ရွှေအိက ဦးတင်မောင်လွင်ကို သတိပေးစကား ညွှန်ကြားလို့ နေပါတယ်။ ပြီးတော့ ထိုင်နေတဲ့ ရှင်းသန့်လက်ကို ဆွဲထူလိုက်ပြီး…

'ရှင်းသန့်… ပြန်ရင် ဂရုစိုက်နော်၊ အရေးအကြောင်းရှိရင် ဖုန်းသာလှမ်းဆက်လိုက်၊ မဖြစ်သေးပါဘူး၊ ရှင်းသန့်နဲ့ အဆက် အသွယ် မပြတ်ရအောင် တို့ ဟမ်းဖုန်းတစ်လုံးတော့ ပေးထားရဦးမယ်'

'နေပါစေ ရွှေအိရယ်၊ ရှင်းသန့် မလိုချင်ပါဘူး၊ ရှင်းသန့် ဒီဆိုင်မှာ ဒီလိုဆိုနေရတာကိုပဲ ကျေနပ်နေပါတယ်၊ ဟမ်းဖုန်း မယူပါရစေနဲ့'

ခိုင်မြဲက အတင်းငြင်းလိုက်ပါတယ်။ မငြင်းလို့က မဖြစ်ပါ။



ဟမ်းဖုန်းသာပေးလိုက အချိန်တိုင်း ဖုန်းဆက်နေလို့ ပြဿနာတွေ တောက်လျှောက်တက်ပြီး ရှင်းလို့မရမှာက အမှန်ပါ။

❒ ❒ ❒

www.burmeseclassic.com

ကျွန်တော်လည်း ရှက်လာပြီ
ကျွန်တော် ရှက်သလိုမျိုး
ကြယ်ကလေးတွေလည်း
ကျွန်တော့်ကိုကြည့်ပြီး
တော်တော်ရှက်နေလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၇)

နိုင်မြဲတစ်ယောက် ဒီနေ့ ပန်းတော်ဝင်ဆိုင်ကို သီချင်းတိုက်ဖို့ ဖိုးချွန်နဲ့သာ လာရတယ် အိပ်ရေးက သိပ်မဝသေးဘူး။ ညက စားသောက်ဆိုင်မှာ သီချင်းတောင်းခံရလွန်းလို့ တစ်ယောက်တည်း တစ်ပုဒ်ပြီးတစ်ပုဒ် Nonstop ဆိုရတာ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ဆုငွေတွေနဲ့အတူ မနက်တစ်နာရီခွဲလောက်မှ ပြီးတယ်။ အိမ်ရောက်တော့ ချက်ချင်းမအိပ်နိုင်သေးဘူး။ ပင်ပန်းလွန်းလို့ စာဖတ်ရင်း မှိန်းစားရင်းနဲ့ မနက်မိုးလင်းခါနီးလောက်မှ အိပ်ပျော်သွားတယ်။ ဒီနေ့ မနက် ဆယ်နာရီမှာ သီချင်းအသစ်တွေ ကီးဘုတ်တီးတဲ့သူနဲ့ တိုက်ရမှာဆိုတော့ ဆိုင်ကို ရောက်လာရပြန်ရော။ မျက်လုံးတွေဆို ကျိန်းစပ်နေတာပဲ။

'ဖိုးချွန်ရာ… ငါတော့ တော်တော်စိတ်ညစ်နေပြီ၊ ဒီလိုလုပ်တာ မှားများမှားသွားပြီလား မသိဘူး၊ ပိုက်ဆံတော့ ရပါရဲ့၊ ဘဝဟာ ဒီအတိုင်းချည်းဆို မလွယ်ဘူးကွာ၊ ငါတော့ ငါ့လုပ်ရပ်ကို ငါရှက်လာပြီ'

နိုင်မြဲက ဘေးလူတွေမကြားရအောင် အနီးအနားရှိနေတဲ့ ဖိုးချွန် ကို စိတ်ပျက်တဲ့လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… တိုးတိုးပြော၊ ဘာစိတ်ညစ်စရာလိုလဲ၊ မင်း ဆိုးစားကြည့်စမ်း၊ တစ်ညကို ပန်းကုံးတွေရနေတာ ငါးသောင်း ခြောက် သောင်းဖိုးရှိနေတာ နည်းလားကွ၊ ဆက်လုပ်စမ်းပါ၊ ငါတော့ အားပေး တယ်ဟေ့'

'အားပေးမှာပေါ့၊ မင်းရော ဦးကျော်ဆွေပါ သက်တောင့် သက်သာနဲ့ စားနေရတာ၊ ဒီပြဿနာတွေ အလိမ်ပေါ်မှ ရှင်းလို့မရဘဲ ရှုပ်ကုန်မှာ'

နိုင်မြကစိတ်ပျက်တဲ့လေသံနဲ့ ပြောတာကို ဖိုးချွန်က ရယ်နေ ပါတယ်။ ဒီအချိန်မှာပဲ နိုင်မြနဲ့ ဖိုးချွန်နားကို စားတော်ဆက်က အဆို တော်မိန်းကလေးအချို့ ရောက်လာရင်း မိန်းကလေးတစ်ဦးက…

'ဟွင်း… အခုမှလာပြီး ခြူစား မာယာများတဲ့မိန်းမ၊ နောက် လူဖို့တောင် မချန်ဘူး၊ ရသမျှ ကိုယ့်အိတ်ထဲထည့်နေတာ၊ ဟဲ့… စည်းစောင့်ဦး'

'ဒီဟာမ ရုပ်ပြပြီး ခြူစားနေတာ၊ ဆွဲစားနေတာ၊ ငါ့ကို ပန်းကုံးတွေစွပ်နေကျသူတွေတောင် သူ့ဆီပါသွားတာ၊ နောက်မှပေါက် တဲ့ ရွှေကြာပင်ကများ'

အခြားမိန်းကလေးတစ်ဦးက မိန်းမတန်မယ့် ကက်ကက်လန် အောင် မျက်စောင်းထိုးရင်းက ရန်တွေ့လိုက်ပြန်ပါတယ်။ ဒီအခါ နိုင်မြနားမှာရှိနေတဲ့ ဖိုးချွန်က မနေနိုင်လို့လား မသိ။

'ဟဲ့… ညည်းတို့စကားတွေ ဒီမှာရပ်၊ ကိုယ့်အသံအစွမ်းအစ က ဘာမှမရှိဘဲနဲ့ ဘယ်ရမလဲ၊ ရုပ်လှရုံနဲ့ မရဘူး၊ အသံပါရမီပါမှ၊ မနာလိုမဖြစ်နဲ့'

'အံမယ်… ယောက်ျားမကျ မိန်းမမကျကများ လာပြောနေ သေးတယ်၊ နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ်နဲ့၊ အလှဖန်တီးရှင်ပါလား ပဲ'

'ငါ့ဘာသာ ငါ အလှဖန်တီးရှင်ဖြစ်တာ၊ ဘာဖြစ်လဲ'

နိုင်မြ တော်တော်စိတ်ညစ်နေပါပြီ။ ဖိုးချွန်နဲ့ စားသောက်ဆိုင် က အဆိုတော်ကောင်မလေးတွေ ရန်ဖြစ်နေတာကိုကြည့်ပြီး ရယ်ချင် တာတောင် ရယ်လို့မရပါ။

'ဘာတွေဖြစ်နေတာလဲ၊ ရန်ဖြစ်နေတာလား'

မထင်မှတ်ဘဲ ရွှေအိ ရောက်လာရင်း မေးလိုက်တော့ ဖိုးချွန် က…

'ရွှေအိရယ်… မာမီ မပြောချင်ပါဘူး၊ ဒီဟာမတွေလေ ဟောဒီက ရှင်းသန့်ကို မနာလိုဖြစ်ပြီး ရန်တွေ့နေတာ မနေနိုင်လို့ ဝင်ပြီးရန်ဖြစ်နေရတာ'

'သြော်… သိပြီ၊ သိပြီ၊ ဒီမှာ ညည်းတို့တွေ သီချင်းအကောင်း ဆိုနေချင်သေးရင် ဒီလိုမျိုး နောက်မဖြစ်စေနဲ့၊ သူ့လို အောင်မြင်ချင် ရင် သူ့လိုကြိုးစား'

ရွှေအိက စောစောက နိုင်မြနဲ့ရန်ဖြစ်တဲ့အဆိုတော်မိန်းကလေး တွေကို သတိပေးစကားအဆုံးမှာ အဆိုတော်မိန်းကလေးတွေက နိုင်မြ ကို မျက်စောင်းထိုးပြီး ထွက်သွားပါတယ်။

'မင်းကို တို့ ပြောစရာရှိလို့လာတာတောင် တို့ စိတ်ညစ်သွား ပြီ'

ရွှေအိက နိုင်မြရဲ့ပခုံးကို ကိုင်ရင်းက ပြောပါတယ်။

'ဘာပြောစရာရှိလို့လဲ'

'မင်း အံ့သြသွားတာ ကြည့်ချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို အံ့ဩသွားရမှာလဲလို့'

'မင်းက ဒီဆိုင်မှာ လာသီချင်းဆိုတာ အောင်မြင်မှုရသလို တို့ဆိုင်လည်း ဝင်ငွေတိုးတယ်၊ ဒီတော့ မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ Shopping ထွက်ပြီး ပစ္စည်းတွေလိုက်ဝယ်ပေးမလို့'

မထင်မှတ်ဘဲ ရွှေအိဆီက စကားကို ကြားလိုက်ရလို့ နိုင်မြဲ တစ်ယောက် ဘာလုပ်ရမှန်း ဘာကိုင်ရမှန်းမသိ ဖြစ်သွားပါတယ်။

'အို… နေပါစေ ရွှေအိရယ်၊ ရှင်းသန့် မယူပါရစေနဲ့'

နိုင်မြဲက ငြင်းဆိုပေမယ့် ဖိုးချွန်က ဝမ်းသာအားရပုံစံမျိုးနဲ့…

'အို… မဟုတ်တာဘဲ ရှင်းသန့်ရယ်၊ စေတနာနဲ့ဝယ်ပေးတာ ကို မငြင်းကောင်းဘူး၊ လိုက်သာသွား'

အရေးထဲ ဖိုးချွန်က ပင့်ပေးနေပြန်သဖြင့် နိုင်မြဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။

'သမီးရှင်းသန့်ကိုတော့ Shopping ထွက်ပြီး လိုက်ဝယ်ပေး တာ ဟုတ်ပါပြီ၊ မာမီချွန်ကျတော့ မခေါ်တော့ဘူးလား၊ မာမီချွန်လည်း လိုက်မယ်လေ'

'ဘာလို့ခေါ်ရမှာလဲ၊ တို့က ရှင်းသန့်နဲ့ နှစ်ယောက်တည်း သွားချင်လို့ဟာ၊ လိုက်စရာမလိုပါဘူး၊ နေခဲ့'

ရွှေအိက ဖိုးချွန်ကို ရန်တွေ့သလိုမျိုး လေသံမာမာနဲ့ ပြော လိုက်တော့…

'ရပါတယ်၊ မခေါ်ချင်လည်း နေပါ၊ မာမီချွန် မလိုက်ပါဘူး နော်၊ ရှင်းသန့်နဲ့ နှစ်ယောက်သားသာ သွားပြီး တဝကြီးဝယ်ကြပေ တော့'

ဖိုးချွန်က နိုင်မြဲကိုကြည့်ပြီး ပြုံးစိစိနဲ့ ဖြစ်လို့နေပါတယ်။



'ရှင်းသန့် သွားမယ်၊ လာ…'

ရွှေအိက စိတ်မြန်ကိုယ်မြန်နဲ့ ရွှေအိလက်ကိုဆွဲပြီး ဖိုးချွန်ရဲ့ အနားကနေ ထွက်သွားပါတယ်။ ဒါကိုကြည့်ပြီး မကျေမနပ်ဖြစ်နေ သူအချို့ကတော့ စောစောက နိုင်မြဲနဲ့ ရန်ဖြစ်ခဲ့တဲ့ အဆိုတော် မိန်းကလေးတွေပဲ ဖြစ်ပါတယ်။

○ ○ ○

ပလာဇာတွေကို တစ်ခုပြီးတစ်ခု သွားရင်းက ပစ္စည်းတွေ ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေးလို့ စိတ်ညစ်နေရသူက နိုင်မြဲပါ။

ပစ္စည်းတွေက မိန်းမသုံးတဲ့ ပစ္စည်းတွေချည်းပဲဖြစ်နေလို့ ဒါတွေကို ဘယ်နေရာမှာသုံးရမလဲ။ ဘယ်သူ့ကို ပေးရမလဲလို့ စဉ်းစား ရင်းက ချွေးပြန်လို့နေပါတယ်။

ဒါပေမဲ့ ကိုယ်ဝယ်ပေးချင်တာ ဝယ်ပေးရလို့ ကျေနပ်နေသူ ကတော့ ယောကျ်ားစိတ်ဝင်နေတဲ့ ရွှေမိပဲဖြစ်ပါတယ်။

○ ○ ○

မစားချင်ပါဘူးလို့ အတင်းငြင်းနေတဲ့ကြားက ရွှေအိက နိုင်မြဲ ကို ကရဝိက်ဥယျာဉ်ထဲက စားသောက်ဆိုင်ကို ခေါ်လာပါတယ်။ နိုင်မြဲကို ကြိုက်တာမှာစားနိုင်းလို့ နိုင်မြဲက ရွှေအိကြိုက်တာကိုပဲ မှာခိုင်းရပါတယ်။

'ရှင်းသန့်… တို့ မင်းကို တစ်ခုမေးမယ်၊ မင်းမှာ ချစ်သူ ရှိလား'

www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်း မထင်မှတ်ဘဲ ရွှေအိက မေးလိုက်လို့ နိုင်မြဲတစ်ယောက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားပါတယ်။

'ဖြေလေ'

ရွှေအိက နိုင်မြဲလက်ကိုကိုင်ပြီး ထပ်မေးပြန်ပါတယ်။

'မရှိပါဘူး၊ ရှင်းသန့်မှာ နယ်မှာရှိနေတဲ့ အမေနဲ့ မောင်နှမတွေရဲ့ စားရေးသောက်ရေး ပညာရေးကို ဒီမှာရှာလို့ရတဲ့ငွေနဲ့ ထောက်ပံ့နေရလို့ ချစ်သူထားဖို့တောင် အချိန်မရနိုင်ပါဘူး'

ဖြစ်ချင်တာဖြစ် မထူးတော့ပါဘူးဆိုပြီး နိုင်မြဲက မုသားစကား ဆိုလိုက်ပါတယ်။

'ဒါဆို တို့ပြောမယ်၊ သေသေချာချာနားထောင်၊ တို့က မင်းရဲ့ ဘဝကို မြှင့်တင်ပေးမယ်၊ မင်းကို တို့ မြတ်နိုးတဲ့အတွက် ဘဝခရီး ဖော်အဖြစ် ရွေးချယ်မယ်၊ ဒါပဲ'

ရွှေအိစကား နားထောင်နေတဲ့ နိုင်မြဲတစ်ယောက် စိတ်ထဲက နေ ဘုရားစာတွေပဲ ရွတ်ဆိုနေမိပါတယ်။ ဘာတွေ ဘယ်လိုဖြစ်ကုန် ပြီလဲလို့။ ထိုင်ရာကနေတောင် ထပြေးချင်စိတ်ပေါက်လာပါတယ်။

'ဘယ်လိုဖြစ်တာလဲ ရှင်းသန့်၊ မင်းကို ချစ်ခွင့်ပန်ထားတဲ့ သူရှိနေတာကြောင့်လား၊ တို့ကို လိမ်နေတာမဟုတ်လား'

'အို… မဟုတ်ပါဘူး၊ မဟုတ်ပါဘူး'

'ဒါဆို မင်း မှတ်ထား၊ တို့ကလွဲပြီး မင်းမှာ ချစ်သူရှိလာခဲ့ မယ်ဆို မင်းရော မင်းရဲ့ချစ်သူပါ အသက်နဲ့ကိုယ် အိုးစားကွဲပြီလို့သာ မှတ်လိုက်ပေတော့၊ ဒုက္ခကောင်းကောင်းရောက်သွားမယ်၊ တို့ အခု ပြောတဲ့အဖြေကိုပေးဖို့သာ မင်း စဉ်းစားထား'

ရွှေအိမျက်နှာကိုကြည့်ပြီး နိုင်မြဲတစ်ယောက် ကြောက်ချင်



သလိုလိုဖြစ်လာပါတယ်။ သူ့ပုံစံက တကယ်လုပ်မယ့်ပုံစံမျိုး ဖြစ်နေ သို့ပါ။

နိုင်မြဲခမျာ ဒီလိုလုပ်မိတာ မှားများသွားပြီလားလို့ စားနေကျ အစားအသောက်တွေတောင် မစားနိုင်ဘဲ ဖြစ်လာပါတော့တယ်။

အခုမှ တကယ်ရှင်းလို့မရတဲ့ အခြေအနေ ရောက်လာလို့ ပါပဲ။

ဟွင်း… မိန်းမလိုဟန်ဆောင်ရတာ မလွယ်လိုက်တာ။

၀ ၀ ၀

'အံ့ပါရဲ့ကွာ၊ အဲဒီ ယောကျ်ားမက တကယ်လုပ်မယ့်ပုံစံပေါ့၊ ကြားရတာနဲ့တင် ထိုင်နေရင်း ကြက်သီးထသွားတာ ဘာလုပ်ရမှန်း သိဘူး၊ အခုမှ ရှင်းလို့မရဲ့ ရှုပ်ကုန်ပြီ၊ ဒီအလုပ်က ထွက်တောင် ထွက်ချင်လာပြီ'

နိုင်မြဲက ဖိုးချွန်ကို နေ့လယ်က အဖြစ်အပျက်တွေနဲ့ပတ်သက် ပြီး ညမိုးချုပ် ပန်းတော်ဝင်ဆိုင်ကနေ အိမ်ပြန်ရောက်တော့ ပြောပြ ပါတယ်။

'ငါလည်း ဘာလုပ်ရမှန်းမသိဘူးကွာ၊ အကြံပေးပါဦး၊ ရွှေအိ က ယောကျ်ားစိတ်ပေါက်နေပေမယ့် မိန်းကလေးလိုသာ ပြင်ပြင်ဆင် ဆင်ဝတ်ရင် တော်တော်ချောမှာ၊ ငါ သူ့ကို ချစ်နေပြီကွာ'

မထင်မှတ်တဲ့စကားကို နိုင်မြဲ ကြားလိုက်ရလို့ ဖိုးချွန်ကို ကြားတယ် တသင့်ဖြစ်ရင်းက…

'အဲဒါမှ ထပ်ရှင်းလို့မရဘဲ ထပ်ရှုပ်တာ၊ မိန်းမလို ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မင်းနဲ့ ယောကျ်ားစိတ်ဝင်နေတဲ့ ရွှေအိတို့ပွဲကတော့ ဘယ်လို လာမလဲပဲ'

ဖိုးချွန်ကတော့ ဘာမှပြန်မပြောဘဲ ပြတင်းပေါက်ကနေ မြင်နေရတဲ့ လမင်းကြီးကို ငေးကြည့်နေပါတော့တယ်။

□ □ □

ရှင်းလို့မရ
ရှုပ်နေရာကနေ
ရုတ်တရက်
အချစ်ကိုတွေ့လိုက်ရတာ
ဘာလုပ်ရမလဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## (၈)

သည်နေ့မှ ပန်းတော်ဝင်စားသောက်ဆိုင်သို့ နေ့လယ်ခင်းမှာ သီချင်းတိုက်ဖို့ ဖိုးချွန်မပါဘဲ ခိုင်မြတစ်ယောက်တည်း လာခဲ့ရတယ်။

'ရှင်းသန့်… ဒီကိုလာဦး'

ဆိုင်ထဲသို့ ခိုင်မြ ဝင်ဝင်လာချင်း ဆိုင်ထဲက ကောင်တာခုံနားက စားပွဲမှာ ရွှေအိ ရပ်ပြီးတော့ ခိုင်မြနဲ့ သက်တူရွယ်တူလောက်ရှိမယ့် အမျိုးသမီးတစ်ဦးကို တွေ့ရတယ်။ ခေတ်ဆန်ဆန်ဝတ်ဆင်ထားပေမယ့် ချောတော့ အတော်ချောသားလို့။

'ထိုင်… ရှင်းသန့်၊ သီချင်းတိုက်ဖို့က ကီးဘုတ်ဆရာ မလာသေးဘူး၊ ဒီက တို့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်'

ရွှေအိက သူ့နားကခုံမှာ ထိုင်ခိုင်းလို့ ခိုင်မြ ဝင်ထိုင်ရင်း သေသေချာချာကြည့်လိုက်တော့ ရင်ခုန်သွားပါတယ်။ တော်တော်ကို လှတာလို့။

'သူ့နာမည်က နှင်းဆီဦးတဲ့၊ တို့ရဲ့ အချစ်ဆုံးသူငယ်ချင်း မြို့ထဲမှာ ကြယ်စင်တေးသံသွင်းဆိုင်ဖွင့်ထားတယ်'

'ကျွန်မ ရှင်းသန့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာပါတယ်၊ ရှင်းသန့်က ချောလိုက်တာ၊ မင်းသမီး လုပ်စားလို့ ရတယ်'

'အို… မြှောက်နေပြန်ပြီ၊ မမကလည်း'

နိုင်မြဲက ရှက်သလို ရွံ့သလိုအမူအရာနဲ့ ပြန်ဖြေလို့အဆုံးမှာ ရွှေအိက…

'နှင်းဆီဦးရေ… ရှင်းသန့်အကြောင်းတော့ မပြောနဲ့၊ အဆို က အခုခေတ် မိန်းကလေးအဆိုတော်တွေအားလုံးကို မီတယ်၊ နှင်းဆီ ဦးတို့ စီးရီးထုတ်ချင်ရင် ပြော၊ ပြီးတော့ ပြောရဦးမယ်၊ သူ့ကို ငါက ဘဝခရီးဖော်အဖြစ် မှန်းထားတာ'

'သြော်… ဟုတ်လား'

နှင်းဆီဦးက နိုင်မြဲကိုကြည့်ပြီး တစ်ခုခုကိုတွေးမိသလို ရယ် ရင်းက…

'ရန်ကုန်မြို့ထဲရောက်လို့ရှိရင် တေးသံသွင်းဆိုင်ကို ဝင်လည် နော်၊ ကြိုက်တဲ့အချိန် လာခဲ့'

'ဟုတ်ကဲ့ပါ… ရှင်းသန့်ကို ခွင့်ပြုပါဦး'

နိုင်မြဲက နှုတ်ဆက်ပြီး ထိုင်ရာကနေ ထသွားတာကို နှင်းဆီ ဦးနဲ့ ရွှေအိတို့က ကြည့်နေပါတယ်။

နိုင်မြဲအဖို့တော့ သူ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိပါ။ သီချင်းတောင် အဆိုတိုက်ဖို့ ဆိုမှဆိုနိုင်ပါ့မလားလို့။ ဒီအကြောင်းတွေ ကို ညနေရောက်ရင်တော့ ဖိုးချွန်ကို ပြောပြရပါဦးမယ်။

သေချာတာကတော့ ဒီညတော့ စားသောက်ဆိုင်ကို မလာ တော့ဘဲ ခွင့်ယူပြီး အပီရင်ဖွင့်တော့မယ်လို့။

၀ ၀ ၀



'အဲဒါပဲ ဖိုးချွန်၊ ငါ ဘာလုပ်ရမလဲ'

နိုင်မြဲက နေ့လယ်က သူကြုံတွေ့ခဲ့ရတာ ဖိုးချွန်ကို ပြောပြ တော့…

'မင်းကို ငါက အံ့အားသင့်နေတာ နိုင်မြဲရ၊ **ဒီနေ့ည မင်း** ဘာလို့ ဆိုင်ကိုမသွားသလဲဆိုတာ ငါစဉ်းစားလို့မရဘူး၊ အခုမှ **သိသွား** တာ၊ မင်းကိစ္စက လွယ်တော့ မလွယ်ဘူးနော်၊ နှင်းဆီဦးဆိုတဲ့ အမျိုး သမီးကို မင်း စိတ်ဝင်စားတာ ဟိုယောကျ်ားမကာ သိသွားမယ်၊ အဖြစ် မှန်တွေပေါ်ပြန်ရင် မလွယ်ဘူး၊ ဒီကြားထဲ မင်းကိုကြောင်ဖို့ အလစ် ချောင်းနေတဲ့ ဦးတင်မောင်လွင် ရှိသေးတယ်'

ဖိုးချွန်စကား နားထောင်နေတဲ့ နိုင်မြဲ သက်ပြင်းတွေ မှုတ် ထုတ်လိုက်ပါတယ်။

'ငါလည်း ဘာလုပ်ရမှန်းမသိဘူး၊ အဲဒီ နှင်းဆီဦးကို မြင် လိုက်ရတဲ့အချိန်မှာ အခုလို ဖုံးကွယ်ထားတဲ့ဘဝကြီးကို တစ်ခါတည်း စွန့်လွှတ်ချင်စိတ်ပေါက်သွားတယ်၊ ပြီးတော့ ငါ့ကို မိန်းမအမှတ်နဲ့ စားသောက်ဆိုင်မှာ သီချင်းဆိုတယ်ဆိုပြီး အထင်သေးမှာလည်း ကြောက်တယ်၊ ခက်တာက ကိုယ်ကလည်း အဆိုတော်မဖြစ်နိုင်တဲ့ ဘဝမှာ ဝမ်းရေးအတွက် ဒီလိုမျိုးမျိုးမြက်မြက်ရတဲ့အလုပ်ကို မစွန့်လွှတ် နိုင်သေး၊ အလိမ်တွေပေါ်မှာလည်း ကြောက်ရနဲ့ ရှင်းလို့ကို မရပါဘူး'

'ဖျောက်… ဟာ… ဟုတ်ပြီ'

ဖိုးချွန်က ဝမ်းသာအားရနဲ့ လက်ဖျောက်တီးလိုက်ရင်းက…

'ဒီလိုလုပ်မယ် နိုင်မြဲ၊ ဘာထူးလဲကွာ၊ မိန်းမအဝတ်အစား ဝတ်ပြီး သူ့ဆိုင်ကို အခွေဝယ်သလိုနဲ့ သွားမယ်၊ သူနဲ့ ရင်းနှီးမှုရအောင်

www.burmeseclassic.com

www.burmeseclassic.com



ယူ၊ နောက်မှ အခြေအနေပေါ် ကြည့်လုပ်တာပေါ့ကွာ၊ နောင်ခါလာ နောင်ခါဈေးပဲ၊ မင်းရဲ့ကံကြမ္မာ တစ်မျိုးတစ်ဖုံပြောင်းလဲလာဖို့များ နှင်းဆီဦးနဲ့ တွေ့ဆုံဖို့ ဖန်ဆင်းလိုက်သလား မသိဘူး'

'အေးပေါ့ ဖိုးချွန်ရာ၊ လုပ်ကြည့်ကြတာပေါ့'

နိုင်မြဲတစ်ယောက် ရေ့ဘာဖြစ်လာလေမလဲဆိုတာ ဖိုးချွန်ကို တောင် စကားမပြောဘဲ ဆက်တွေးနေပါတော့တယ်။

❂ ❂ ❂

'ကြယ်စင်တေးသံသွင်းကိုမြင်တော့မှ နိုင်မြဲတို့ တေးသံသွင်း ဆိုင်တွေအနှံ့သွားပြီး အဆိုတော်ဖြစ်လေမလား စုံစမ်းတုန်းက သည် ဆိုင်ကို မဝင်မိတာ ကံကောင်းလေခြင်းလို့ အခုမှ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်မိပါတယ်'

'ရှင်းသန့်ပါလား'

တေးသံသွင်းဆိုင်ထဲဝင်လာတဲ့ နိုင်မြဲကို ဆိုင်ထဲကနေ နှင်းဆီ ဦးက လှမ်းမြင်သွားပြီး ခေါ်လိုက်ပါတယ်။

'ဘယ်လာတာလဲ'

'မမတို့ဆိုင်မှာ သီချင်းခွေတွေ လာဝယ်တာပါ'

ဖိုးချွန်က နှင်းဆီဦးကို အကဲခတ်ရင်း…

'ဟုတ်တယ်၊ ဒီက သမီးက ခိုးကူးခွေ အားမပေးချင်လို့ အော်ရီဂျင်နယ် အားပေးချင်လို့ လာဝယ်တာ'

'သြော်… မမကို မိတ်ဆက်ပေးရဦးမယ်၊ သူက အလှဖန်တီး ရှင် မာမီချွန်လေ၊ နိုင်မြဲ သီချင်းဆိုရင် သူ့ကို အမြဲ အဖော်ခေါ်သွား ရတာ'



'တွေ့ရတာ ဝမ်းသာပါတယ် မာမီ'

'မာမီကလည်း ဒီကသမီးကို ဝမ်းသာပါတယ်'

ဖိုးချွန်ကို အသိအမှတ်ပြုတဲ့အနေနဲ့ နှင်းဆီဦးက ပြုံးပြပြီး နှစ်ယောက်စလုံးကို ဆိုင်ထဲမှာ ထိုင်ခိုင်းပါတယ်။

'ရှင်းသန့် ကြိုက်တဲ့အခွေယူ၊ လက်ဆောင်ပေးလိုက်မယ်၊ ပြီးတော့ ရှင်းသန့်နဲ့ မာမီချွန် ဆိုင်ကိုလာတဲ့ အထိမ်းအမှတ်အနေနဲ့ မုန့်လိုက်ကျွေးမယ်'

နိုင်မြဲက ပျာပျာသလဲနဲ့ လက်ခါပြရင်း…

'အို… မဟုတ်တာ မမရယ်၊ ရှင်းသန့်ပဲ ကျွေးမှာပေါ့၊ အားနာ စရာကြီး'

'မာမီ့သမီးကလည်းလေ၊ ဟိုက စေတနာရှိလို့ပေးတာ ကျေး တာကို လက်ခံလိုက်ပါ၊ သာဓု… သာဓု… သာဓုပါ သမီးရေ'

ရှင်းသန့်က ဖိုးချွန်ကို မကျေနပ်သလိုပုံစံမျိုးနဲ့ မျက်စောင်း ထိုးလိုက်ပါတယ်။ ပြီးတော့ နှင်းဆီဦးက နိုင်မြဲ လိုချင်တဲ့ သီချင်းခွေ တွေ ရွေးခိုင်းပါတယ်။

အဲဒီနောက် နိုင်မြဲလိုချင်တဲ့ စီဒီသီချင်းခွေငါးခွေ စိတ်ကြိုက် ရွေးပြီးမှ နှင်းဆီဦးက ဆိုင်ဝန်ထမ်းတွေကိုမှာပြီး မဟာဗန္ဓုလလမ်းခွဲလမ်း ထဲက MR BROWN ကဖေးဆိုင်ကို ခေါ်လာခဲ့ပါတယ်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



'ရှင်းသန့် အသံသိပ်ကောင်းတယ်လို့ ရွှေအိက ပြောမဆုံး ဖြစ်နေတယ်၊ ဒီတော့ ရှင်းသန့် စီရီးခွေထုတ်မလား'

ကဖေးဆိုင်မှာ စားရင်း သောက်ရင်း မထင်မှတ်ဘဲ နှင်းဆီဦး က မေးလိုက်ပါတယ်။ နိုင်မြဲက ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေသဖြင့် ဖိုးချွန်က…

'ဟဲ့… သမီး ရှင်းသန့်၊ ပြောလိုက်လေ၊ သမီး အဆိုတော် ဖြစ်ချင်လို့ ရွာကတက်လာတာပဲဟာ၊ ရှင်းသန့်ဘဝသ သနားဖို့သိပ် ကောင်းတာ၊ အဆိုဝါသနာကလည်း ရှိ၊ အသံကလည်းကောင်း၊ ဒါပေမဲ့ အဆိုတော်မဖြစ်နိုင်သေးတဲ့အချိန်မှာ ဘဝဝမ်းရေးအတွက် စားသောက်ဆိုင်မှာ သီချင်းလာဆိုရတာ၊ ဒါကို လူတွေက တစ်မျိုးမြင် သေးတယ်၊ မိန်းကလေးတိုင်း ကိုယ်ကျင့်တရားပျက်ကြတာမှ မဟုတ် တာ'

ဖိုးချွန်တစ်ယောက် စကားကို မှုသာဝါဒကောင်းကောင်းသုံး ပြီး ပြောတတ်တာပဲလို့။ နှင်းဆီဦးက နိုင်မြဲကို ကရုဏာသက်တဲ့ အကြည့်နဲ့ ကြည့်လိုက်တာကို နိုင်မြဲ သတိထားမိပါတယ်။

'ရှင်းသန့်က အားနာနေလို့လား၊ ဘာမှအားမနာနဲ့၊ ညီအစ်မ တွေလို သဘောထား၊ ရှင်းသန့်… အဆိုတော်တစ်ယောက်ဖြစ်အောင် ကူညီမယ်၊ ရွှေအိနဲ့ တိုင်ပင်လိုက်ဦးမယ်'

ဝမ်းသာအားရမဖြစ်နိုင်တဲ့ နိုင်မြဲ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်ရင်းက ခေါင်းမဲညိတ်ပြမိပါတော့တယ်။ ဒါကို ဖိုးချွန်က နှင်းဆီ ဦး မသိအောင် လက်မကိုထောင်ဖြစ်အောင် ထောင်ပြလိုက်ပါသေးရဲ့။ နိုင်မြဲအဖို့ ဘာတွေ ဘယ်လိုဖြစ်လာလေမလဲ မသိရေးချ မသိ။

❐ ❐ ❐

ရှင်းလို့မရဘူးဆိုပါမှ
အလွဲတွေက
လွဲဖြစ်အောင် လွဲသေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ဗန်းတော်ဝင်စားသောက်ဆိုင်ထဲကို နိုင်မြနဲ့ ဖိုးချွန်တို့ ရောက်လာချိန်မှာ တေးဂီတအစီအစဉ်စဖို့ တစ်နာရီခန့်အလိုမှာ ဖြစ်ပါတယ်။ ဖိုးချွန်ရော နိုင်မြရော သတိထားမိတာက ဆိုင်ပေါက်ဝမှာ စားသုံးသူအချို့က မတ်တတ်ရပ်နေလို့ပဲ ဖြစ်ပါတယ်။ အားလုံးရဲ့အကြည့်တွေက နိုင်မြနဲ့ ဖိုးချွန်ဆီမှာပဲ ရှိနေတယ်ဆိုတာ နှစ်ယောက်စလုံး သတိထားမိလိုက်တယ်။

နိုင်မြတို့ ဆိုင်ထဲဝင်သွားတဲ့အချိန်မှာ နောက်ကနေပါလာတဲ့ ဖိုးချွန်ဆီ မတ်တတ်ရပ်နေသူတွေက ပြေးလာပြီး လက်ကိုဝိုင်းဆွဲပါတယ်။

'ဟဲ့... ဘာလုပ်တာလဲ၊ လွှတ်နော်၊ လွှတ်နော်'

ဖိုးချွန်က ကြောက်လန့်တကြားနဲ့ လှမ်းအော်ပါတယ်။

'မာမီရယ်... လုပ်ပါ၊ ရှင်းသန့်ကို ကျွန်တော်တို့စားပွဲမှာ လာထိုင်ပါလို့'

'လုပ်ပါ မာမီ၊ ကျုပ်တို့ စားပွဲမှာ လာထိုင်ပါလို့'

'ငါတို့စားပွဲမှာ အရင်လာထိုင်နိုင်း မာမီ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် အလုအယက် စကားတွေပြောရင်းက အင်္ကျီအိတ်ကပ်ထဲက ငွေတစ်ထောင်၊ ငါးထောင်တန်တွေ နှိုက်ယူလိုက်ပြီး···

'ရော့··· မာမီ၊ မုန့်ဖိုးယူ'

'ဒီမှာလည်း မာမီဖို့'

ဖိုးချွန်လက်ထဲ ပိုက်ဆံတွေ အတင်းထိုးထည့်ပေးပါတယ်။

'ဟဲ့··· ဒီလိုမလုပ်နဲ့၊ မရဘူး၊ ဒါမျိုးလုပ်လို့ မရဘူး၊ ဒီဆိုင်က ဝန်ထမ်းတွေ၊ စားပွဲထိုးတွေရှိတယ်'

'မရဘူး၊ မာမီ ရအောင်စီစဉ်ပေး'

'ဟုတ်တယ်၊ မာမီ စီစဉ်ပေး'

ဖိုးချွန် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။ ဒီလောက်တောင် 'ကြောင်'ချင်တဲ့ ပုရိသတွေ တွေ့ပြီလို့။

'ဒီလိုဆို မာမီ ပြောမယ်၊ အားလုံးနားထောင်၊ မာမီနှုတ်ကနေ တစ်၊ နှစ်၊ သုံးဆိုတာနဲ့ ဟောဟိုနားမှာပြေးပြီး တန်းစီ၊ အဲဒီတန်းစီတဲ့ အစဉ်လိုက်၊ ကိုယ့်နံပါတ်ကိုယ် မှတ်ထား၊ ရှင်းသန့် သီချင်းဆိုပြီးတဲ့အခါ လာထိုင်လိမ့်မယ်၊ မာမီက နံပါတ်စဉ်အလိုက် ပြောပြမယ်၊ သဘောတူလား'

'တူပါတယ်'

အားလုံးက ဒီတစ်ခါတော့ တညီတညွတ်တည်း လေသံတွေက ပြိုင်တူဖြစ်နေပါတယ်။ ဖိုးချွန်က သင်းတို့တော့ တွေ့ပြီပေါ့လို့ စိတ်ထဲကနေ ကြိမ်းဝါးရင်း···

'ကဲ··· စမယ်၊ တစ်၊ နှစ်၊ သုံး'

ဖိုးချွန် နှုတ်ကနေ နံပါတ်စဉ်ရေရွတ်တာလည်း အပြေး



အလွှားတန်းစီတာ သူ့ထက်ငါပါပဲ။ ဒါတောင် ချော်လဲတဲ့သူတွေလည်း ပါသေးတယ်။ ဖိုးချွန်က ရုပ်ရှင်ရုံမှာ လက်မှတ်တန်းစီသလို မီတာအခွန်အခပေးဖို့ တန်းစီသလိုမျိုး တန်းစီနေတဲ့သူတွေကို တစ်ယောက်ချင်းကြည့်ရင်းက···

'ကိုယ့်နံပါတ်အစဉ်အတိုင်း မှတ်ပါ၊ ရှင်းသန့်ဆိုပြီးရင် အမှတ်စဉ်လိုက် စားပွဲဝိုင်းနားလာပြီး ခေါ်မယ်၊ တစ်ယောက်ကို ဆယ်မိနစ်ပဲ စကားပြောရမယ်၊ ကြားလား၊ ဪ··· ပန်းကုံးတွေဆုချဖို့လည်း မမေ့နဲ့၊ မာမီ သွားမယ်'

'ဟုတ်'

ဖိုးချွန်က ဆိုင်ထဲဝင်သွားရင်းက တော်တော်ကျေနပ်သွားပါတယ်။ ဒီလိုမြင်ကွင်းမျိုးကို သင်းတို့ အိမ်မက်ဟာတွေရော ခွေမျိုးသားချင်းတွေရော မြင်ချင်စမ်းပါဘိလို့။

○ ○ ○

***'မောင် ××× အများပြောတဲ့ သွေးနွဲစကားတွေကို××× မောင် ××× ဘယ်လိုဖြေဖြေ မရတော့ဘူး'***

'ဖြောင်း··· ဖြောင်း···'

စင်မြင့်ပေါ်ကို ရှင်းသန့် တက်လာပြီးသီဆိုလို့မှ မကြာသေး၊ လက်ခုပ်သံတွေနဲ့အတူ စားပွဲထိုးတွေကို ပန်းစည်းပန်းကုံးတွေ ယူခိုင်းပြီး စောစောက တန်းစီနေရာဦးသူတွေ ရှင်းသန့်ကို သူ့ထက်ငါ အလု အယက် ပန်းခြင်း၊ ပန်းစည်းတွေ ဆုချဖို့ စင်နားရောက်လာတာ စင်မြင့် ဘေးမှာရပ်နေတဲ့ ဖိုးချွန်က သရုပ်မပျက်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြသနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို သီချင်းဆိုနေတဲ့ ခိုင်မြဲက ဖိုးချွန် ဘာတွေ လက်ဟန် ခြေဟန်နဲ့ ဘာအကြံရှိလို့ လုပ်နေသလဲဆိုတာ မစဉ်းစားတတ်ပါ။

ခိုင်မြဲ အလှည့်ပြီးလို့ စင်နောက်ကိုအဝင်မှာ ဖိုးချွန်ကလည်း လိုက်ဝင်လာပါတယ်။

'ဖိုးချွန် စောစောက လက်ဟန်ခြေဟန်နဲ့ ပန်းခြင်း၊ ပန်းစည်း၊ ပန်းကုံးဆုချသူတွေကို ညွှန်ကြားနေတာ ဘာတွေလဲကွာ'

'ခိုင်မြဲရာ… မင်း မသိပါဘူး၊ ဒီလူတွေ ဒီလိုမရှင်းလို့ မရဘူး၊ မင်းနဲ့တွဲဆိုင်ချင်လို့ ငါက နံပါတ်စဉ်အလိုက် နေရာဦးခိုင်းတာ၊ လာပါ… ငါနဲ့လိုက်ခဲ့'

'ဖိုးချွန်… မင်းကွာ ရှင်းမရတာတွေ ဖြစ်ကုန်တော့မယ်'

နောက်ဆုံးတော့ ခိုင်မြဲလည်း မထူးတော့ပါဘူးဆိုပြီး ဖိုးချွန်နဲ့ စားသောက်ဝိုင်းတွေရှိရာ လိုက်လာပါတယ်။

'နံပါတ်တစ် ဘယ်သူလဲ'

ဖိုးချွန်ရဲ့ အမေးစကားအဆုံး…

'ဒီမှာ… ဒီမှာ…'

အသက်လေးဆယ်အရွယ် မျက်မှန်နဲ့လူက လက်ညှိုးထောင်ပြပါတယ်။

'ခိုင်မြဲ… သွားတော့၊ ဆယ်မိနစ်ပြည့်ရင် ငါအချက်ပေးမယ်'

ဖိုးချွန်က ခိုင်မြဲကို နံပါတ်တစ်နေရာကနေ တန်းစီလို့ရထားတဲ့ လူရှိရာသို့ သွားခိုင်းလိုက်ပါတယ်။ ခိုင်မြဲလည်း မထူးပါဘူးဆိုပြီး အဲဒီဝိုင်းမှာ ထိုင်လိုက်ပါတယ်။ ထိုင်ထိုင်ချင်းဆိုသလို အဲဒီလူက…

'ကိုယ့်နာမည် တင်ရွှေ၊ အလုပ်က ကားဝယ်ရောင်း၊ ရော့… ဒီမှာ လက်စွပ်၊ အဲဒါ ရွှေငါးမူးသား'



ခိုင်မြဲလက်ထဲ လက်စွပ်အတင်းပေးလို့ ခိုင်မြဲက လက်စွပ်ကို မယူဘဲ ခံပေါ်ပြန်ချရင်း…

'မယူပါဘူး၊ ဘာလုပ်ရမှာလဲ'

'မငြင်းပါနဲ့ ရှင်းသန့်ရယ်၊ တို့က အမြဲတမ်း ရှင်းသန့်ကို အားပေးနေကျပါ၊ ဒီလက်စွပ်ကို ယူလာမယ့်တနင်္ဂနွေရောက်ရင် ကိုယ်တို့နှစ်ယောက် ငွေဆောင်ကိုသွားမယ်၊ ရေမီးအပြည့်အစုံပဲ ကားနဲ့ ဘယ်နေရာလာခေါ်ရမလဲ၊ ငွေဆောင်က ပြန်လာမှ ထပ်ပြီး ဆွဲကြိုးပေးမယ်'

'အိုး… ဘာလို့လိုက်ရမှာလဲ၊ လူကို ဘာမှတ်လို့လဲ'

ခိုင်မြဲက စိတ်ညစ်ညစ်နှင့် အတင်းငြင်းနေတုန်းမှာပဲ ဖိုးချွန်က ရောက်လာပြီး…

'ကဲ… ဆယ်မိနစ်ပြည့်ဖို့ နှစ်စက္ကန့်ပဲလိုတယ်၊ ရှင်းသန့် နောက်တစ်ဝိုင်းပြောင်းမယ်'

ဖိုးချွန်က ခိုင်မြဲကို စားပွဲဝိုင်းကနေ အတင်းထခိုင်းလိုက်ပါတယ်။

'တောက်… အချိန်ဆယ်မိနစ်ကလည်း မြန်လိုက်တာ၊ အချိန် ခိုးထားလား မသိဘူး'

မျက်မှန်နဲ့လူက မကျေမနပ်နဲ့ ညည်းတွားရင်းက သူ့ရှေ့မှာ ရှိနေတဲ့ ဘီယာခွက်ကိုယူပြီး မော့ချလိုက်ပါတယ်။

'နံပါတ်နှစ်… ဘယ်သူလဲ'

'ဝပါ၊ ဝပါ'

ဖိုးချွန်ရဲ့ အမေးစကားအဆုံး အသက်ငါးဆယ်အရွယ် ဗိုက်ရွှဲ လူမျိုးတစ်ဦးက လက်ညှိုးထောင်လိုက်ပါတယ်။ ခိုင်မြဲကတော့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကိုကြည့်ပြီး ဒီနေ့တော့ အကုသိုလ်အလုံးလိုက်ဝင်ပြီလို့…

'ထိုင်ပါ ခိလေးရယ်၊ ဝနာမည်က ကျင်စွမ်၊ ဝကတောသီချင်း ပြန်တန်ဆာမှာ ဝိုင်တဲ့ လီတွေ အမြားကြီးပဲ၊ ခိလေးကို လီကော နှစ်ဆယ်ပေးမယ်၊ ဝလေ ခိလေးနဲ့ တစ်ပတ်ကို သုံးရက်လောက် အချိန်ပိုင်းပဲ တွေ့ချင်တယ်၊ ဝ ဘာမှမိလုပ်ဘူး၊ ဝလေ ခိလေးရဲ့ မျက်နှာကိုကြည့်ပြီး ချစ်စကားတွေ ပြူးချင်လို့'

ခိုင်မြဲ ထိုင်ထိုင်ချင်းမှာပဲ အဲဒီတရုတ်ကြီးက ရင်တွင်းဖြစ်တွေ အပီရင်ဖွင့်လို့ ဘာပြန်ပြောရမှန်းမသိဘဲ ချွေးသီးချွေးပေါက်တွေ ကျလာပါတယ်။

'ဟော့… ထောင်ကဲ၊ အချိန်ပြည့်ပြီ'

အနီးနားသို့ ဖိုးချွန်က ရောက်လာပြီး လက်မှာပတ်ထားတဲ့ နာရီကို လက်ညှိုးနဲ့ညွှန်ပြပါတယ်။

'မာမီ… နင့်နာရီက မှန်ရော မှန်လို့လား၊ အီချိန်ရော တိကျလို့လား၊ ဝတော့ မိယုံဘူး'

'မယုံရင်လည်း ပုံပြင်မှတ် ထောင်ကဲရေ၊ လာ… ရှင်းသန့် နံပါတ်သုံး ဘယ်သူလဲ'

ဖိုးချွန်က ခိုင်မြဲလက်ကို ကိုင်ထားရင်းမှ မေးလို့ စကားသံ အဆုံးမှာ…

'အာရေး… နံပါတ်သုံးက ကုလားမီသွန်းပါ၊ လာပါ… လာပါ ရှီးသန့်'

အတော်တက်ကြွနေတဲ့ အသက်ငါးဆယ်အရွယ် အိန္ဒိယ လူမျိုးမီသွန်းကိုကြည့်ပြီး ခိုင်မြဲ စိတ်ပျက်သွားပါတယ်။

'ရှော့… ရှီးသန့်၊ ဒါ နာ ဘဏ်မှာအပ်ထားတဲ့ ဘဏ်စာအုပ်



နဲ့ နာပိုင်တဲ့တိုက်ခန်းစာချုပ်၊ ရှီးသန့်သာ နာ့ကို ထက်ထက် အိမ်မှာ ရှိတဲ့ ကလေးဆယ်ယောက်ကိုထားခဲ့ပြီး ရှီးသန့်ရဲ့ ရင်ခွင်ထဲ နာရိုင်း လာမယ်'

'အို… မဟုတ်တာ'

ခိုင်မြဲက ငြင်းကောင်းတုန်းရှိသေး ဖိုးချွန်က ရောက်လာပြီး…

'အချိန်စေ့ပြီ၊ နံပါတ်လေး ဘယ်သူလဲ'

'မာမီ… ကျွန်တော်ပဲ'

အသက်ခပ်ငယ်ငယ်လူငယ်က ထိုင်ရာမှ ထပြလိုက်ပါတယ်။ ခိုင်မြဲက ခုံမှာဝင်ထိုင်လိုက်တာနဲ့ အဲဒီလူငယ်က ခိုင်မြဲရဲ့လက်ကို ကိုင်လိုက်ရင်း…

'ဒီမှာ မမ၊ ကျွန်တော့်နာမည် ကျော်မောင်မောင်စိုး၊ မကို သိပ်ချစ်တယ်'

'အို… ဘာလုပ်တာလဲ၊ ဖယ်ပါ… လွှတ်ပါ'

လက်ရဲဇက်ရဲရှိတဲ့ လူငယ်ကောင်လေးကို ခိုင်မြဲက အတင်း ဆက်ဖယ်ချလိုက်ပါတယ်။

'ရပါတယ် မရယ်၊ လက်ကိုသာ ဖယ်ချလိုက်ပါ၊ နှလုံးသား ကို ဖယ်မချပါနဲ့၊ မသာ လက်ထပ်မယ်ဆို ကျွန်တော့်မိဘတွေရဲ့ စက်ရုံဂရမ်ကို မိဘတွေမသိအောင်ပေါင်ပြီး ရတဲ့ငွေတွေနဲ့ နိုင်ငံခြား မှာ ဒီကိုပြန်မလာဘဲ အတူသွားနေမယ်၊ လိုက်ရဲမလား မ'

ခိုင်မြဲအဖို့ တကယ့်အာဂလူတွေနဲ့ချည်း တွေ့နေပါလားလို့

'မဟုတ်တာ မောင်လေးရယ်၊ ဒါမျိုး မလုပ်သင့်ပါဘူး'

ခိုင်မြဲက နှစ်သိမ့်စကားပြောလို့အပြီးမှာ ဖိုးချွန်က ရောက်လာ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်းသန့် စုပေါင်းသီချင်းဆိုဖို့အချိန်ရောက်ပြီ၊ လာ'

ဖိုးချွန်က နိုင်မြဲကို ဆွဲခေါ်သွားတာ လူငယ်လေးက မျက်လုံးလေးပေကလပ်ပေကလပ်နဲ့ကြည့်ရင်း ကျန်ရစ်ခဲ့ပါတယ်။

၀ ၀ ၀

'အခုအချိန်မှစတင်ပြီး ပန်းတော်ဝင်စားတော်ဆက်မှ သမီးဖျိုလေးများက Group Song အစီအစဉ်ပဲဖြစ်ပါတယ်၊ နားဆင်ပေးပါဦး'

အစီအစဉ်ကြေညာတဲ့စကားသံအဆုံး ပန်းတော်ဝင်စားတော်ဆက်မှ အဆိုရှင်များက နိုင်မြဲအပါအဝင် စင်ပေါ်သို့ တက်လာကြပါတယ်။

*'ကိုကိုရေ ××× ဖွာယ်ရာမှာ ခြေမများနဲ့နော် ××× ကိုကိုရေ ×××'*

*'ဦးရယ်... သမီးရယ် ××× ဦးမလာတဲ့ရက်ကလေး များဆိုလွမ်းတယ် ဦးရယ် ×××'*

*'အရှိကို အရှိတိုင်းသာ ဖွင့်ပြောမည် ××× ကိုယ်က လည်းမင်းကိုချစ်သည် ×××'*

အဆိုရှင်မိန်းကလေးများက တစ်ယောက်ကို သီချင်းတစ်ကျော့စီဆိုရင်းနှင့် နိုင်မြဲ သီဆိုရမည့်အလှည့်သို့ ရောက်လာပါတယ်။ အဆိုရှင်မိန်းကလေးက နိုင်မြဲကို မိုက်ကရိုဖုန်းကမ်းပေးရင်း ခြေထောက်ကို လှုပ်နေရင်းမှ မသိမသာ သူမစီးထားတဲ့ ဒေါက်ဖိနပ်နှင့် နိုင်မြဲရဲ့ ခြေထောက်ကို နင်းပြီး ပညာပေးလိုက်ပါတယ်။

'အား...'

နိုင်မြဲ ခြေသန်းကို ဒေါက်ဖိနပ်က နင်းလိုက်သဖြင့် နိုင်မြဲ ပါးစပ်ကနေ နာလို့ အသံထွက်သွားပါတယ်။ နိုင်မြဲက သူ့ကို ဆုံးမပြီဆိုတာ ကောင်းကောင်းသိလိုက်ပါတယ်။ ဒါပေမဲ့ ပြဿနာဖြစ်မှာစိုးလို့ ဟန်မပျက် သီချင်းကို ဆိုလိုက်ပါတယ်။

*'အချစ်ဆိုသည်မှာ ×××*

*ပျော်မြူးကြတဲ့အခါ ××× လမင်းတစ်ရာ ×××*

*အချစ်ဆိုသည်မှာ ××× ဝမ်းနည်းတဲ့အခါ ×××*

*နေမင်းကုဋေကုဋာ ××× ခံစားချက်တို့ မွေးဖွားရာ နေရာ'*

နိုင်မြဲက သူ့သီချင်းဆိုပြီးတော့ နောက်ထပ်သီဆိုမယ့်သူတစ်ဦးကို မိုက်ကရိုဖုန်း ကမ်းပေးလိုက်တဲ့အချိန်မှာ ပန်းကုံးတက်စွပ်သူတွေကလည်း သူ့ထက်ငါ သီဆိုနေတဲ့သူတွေကို စွပ်ကြပါတယ်။ ဒီလိုနဲ့ အဖွဲ့လိုက်စုပေါင်းသီချင်းဆိုတဲ့အခါ တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး သီဆိုနေတုန်း နိုင်မြဲနဲ့ လက်ချင်းချိတ်ထားသူက နိုင်မြဲလက်ကို သူမရဲ့လက်သဲနှင့် သီချင်းစုပေါင်းသီဆိုနေစဉ် တောက်လျှောက်ဆိတ်လို့နေပါတယ်။ နိုင်မြဲက လက်ကိုရုန်းလိုက် သင်းကဆိတ်လိုက်နှင့် နိုင်မြဲ တော်တော်ဒေါသဖြစ်သွားပါတယ်။ အဖွဲ့လိုက်စုပေါင်းသီချင်းဆိုပြီးသွားတဲ့အခါ တစ်ယောက်ချင်းစီ လက်အုပ်ချီနှုတ်ဆက်ပြီး စင်ပေါ်ကနေ ဆင်းသွားကြပါတယ်။ နိုင်မြဲအလှည့်ရောက်လာတဲ့အခါ နိုင်မြဲက လက်အုပ်ချီပြီး လှည့်အထွက်မှာ သူ့ဘေးက အဆိုရှင်အမျိုးသမီးက မသိမသာ ခြေထောက်ထိုးခံလိုက်လို့ စင်ပေါ်မှာ ပစ်လဲမလိုဖြစ်တာ မနည်းထိန်းလိုက်ရပါတယ်။ နိုင်မြဲက 'တောက်'ခေါက်လိုက်ရင်းမှ အဲဒီအဆိုရှင်ကို ဒေါသအကြည့်နဲ့ကြည့်ရင်း စင်ပေါ်ကနေ ဆင်းသွားပါတယ်။

www.burmeseclassic.com



ဒီမြင်ကွင်းကို စင်အောက်ကောင်တာမှာရှိနေတဲ့ ရွှေအိကလည်း မြင်နေရပါတယ်။ ခိုင်မြဲကို ကောင်းကောင်းမနောလိုလို့ ပညာပေးနေတယ်ဆိုတာ သိလိုက်ရပါတယ်။ လက်သီးကိုကျစ်ကျစ်ပါအောင်ရင်း အဆိုတော်အမျိုးသမီးတွေရှိတဲ့အခန်းကို သွားပါတယ်။

◎ ◎ ◎

'ဟဲ့… နင်တို့ စောစောက ငါ့ကို ဘယ်လိုလုပ်တာလဲ။ နင်တို့ စိတ်ထားယုတ်လှချည်လား'

ခိုင်မြဲက အခန်းထဲလည်းရောက်ရော ယောကျ်ားတစ်ယောက်လို လက်သီးနဲ့ဆွဲထိုးချင်ပေမယ့် မိန်းမတစ်ယောက်ရဲ့ လေသံမျိုးနဲ့ အလိမ်ပေါ်မှာစိုးလို့ ရန်တွေ့လိုက်ရပါတယ်။

'ဘာဖြစ်လဲ၊ ဒီလိုပညာပေးတာ နည်းတောင် နည်းသေးတယ်၊ ဒီထက်ကို ပညာပေးမလို့ သီချင်းအစီအစဉ်က ပြီးသွားလို့'

ခိုင်မြဲကို ခြေထောက်ထိုးခံတဲ့ အဆိုတော်အမျိုးသမီးက မကျေနပ်တဲ့လေသံနဲ့ ပြန်ပြောပါတယ်။

'ဟဲ့… ငါ မပြောချင်လို့ ညည်းတို့တစ်တွေ တစ်ကြိတ်တည်းတစ်ညာဏ်တည်းသမားတွေမှန်း ငါ အကုန်သိတယ်၊ မာမီချုန်နဲ့တဲ့ ဘာမှတ်လဲ'

'ဒီလိုပေညာပေးတော့ ဘာလုပ်ချင်လဲ၊ မိန်းမလျာကများ'

ဖိုးချုန်က ခိုင်မြဲနဲ့ ဘေးချင်းကပ်ရှိနေရာက လှမ်းရန်အတွေ့မှာ ခိုင်မြဲကို လက်သည်းနဲ့ဆိတ်တဲ့ အဆိုတော်အမျိုးသမီးက ဖိုးချုန်ကို ပြန်ရန်တွေ့ပါတယ်။



'ဟဲ့… နင်တို့တွေ တရားလွန်တယ်၊ ငါ ကောင်တာကနေအားလုံးမြင်တယ်၊ ရှင်းသန့်ကို နင်တို့က မနောလိုလို့ ဒီလိုပညာပေးတာဆိုတာ ငါသိတယ်၊ ဒါ နောက်ဆုံးဖြစ်ပစေ၊ နောက်တစ်ခါဆို ဘယ်သူမှ ဒီဆိုင်မှာ မခန့်ဘူး၊ မကျေနပ်ရင် အခုပဲ အလုပ်ထွက်လို့ရတယ်၊ သူ့ပါရမီနဲ့သူ အသံကောင်းလို့ လူတွေသဘောကျတာ ဘာဖြစ်လဲ'

စကားများရန်ဖြစ်နေတုန်း ရွှေအိက ရောက်လာပြီး ပွဲကြမ်းပါတော့တယ်။ အဆိုတော်အမျိုးသမီးတွေက ရွှေအိကို မကျေနပ်တဲ့အကြည့်တွေနဲ့ ကြည့်ရင်းက ဘာလေသံမှ မဟ။

ရွှေအိက ခိုင်မြဲကို ကြည့်လိုက်ပြီး…

'ရှင်းသန့်… မင်းတို့ကို စိတ်မချတော့ဘူး၊ တို့ တစ်ခုခုတော့ လုပ်ရတော့မယ်'

'ရွှေအိ… မာမီချုန့်ကို ပြောဦးလေ၊ ဘာတစ်ခုခုလုပ်မှာလဲ'

'မာမီချုန် သိစရာမလိုပါဘူး၊ ကိုယ့်ဘာသာကိုယ် စီစဉ်မယ်'

ရွှေအိတစ်ယောက် ဘာတွေစိတ်မချလို့ ဘာတွေစီစဉ်မလဲဆိုတာ ခိုင်မြဲတစ်ယောက် ရွှေအိကိုကြည့်ရင်းက မသိရေးချ မသိတော့ပါ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်တာတွေ
ဖြစ်တတ်တာဟာ
ဘဝလားဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ဦးကျော်ခွေက ကွမ်းဝါးနေရင်းကနေ စိတ်ပျက်လက်ပျက် ပုံစံရှိနေတဲ့ နိုင်မြဲကို လှမ်းကြည့်လိုက်ပါတယ်။ ဖိုးချွန်ကတော့ မိန်းမ အင်္ကျီတွေကို မီးပူတိုက်နေလို့။

'ကျွန်တော်တော့ ဒီအလုပ်ကို စွန့်လွှတ်ချင်ပြီ ဦးလေးရာ၊ ဘယ်နေ့အလိမ်ပေါ်မလဲဆိုတာ အဲဒီဆိုင်မှာ သီချင်းဆိုရတိုင်း ရင်တထိတ်ထိတ်နဲ့၊ ဒီကြားထဲ ကျွန်တော့်ကို မိန်းမအထင်နဲ့ လာကြောင်တဲ့ သူတွေကို ဖြေရှင်းရတာက တစ်ဒုက္ခ'

'ဒီထက်ဆိုးတာ ရှိသေးတယ်လေ၊ နိုင်မြဲရဲ့ ဟိုယောကျ်ားမ ရွှေအိကလည်း မင်းကို မိန်းမထင်ပြီး ချစ်ရေးဆိုရုံမက ဟိုတစ်နေ့က ပြောပုံအရဆို ဘာစီစဉ်ဦးမလဲ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲဟေ့'

ဖိုးချွန်က မီးပူတိုက်ပြီးသား အဝတ်အစားတွေကို ခေါက်လိုက် ပါတယ်။

'နိုင်မြဲရာ… နည်းနည်းတော့ စဉ်းစားဦး၊ ဦးလေး ပွဲစား အလုပ်မကောင်းတဲ့အချိန် မင်းဆီကရတဲ့ ဝင်ငွေတွေနဲ့ တို့သုံးယောက် ရပ်တည်နေရတာ၊ နည်းနည်းတော့ တောင့်ခံထားပါဦး၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အခု လို မိန်းကလေးပုံစံမျိုးနဲ့ သီချင်းဆိုတဲ့ဘဝကိုတော့ ပိပိရိရိ သိုသိပ် ထား၊ တော်ကြာ သုံးယောက် ပါးစပ်ပေါက်တွေ အလိမ်ပေါ်လို့ ဝိတ်ကုန်မယ်'

ဦးကျော်ဆွေ ပြောတဲ့စကားကို နားထောင်နေတဲ့ ခိုင်မြဲ ရုတ်တရက်ဆိုသလို တစ်စုံတစ်ယောက်ကို သတိရသွားပါတယ်။

'ဖိုးချွန်ရာ... ငါလေ အခုမှ သတိရတယ်၊ နှင်းဆီဦးကို သိပ်တွေ့ချင်တာပဲကွာ၊ ဘယ်လိုထပ်တွေ့ရမလဲ မသိဘူး'

'အေး... နှင်းဆီဦးကိုတွေ့ဖို့ထက် မင်း ရှေ့ဆက်ဘာဖြစ်လာမလဲ ငါ စိတ်ဝင်စားတယ်'

ဖိုးချွန် စိတ်ဝင်စားသလို ခိုင်မြဲလည်း ရှေ့ဆက်ဘယ်လိုဖြစ်လာမလဲ စိတ်ဝင်စားနေမိတာတော့ အမှန်ပါ။

○ ○ ○

ဦးမောင်မောင်ဦး ဖတ်နေတဲ့ ဂျာနယ်ကို စားပွဲပေါ် ချလိုက်ပါတယ်။ ပြီးတော့ ရှေ့မှာရှိနေတဲ့ ကော်ဖီခွက်ကိုယူပြီး တစ်ငုံမော့လိုက်ပြီး သောက်လိုက်ပါတယ်။

'ဒယ်ဒီ... ဒီတစ်ပတ်ထုတ်တဲ့ ဂျာနယ်ထဲမှာ ဘာသတင်းထူးပါလဲ'

နှင်းဆီဦးက ဦးမောင်မောင်ဦးအနား ရောက်လာရင်း စားပွဲပေါ် ချထားတဲ့ ဂျာနယ်ကိုယူပြီး ဖတ်မလို့ဟန်ပြင်နေတုန်း...

'ဒယ်ဒီ တစ်ခုစဉ်းစားမိတယ်'

'ဘာစဉ်းစားမိလို့လဲ ဒယ်ဒီရဲ့'

'သြော်... ဂျာနယ်ထဲမှာ သီချင်းဆိုပြိုင်ပွဲအတွက် ကြေညာ



တာဖတ်ရတော့ ရုပ်သံဌာနတွေကတောင် အဆိုရှင်အသစ်တွေ ပေါ်ထွက်ဖို့လုပ်နေတာ၊ ဒယ်ဒီတို့လည်း အဆိုတော်သစ်တင်ရင် ကောင်းမလားလို့'

ဦးမောင်မောင်ဦးစကား နားထောင်နေတဲ့ နှင်းဆီဦးက ဖတ်မလို့လုပ်နေတဲ့ဂျာနယ်ကို စားပွဲပေါ်ပြန်ချထားလိုက်ပြီး...

'ဒယ်ဒီရာ... အဆိုတော်သစ်တင်တာက ကိစ္စမရှိဘူး၊ ဒယ်ဒီတင်တဲ့ အဆိုတော်သစ်က အောင်မြင်ပါရဲ့၊ ခိုးကူးသမားတွေကြောင့် ရှုံးမှာနော်'

'သမီးရယ်... လူတိုင်း ခိုးကူးခွေတွေဝယ်တာမှ မဟုတ်တာ၊ ဒယ်ဒီတို့ အသစ်တင်မယ့် အဆိုတော်က နာမည်ကြီးမယ်၊ ဂီတနယ်ပယ်မှာ လူတစ်လုံးသူတစ်လုံး ဖြစ်လာမယ်၊ ပရိသတ်က စိတ်ဝင်စားမယ့်သူကို အခွေထုတ်ပေးလို့ ခိုးကူးခွေအားမပေးဘဲ မူရင်းအခွေဝယ်တဲ့သူတွေရှိလို့ အရင်းရရင် ဒယ်ဒီတို့ အဆိုတော်တစ်ယောက်ကို မွေးဖွား ရကျိုးနပ်ပါတယ်'

'ဒါဆိုလည်း ဒယ်ဒီ့သဘောပဲလေ'

'ဒီလိုဆို သမီး ဂျာနယ်တွေ သတင်းစာတွေမှာ အဆိုတော်သစ်တင်မယ့်ကိစ္စ စီစဉ်စရာရှိတာ စီစဉ်ပြီး ကြော်ငြာတွေထည့်ဖို့ စီစဉ်ပေတော့'

နှင်းဆီဦးက သိလိုက်ပါတယ်။ သူမဖခင်ဟာ အလုပ်တစ်ခုကို အကွက်ကျကျစီစဉ်ပြီး အောင်မြင်အောင်လုပ်တတ်လို့ပါပဲ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲမှာ ဆူညံနေတဲ့သီချင်းကိုတောင် အာရုံ ထားဘဲ ခိုင်မြဲက ဖတ်နေတဲ့ဂျာနယ်ထဲက ကြော်ငြာကို ထပ်တလဲလဲဖတ်ပြီး စိတ်ဝင်စားသွားပါတယ်။

'ဖိုးချွန်… ဒီဂျာနယ်ထဲက ကြော်ငြာကို ဖတ်ကြည့်စမ်း၊ သီချင်းခွေထုတ်ပေးဖို့ အဆိုတော်သစ်ရွေးမယ်တဲ့'

ခိုင်မြဲက ဖိုးချွန်လက်ထဲ ဂျာနယ်ကို ပေးလိုက်ပါတယ်။

'ခိုင်မြဲ… ကြယ်စင်တေးသံသွင်းတဲ့၊ ဒါ ဟို… ဟို… နှင်းဆီဦးတို့ဆိုင်ပဲကွ'

ဖိုးချွန်က အလန့်တကြားနဲ့ ဂျာနယ်ထဲက ကြော်ငြာကိုကြည့်ပြီး ခိုင်မြဲကို ပြောပါတယ်။

'ဖိုးချွန်ရာ… ငါ့အတွက် အခွင့်အရေးတစ်ခုတော့ ရပါရဲ့၊ အဲဒီအခွင့်အရေးက ငါသိပ်ဖြစ်ချင်တဲ့ အဆိုတော်ဖြစ်ဖို့ ကံကြမ္မာက တိုက်တွန်းပို့လိုက်သလိုမျိုး ဒီအဆိုပြိုင်ပွဲကို ငါဝင်ပြိုင်ရင် ငါ့ကိုယ်ငါယုံတယ်၊ ငါအဆိုရှင်ရွေးခံရမယ်လို့၊ ဒါပေမဲ့ နှင်းဆီဦးတို့ တေးသံသွင်းဆိုင်က ဖြစ်နေတော့ ငါ ဘာလုပ်ရမှန်း မသိတော့ဘူး'

ဖိုးချွန်က ခိုင်မြဲစကားကို နားထောင်ရင်းမှ…

'ဟေ့ကောင် ခိုင်မြဲ၊ နှင်းဆီဦးက မင်းကို မိန်းကလေးဖြစ်တဲ့ ရှင်းသန့်လိုမျိုးပဲ သိတာလေ၊ ဒီတော့ မင်းရဲ့ အခုပုံစံ ယောကျ်ားလေးပုံစံမျိုးနဲ့ပဲ သွားပြိုင်ပေါ့ကွ၊ ဘာဖြစ်လဲ… နောက်မှ ရှုပ်လာရင် ကြည့်ရှင်းမယ်၊ အဓိက မင်း အဆိုတော်ဖြစ်ချင်တာ မဟုတ်လား'

'အေးကွာ… ဖြစ်ချင်တာဖြစ် ဖိုးချွန်၊ မင်းပြောတဲ့အတိုင်း ငါလုပ်မယ်'



ခိုင်မြဲ ဆုံးဖြတ်ချက်ကို ချလိုက်ပါတယ်။ ဖြစ်ချင်တာဖြစ် အဆိုတော်ရွေးချယ်ပွဲကို ဝင်ပြိုင်မယ်လို့။

❂ ❂ ❂

ခိုင်မြဲ အဆိုတော်ပြိုင်ပွဲရွေးဖို့ 'ကြယ်စင်'တေးသံသွင်းဆိုင်ထဲမှာ လျှောက်လွှာစာရွက်ကို ကြည့်နေပေမယ့် စိတ်တွေလှုပ်ရှားနေပါတယ်။ သူ့အဖို့ လျှောက်လွှာစာရွက်ကြည့်နေတုန်းမှာ နှင်းဆီဦးများ တွေ့လေမလားလို့ စိုးရိမ်စိတ်တွေ ဝင်နေမိပါတယ်။

'ဒီမှာ ရှင့်ကို ကျွန်မ တစ်နေရာမှာ တွေ့ဖူးသလားလို့'

အဆိုရှင်ရွေးချယ်ဖို့ ဖောင်ဖြည့်ပြီးသွားလို့ ခိုင်မြဲက တေးသံသွင်းဆိုင်ဝန်ထမ်းကောင်မလေးကို ပေးပြီးတဲ့အချိန်မှာ မထင်မှတ်ဘဲ နှင်းဆီဦးက သူ့နားရောက်လာပြီး သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း မေးလိုက်ပါတယ်။ ခိုင်မြဲခမျာ ဘာဖြေရမှန်း မသိ။

'ဟုတ်ပါတယ်၊ ရှင့်ကို ကျွန်မ ရင်းရင်းနှီးနှီးမြင်ဖူးပါတယ်'

နှင်းဆီဦးက ခိုင်မြဲရဲ့မျက်နှာကို ထပ်ကြည့်ရင်းက ထပ်ပြောပြန်လို့ ခိုင်မြဲတစ်ယောက် အလိမ်မပေါ်ခင် ဒီနေရာကနေ မြန်မြန်ထွက်မှဖြစ်မယ်လို့။

'လူချင်းတူလို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်က အဆိုဝါသနာပါလွန်းလို့သာ လာလျှောက်ရတာ၊ မဝ့ံမရဲဖြစ်တာကတော့ အမှန်ပဲ'

'ဟုတ်မှာပါလေ၊ လူတွေဟာ တစ်ခါတလေ တူတတ်တာပဲ၊ ဒါနဲ့ ရှင်က အဆိုကို တော်တော်ဝါသနာပါလား'

'ပါတာပေါ့ဗျာ၊ အဆိုတော် သိပ်ဖြစ်ချင်တာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို အသံစစ်ဆေးပြီး ပြိုင်မယ့်နေ့ကျရင် နောက်မကျစေနဲ့'

'ဟုတ်ကဲ့… သွားပါဦးမယ်'

စကားစကို အမြန်ဖြတ်ပြီး ခိုင်မြဲတစ်ယောက် တေးသံသွင်းဆိုင်ထဲကနေ သုတ်ခြေတင်ထွက်သွားပါတယ်။ မထွက်သွားလို့က မဖြစ်။ ကြာကြာနေရင် အလိမ်တွေပေါ်လို့ ဟုတ်မှေ့ဖြစ်နေမှာ။

ဒီအကြောင်း ဖိုးချွန်ကိုပြောလို့က ဖိုးချွန်က ဘာတွေပြန်ပြောလေမလဲ မသိ။

နောက်တစ်နည်း စဉ်းစားကြည့်မယ်ဆိုလျှင်တော့ ဒီလိုဖြစ်လာတာဟာ နှင်းဆီဦးနဲ့ သူနဲ့ နီးစပ်ဖို့ ကံကြမ္မာက ဖန်တီးပေးလိုက်တာလား မသိလို့။

○ ○ ○

ခိုင်မြဲတစ်ယောက် ဖိုးချွန်နဲ့ ဒီနေ့ 'ပန်းတော်ဝင်'စားသောက်ဆိုင်ကိုသာ လာခဲ့ရတယ်။ စိတ်ထဲက သိပ်မပါဘူး။ သူ့စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေတာက နှင်းဆီဦးတို့ တေးသံသွင်းက အဆိုတော်သစ်ရွေးမယ့် ပြိုင်ပွဲနေ့ကျရင် သီချင်းမှ ကောင်းကောင်းဆိုနိုင်ပါ့မလား၊ ပြီးတော့ ဘယ်လိုဆက်ဖြစ်မလဲဆိုတာတွေပါ။

ဆိုင်ထဲကို ဝင်ခါနီးမှာ စင်မြင့်က တေးဂီတသံတောင် ကြားနေရတယ်။ ဒီနေ့ လာတာနောက်ကျတော့ အဝတ်အစားမြန်မြန်လဲရမယ်လို့။ အဝတ်အစားလဲတာက အရေးမကြီးသေးဘူး။ အရေးကြီးတာက ကိုယ်အဝတ်အစားလဲနေတဲ့အချိန် လူတွေမမြင်အောင်လည်း လုပ်ရ ဦးမယ်လို့။ နို့မို့ဆို အလိမ်ပေါ်ပြီ။



'ရှင်းသန့်… ဒီမှာ ခဏထိုင်ပါဦး၊ ကိုယ်စောင့်ရတာ ကြာလှပြီ'

ဆိုင်ထဲကိုအဝင်မှာ စားပွဲဝိုင်းမှာရှိနေတဲ့ လူတစ်ယောက်တလက်လှမ်းဆွဲလိုက်လို့ ကြည့်လိုက်တော့ ကားပွဲစား ကျော်ကြီးဖြစ်နေပါတယ်။ သူ့ကြည့်ရတာ တော်တော်လေးကို ရေချိန်ကိုက်နေပုံရပါတယ်။

'ကျွန်မ ထိုင်ဖို့အချိန်မရှိဘူး၊ သီချင်းဆိုရတော့မယ်၊ ကျွန်မလက်ကို လွှတ်ပါ'

ခိုင်မြဲက သူ့လက်ကို အတင်းရုန်းပေမယ့် ကားပွဲစားကျော်ကြီးက လုံးဝလက်ကိုမလွှတ်ဘဲ…

'ကိုယ် ရှင်းသန့်ရဲ့လက်ကို မလွှတ်နိုင်ဘူး၊ ဒီဆိုင်မှာ ကိုယ့်အပေါင်းအသင်းတွေကို ငွေကုန်ကြေးကျခံပြီး လာထိုင်တာ ဘာဖြစ်လို့လဲ သိလား၊ မင်းကို မြတ်နိုးလို့၊ မင်းကို လက်ထပ်မယ်၊ ထိုင်ပါဦး… လက်ထပ်ဖို့အကြောင်း ပြောချင်တယ်'

ကားပွဲစားကျော်ကြီးက မူးလာတဲ့အရှိန်က တက်လာလို့လား မသိ လက်ရဲဇက်ရဲပိုနိုင်လာပါတယ်။

'အို… ရှင်းသန့်လက်ကို လွှတ်ပါ'

ခိုင်မြဲက ထပ်ရုန်းပေမယ့် ပွဲစားကျော်ကြီးက ခိုင်မြဲလက်ကို လုံးဝမလွှတ်။

'ဟဲ့အကောင်… ငါ့သမီးလက်ကို လွှတ်စမ်း၊ နင် လွန်နေပြီ'

ဖိုးချွန်က မနေနိုင်လို့ ဝင်ရန်တွေ့ပြန်ပါတော့တယ်။

'ဒီမှာ ယောက်ျားမကျ မိန်းမမကျ၊ ကိုယ့်ဘာသာကိုယ်နေ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်းသန့်… မင်းက ကိုယ့်ဆန္ဒကို မလိုက်လျောရင် ကျော်ကြီးဆိုတဲ့ကောင်က ကားပွဲစားပီပီ ကြိုက်တဲ့ကားနဲ့ တင်ပြေးလို့ရတယ် ဆိုတာ မင်းမှတ်ထားလိုက်'

ကားပွဲစားကျော်ကြီး လေသံတွေက နည်းနည်းမာလာပါတယ်။

'ဟဲ့… ဆိုင်ထဲမှာ ဒီလိုဆွဲလားရမ်းလား လုပ်တာမျိုးတွေ ငါ သည်းမခံဘူး ကျော်ကြီး၊ ဖောက်သည်တွေဖြစ်နေလို့နော်'

ခိုင်မြဲတို့ရှိနေတဲ့ နေရာကို ရွှေအိက ရောက်လာပါတယ်။ ပြီးတော့ ကျော်ကြီးကို အဝီ 'ကော'ပါတော့တယ်။

'ရှင်းသန့်… သွားတော့၊ တို့ ကြည့်ရှင်းလိုက်မယ်'

ခိုင်မြဲက ကျော်ကြီးလက်ကို ပုတ်ချရင်း အနီးအနားကနေ ထွက်သွားပါတယ်။

'ကျော်ကြီးရာ… မင်းလုပ်ပုံက ငါတို့တွေ မျက်နှာပူတတ်တယ်၊ အေးအေးဆေးဆေး ရင်ဖွင့်လို့ရတဲ့ဟာကွာ'

ကျော်ကြီးရဲ့ သူငယ်ချင်းတွေက ကျော်ကြီးကို ဝိုင်းပြောပါတယ်။

မသိဘူးကွာ၊ ချစ်တာပဲ ကျော်ကြီး သိတယ်၊ တစ်နေ့ ရှင်းသန့် ကို ပိုင်ဆိုင်ရမယ်၊ အရက်ထပ်ထည့်'

'ကျော်ကြီးကတော့ကွာ'

ကျော်ကြီးရဲ့ သူငယ်ချင်းတစ်ဦးက ပြောရင်းဆိုရင်းကနေ အရက်ခွက်ထဲ အရက်နည်းနည်းထပ်ထည့်ပေးလိုက်ပါတယ်။

'ဟေ့ကောင်တွေ… နင်တို့သူငယ်ချင်း ထိန်းထားလိုက်ဦး။ ဒီကောင်မူးတာ လွန်နေပြီ'



ရွှေအိက ကျော်ကြီးရဲ့သူငယ်ချင်းတွေကို သတိပေးစကားဆိုပြီး အနီးအနားကနေ ထွက်သွားပါတယ်။

ကျော်ကြီးကတော့ ခွက်ထဲကအရက်ကို ရေအမှတ် တစ်ကျိုက် တည်းမော့ချလိုက်တာ မျက်နှာတောင် ရှုံ့သွားပါတယ်။

❒ ❒ ❒

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မထင်ပါဘူး
ဖြစ်ချင်တာရော
မဖြစ်ချင်တာတွေရော
တစ်လှည့်စီကြုံတွေ့ရတာ
ကျွန်တော့်ကုသိုလ်ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ခန်းမထဲမှာ လူက တော်တော်များလို့နေပါတယ်။ စင်မြင့်ထက်မှာ 'ကြယ်စင်'တေးသံသွင်းရဲ့ အမျိုးသားအဆိုရှင်ရွေးချယ်ဖို့အတွက် ပြိုင်ပွဲဝင်သူတွေက တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်လို့နေပါတယ်။ စင်မြင့်အောက်မှာလည်း အမှတ်ပေးရွေးချယ်တဲ့ သီချင်းရေးဆရာတွေရော စာနယ်ဇင်းက ဖိတ်ကြားထားသူတွေပါ အားလုံးကစိတ်ဝင်တစားနဲ့ ရှိနေကြပါတယ်။

ခိုင်မြဲကတော့ သူ့အလှည့်ရောက်ခါနီးပြီမို့ ရင်တွေတုန်နေပါတယ်။ ဒီပြိုင်ပွဲဟာ သူဖြစ်ချင်တဲ့ အဆိုတော်ဘဝကို အဆုံးအဖြတ်ပေးမယ့် ပြိုင်ပွဲလည်း ဖြစ်နေလို့ပါ။ သူ့ရည်မှန်းချက်တွေနဲ့ ရန်ကုန်ကိုနယ်ကနေ လာခဲ့တာ။ ဒီရည်မှန်းချက်ကို အပျက်ခံလို့မရဘဲ ကြိုးစားပြိုင်ပွဲဝင်မယ်လို့။ သူဟာ ဒီပြိုင်ပွဲမှာ အရွေးခံရလို့ကတော့ သူဟန်ဆောင်ထားရတဲ့ဘဝက လွတ်ပြီကျွတ်ပြီလို့။

'ဆက်လက်ပြီး ပြိုင်ပွဲဝင်မယ့် ခိုင်မြဲ စင်မြင့်ပေါ်ကိုကြွဖို့ဖိတ်ခေါ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



*'အတူလျှောက်ဖူးတဲ့ xxx ဖျက်အိုပေါင်း xxx အတူ ကြည်နူးခွင့်ချစ်ရိပ်များ xxx'*

နိုင်မြဲက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ပရိသတ်တွေရဲ့ လက်ခုပ်သံတွေကို ကြားလိုက်ရပါတယ်။

မထင်ထားပါဘူး။ နှင်းဆီဦးက သူဆိုတာကို မျက်တောင်မခတ် စူးစိုက်အားပေးနေလို့ သူ့အဖို့ အားအင်တွေဖြစ်လာသလို ခံစားရင်းက ဒီပွဲမှာ နိုင်ပြီလို့ စိတ်ထဲကနေ ကြွေးကြော်လိုက်ပါတယ်။

*'မင်းမရှိတဲ့ xxx မြို့တော်မှာ xxx ကိုယ်ဟာ ထွက်ပေါက်တစ်ခုတော့ xxx တွေ့ရှာမလွယ်ကူပါ xxx ပြေးဖို့ မြေမရှိ xxx တွေးရင်း xxx ဆွေးရင်း xxx လွမ်းနေမှာ xxx'*

သီချင်းဆိုပြီးသွားလို့ နိုင်မြဲ စင်ပေါ်ကအဆင်းမှာ နှင်းဆီဦးက သူ့ကို ပြုံးပြပါတယ်။ ပြီးတော့ လက်မလည်း ထောင်ပြတယ်။ နိုင်မြဲ သိလိုက်ပါပြီ။ ဒါဟာ သူ သီချင်းဆိုပြိုင်ပွဲဝင်တာ အဆင်ပြေမယ့် နိမိတ်ပဲလို့။

ဒီလိုနဲ့ အဆိုရှင်ရွေးချယ်ဖို့ သီချင်းဆိုပြိုင်ပွဲ ကျင်းပလို့ပြီးတဲ့အခါ အစီစဉ်တင်ဆက်သူက ကြေညာပါတယ်။

'အခု ဝင်ရောက်ယှဉ်ပြိုင်သွားသူတွေထဲက ဘယ်သူဟာ ကြယ်စင်တေးသံသွင်းက အဆိုရှင်ဖြစ်မလဲ လာမယ့်ဗုဒ္ဓဟူးနေ့မှာ ကြယ်စင်တေးသံသွင်းရှေ့မှာ ရွေးချယ်သူရဲ့ အမည်စာရင်းကို ကြေညာထားပါမယ်။ အဲဒီရွေးချယ်ခံရသူဟာ ဘာဆက်လုပ်ရမယ်ဆိုတာကိုပါ အဲဒီ ကြေညာချက်မှာ ထုတ်ပြန်ပေးထားပါ့မယ်'

အစီအစဉ် တင်ဆက်သူရဲ့ စကားအဆုံးမှာတော့ အားလုံးက အခမ်းအနားပြီးသွားလို့ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ ပွဲသိမ်းလိုက်ပါတယ်။



နိုင်မြဲက ဘာရယ်လို့တော့ မသိ။ ပြန်ခါနီးမှာ နှင်းဆီဦးကို လက်ပြနှုတ်ဆက်တော့ ဟိုကလည်း လက်ပြပြီး ပြန်နှုတ်ဆက်လို့။ ဒါကိုပဲ နိုင်မြဲက အကျေနပ်ကြီး ကျေနပ်လို့နေလေရဲ့။

ဘဝမှာ တစ်ခုမဟုတ်တစ်ခု အောင်မြင်ရမှာပေါ့။

o o o

'အဆိုအသစ်ရွေးချယ်ပွဲမှာ ငါသာ အရွေးခံရရင်တော့ ပွဲကြီးပေါ့ကွာ၊ ငါဖြစ်ချင်တဲ့ အဆိုတော်လည်း ဖြစ်ရမယ်၊ ပြီးတော့ မိန်းလို ဟန်ဆောင်ထားရတဲ့ ဘဝကလည်း လွတ်ပြီ ကျွတ်ပြီပေါ့ကွာ။ ငါဆုတောင်းပါတယ်၊ ဒီလက်ရှိဘဝကြီးက လွတ်ပါစေလို့'

နိုင်မြဲက သူ့ခံစားချက်တွေကို ရင်ဖွင့်နေပေမယ့် ဖိုးချွန်က တစ်စုံတစ်ခုကို စဉ်းစားနေပါတယ်။

'နိုင်မြဲ မင်း အခုဖြစ်နေတဲ့ဟာကြီးက ယောကျ်ားဘဝနဲ့ မိန်းမ ဘဝ နှစ်ဘဝဖြစ်နေတော့ တော်တော်ပိရိမှနော်၊ မပိရိရင် ဟိုလည်းလွတ် ဒီလည်းလွတ်ဖြစ်နေမှာ၊ အဲဒီတော့ မင်းဘတ်ထ အဆိုတော်ဖြစ်သွားတဲ့အခါ ဘယ်လိုလုပ်မလဲ၊ အဲဒါတွေက မှိုသေးတယ်'

'ဘယ်တတ်နိုင်မလဲကွာ၊ နဂိုကတည်းကမှ ရှင်းလို့မရဘဲ ရှုပ်နေတာ၊ ဖြစ်လာမှသာ ဖြစ်ရော၊ တစ်ခုခုကိုတော့ အဆင်ပြေအောင် လုပ်ရမှာပဲ'

'အေး… အဆင်ပြေပါစေလို့ ပြောရမှာပဲ၊ မင်းတို့ မိန်းမ အမှတ်နဲ့ ဆိုင်မှာလာစားသောက်တဲ့ လူတွေက ဖလန်း ဖလန်းထတာ

www.burmeseclassic.com

www.burmeseclassic.com



ကတဲစ်မျိုး ဟို ယောကျ်ားမရှေ့အိကလည်း မင်းကို အလွတ်မပေး၊ ငါသာ မင်းနေရာမှာဆိုရင်တော့ မင်းလောက် ဟန်ဆောင်နိုင်ပါ့မလား လို့'

'ဒါတွေအားလုံးဟာ ရွာကနေထွက်လာတဲ့ ငါ့အဖို့ အဆိုတော် ဖြစ်ချင်လို့ ဖြစ်လာတာပဲ ငါထင်ပါတယ်၊ ငါ့ရည်ရွယ်ချက် ဒီလောက် ပဋိပက္ခတွေကြားထဲက အောင်မြင်ရမယ်ဆိုတာ'

နိုင်မြဲက သူ့ခံယူချက်ကို ယုံယုံကြည်ကြည်နဲ့ ပြောလိုက်တာကို ဖိုးချွန်က ဘာမှပြန်မပြောဘဲ အနီးအနားရှိ ဂျာနယ်တစ်စောင်ကို ကောက်ဖတ်လိုက်တယ်။ ဂျာနယ်မျက်နှာဖုံးပေါ်မှာတော့ နာမည်ကြီး အဆိုတော်က ပျော်ပြီး သီချင်းဆိုလို့နေလေရဲ့။

○ ○ ○

နိုင်မြဲ စားသောက်ဆိုင်မှာ ဒီနေ့ သီချင်းသစ်တွေဆိုဖို့ ရီဟာဆယ်လေ့ကျင့်ရမှာမို့လို့ ဖိုးချွန်လည်း မအားလို့ မခေါ်လာတော့ဘူး။ တစ်ယောက်တည်း ကားငှားပြီးထွက်လာတာ ဆိုင်နားမရောက်ခင်မှာ ဦးတင်မောင်လွင်က ဘယ်ကနေဘယ်လို ချောင်းနေမှန်း မသိဘူး။ နိုင်မြဲ စီးလာတဲ့ကားကို လက်ပြပြီး တားလိုက်ပါတယ်။

'ညီမလေး… ကားပေါ်ကဆင်းလိုက်၊ အစ်ကိုကြီး စောင့်နေတာ တော်ပါသေးရဲ့'

ဦးတင်မောင်လွင်က ဘာမပြော ညာမပြောနဲ့ အငှားကား တံခါးကို ဆွဲဖွင့်ပြီး နိုင်မြဲကို ဆင်းခိုင်းပါတယ်။ နိုင်မြဲလည်း ဦးတင်မောင်လွင် ဘာလုပ်မယ်မှန်းမသိ ဖြစ်သွားပါတယ်။



'အစ်ကိုကြီး ဘာလုပ်မှာမို့လို့ ရှင်းသန့်ကို ဒီလိုလုပ်ရတာလဲ'

'ညီမလေး ဘာလုပ်မှာလဲ မေးနေနဲ့၊ ညီမလေးကို အရေးတကြီး ပြောစရာရှိလို့၊ အစ်ကိုကြီးနဲ့ ခဏလောက်လိုက်ခဲ့၊ ဟောဟိုမှာ အစ်ကိုကြီး ကားရပ်ထားတယ်'

ဦးတင်မောင်လွင်က အနီးအနားမှာရပ်ထားတဲ့ ကားကို ညွှန်ပြရင်းက နိုင်မြဲလက်ကို အတင်းဆွဲပြီး ချော့လို့နေပါတယ်။

'ဘယ်သွားမှာမို့လို့လဲ'

'လိုက်မှာသာ လိုက်ခဲ့ပါ ညီမလေးရာ၊ ဒီနေ့ဟာ ဒီလိုလုပ်လို့ မရလို့'

နိုင်မြဲ တော်တော်စိတ်ညစ်သွားပါတယ်။ ဦးတင်မောင်လွင် တစ်ယောက် ငြိမ်ချက်သားကောင်းနေတာ။ သူ့ကို ဘာစားပြီလဲလို့။ ဖိုးချွန် မပါလာတာ ဒီနေ့တော့ အကုသိုလ် အလုံးလိုက်ဝင်ဆောင်ပြီလို့။ နောက်ဆုံးတော့ မထူးတော့ပါဘူး။ ဖြစ်ချင်ရာဖြစ် ဦးတင်မောင်လွင်နဲ့ ရပ်ထားတဲ့ကားဆီကို ဦးတင်မောင်လွင်နဲ့ အတူလိုက်သွားရပါတော့တယ်။

○ ○ ○

ပန်းခြံထဲမှာ အတွဲတွေက လောကကြီးမှာ သူတို့ပဲရှိလေသည့်လား ကြည်နူးသာယာလို့နေကြပါတယ်။ မသာယာနိုင်တာကတော့ နိုင်မြဲပါပဲ။

ဦးတင်မောင်လွင်က ပန်းခြံထဲကိုခေါ်လာပြီး ထိုင်ခုံတန်းလျားမှာထိုင်ခိုင်းပြီး ဘာစကားမှပြန်မပြောသေးဘဲနဲ့ လက်ကိုင်ပဝါနဲ့ မျက်နှာက ချွေးတွေကို သုတ်လို့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးကို ဒီပန်းခြံထဲခေါ်လာလို့ အစ်ကိုကြီးကို တစ်မျိုးတော့ မထင်လိုက်ပါနဲ့၊ အစ်ကိုကြီးမှာ မရိုးသိဝ်တာတွေ မထားနိုင်လို့ပါ'

ဦးတင်မောင်လွင်က ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလိုမျိုး အမူအရာနဲ့ နိုင်မြဲရဲ့လက်ကို ကိုင်ရင်းက ပြောပါတယ်။

'ဘာတွေဖြစ်လို့လဲ ရှင်းသန့်ရဲ့၊ ဘယ်လိုပတ်သက်လို့လဲ'

နိုင်မြဲက အလိုက်သင့်ပြန်ပြောလို့ စကားအဆုံး ဦးတင်မောင်လွင်က…

'ပတ်သက်တာပေါ့ ညီမရယ်၊ ညီမကို ဆိုင်မှာလာစားသောက်တဲ့သူတွေကလည်း ခေါ်တောတစ်သိန်းအားမျိုးနဲ့ မရမက ဝိုးယန်း၊ ဒီကြားထဲ ဟိုယောက်ျားမရွှေအိကလည်း တစ်မျောင့်၊ အစ်ကိုကြီးရဲ့ တူမဖြစ်နေလို့ ဘာမှဝင်မပြောဘဲနေတာ ညီမကို အစ်ကိုကြီးလေ မြင်ကတည်းက ချစ်ခဲ့ရတာ၊ ဒီနေ့တော့ အစ်ကိုကြီး ဆုံးဖြတ်ချက်ကို ရဲရဲချလိုက်တယ်၊ ဖြစ်ချင်တာဖြစ်၊ ဒီတစ်ပတ်အတွင်း လူကြီးစုံရာနဲ့ လာတောင်းမယ်၊ ညီမဘက်က သက်ဆိုင်သူတွေကိုသာ ပြောထားပေးပါ၊ ညီမ မငြင်းဝါနဲ့၊ အစ်ကိုကြီး ညီမကို လက်လွှတ်မခံနိုင်ဘူး'

'ဗျာ… အဲ… ရှင်…'

နိုင်မြဲ နှုတ်ကနေ အယောင်ယောင်အမှားမှားတွေ ထွက်သွားပါတယ်။ ပြဿနာကတော့ ရှင်းမရအောင်ဖြစ်ပြီလို့။

'ရှင်းသန့် စဉ်းစားပါရစေဦးလား'

'ဘာမှမစဉ်းစားနဲ့ ညီမ၊ အစ်ကိုကြီး အားလုံးကို ဖြေရှင်းမယ်၊ ညီမဘာဝ စိတ်ချမ်းသာစေရမယ်၊ ဒီလို သီချင်းဆိုတာကို အစ်ကိုကြီး မမြင်ရက်ဘူး၊ မကြည့်ရက်ဘူး၊ ညီမ အိမ်ကနေသာ စောင့်၊



ဒီတစ်လ အတွင်း အစ်ကိုကြီး စီစဉ်စရာရှိတာ စီစဉ်ပြီးလာခဲ့မယ်'

နိုင်မြဲ ဘာလုပ်ရမှန်းမသိတော့ပါ။ ဦးတင်မောင်လွင်က သူ့ကို မိန်းမအမှတ်နဲ့ အပိုင်ချည်ပြီး အပိရင်ဖွင့်နေတာ။ နိုင်မြဲကတော့ ရှေ့ဆက် ဘယ်လိုလုပ်ရမလဲ မစဉ်းစားတတ်အောင်ကို ဖြစ်နေပါတော့တယ်။

○ ○ ○

နိုင်မြဲ တော်တော်စိတ်ညစ်နေပြီ။ ဒီစားပွဲဝိုင်းကလူက သူ့ဝိုင်းမှာ လာထိုင်ဖို့ ပန်းကုံးတွေ ဘာတွေချလို့ မထိုင်လို့က မကောင်းလို့ လာထိုင်ရတာ။ စင်ပေါ်မှာဆိုနေတဲ့ အဆိုတော်အမျိုးသမီးက သီချင်းသာဆိုနေပေမယ့် မျက်လုံးက နိုင်မြဲတို့ရှိနေတဲ့ဝိုင်းကိုသာ ကြည့်နေပါတယ်။ ဘာဖြစ်လို့လဲဆို နိုင်မြဲနဲ့ ထိုင်နေတဲ့သူက အရင်တုန်းက သူ့ဖောက်သည် ဖြစ်နေလို့ပါ။

'ရှင်းသန့်… ဘယ်လိုမှမထင်နဲ့၊ ကိုယ်ဟာ ဒီအခွင့်အရေးကို ရဖို့ စောင့်ခဲ့ရတာ ကြာလှပြီ၊ ရှင်းသန့်က ကိုယ့်ဝိုင်းမှာ လာမထိုင်လို့ ဒီပြင်အဆိုရှင်တွေ ခေါ်ထိုင်ရတာ၊ ကိုယ်ထိုင်ချင်လို့ မဟုတ်ဘူး၊ ဒီနေ့တော့ ကိုယ့်ဆန္ဒပြည့်ပြီ၊ ဒီလိုဆန္ဒပြည့်ရတာကလည်း ရှင်းသန့်ကို လက်ဆောင်ပေးချင်လို့၊ ကိုယ့်လက်ဆောင်ကို လက်ခံပါ'

နည်းနည်းတွေနေပြီဖြစ်တဲ့လူက နိုင်မြဲကို သူ့အင်္ကျီအိတ်ထဲကနေ ပစ္စည်းတစ်ခု ဆွဲထုတ်လိုက်ပါတယ်။ နိုင်မြဲက သေသေချာချာ ကြည့်လိုက်တော့ ရွှေဟန်းချိန်းဖြစ်လို့နေပါတယ်။

'ဒီဟန်းချိန်းဟာ ရှင်းသန့်အတွက် ရည်ရွယ်ပြီး [illegible] ဆောင်ပေးတာပါ၊ ကိုယ် ဝတ်ပေးပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



'အို… ရှင်းသန့် မယူပါရစေနဲ့၊ မယူပါရစေနဲ့'

'မယူလို့မရဘူး၊ မဝတ်လို့ မရဘူး၊ ကိုယ်တိုင်ဝတ်ပေးမယ်'

'အို… မလုပ်ပါနဲ့'

ခိုင်မြကအတင်းငြင်းပေမယ့် ဒီမှုးနေတဲ့လူက ခိုင်မြကို ဟန်းချိန်း အတင်းဝတ်ပေးနေလို့ ခိုင်မြလည်း ဘာမှပြန်ပြောလို့မရ။ ဒီထက်ဆိုးတာက စင့်မြင့်ပေါ်မှာ သီချင်းဆိုနေတဲ့ အမျိုးသမီးက ဒီမြင်ကွင်းကို မြင်နေရလို့ တော်တော်ဒေါသထွက်နေပုံမျိုး ဖြစ်နေပါတော့တယ်။

'ဒီလိုမျိုး ရှင်းသန့်က ဝတ်လိုက်တော့ သိပ်လိုက်တာပဲ၊ ဒီဟန်းချိန်းက ရွှေတစ်ကျပ်သားရှိတယ်၊ ရော့… ဒီမှာ ကိုယ့်ဗစ်စင်းတင်းကတ်၊ တနင်္ဂနွေနေ့ လာခဲ့'

ဟန်းချိန်းဝတ်ပေးတဲ့လူက သူ့ဗစ်စစ်တင်းကတ်ကို ခိုင်မြ လက်ထဲ ထည့်ပေးရင်းက သူ ချူဆီထည့်တာ အောင်မြင်တဲ့ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

'ဒါမျိုး ရှင်းသန့် မလုပ်ဘူး၊ ရှက်တယ်၊ သိပ်ရှက်တယ်၊ လူကို ဘာမှတ်နေလဲ'

ခိုင်မြက ရှက်သလို ရွံ့သလိုပုံစံမျိုးနဲ့ ထိုင်ရာကနေထကာ စင့်မြင့်ရဲ့ဘေးနားက အပေါက်ရှိတဲ့နေရာကို ပြေးထွက်သွားပါတယ်။

'ရှင်းသန့်၊ ရှင်းသန့်'

ဟန်းချိန်းပေးတဲ့လူက သူ့ကို စိတ်ဆိုးသွားပြီလားအထင်နဲ့ လှမ်းခေါ်နေတုန်းမှာပဲ စင်မြင့်ပေးမှာ သီချင်းဆိုလို့ပြီးသွားတဲ့ အမျိုးသမီးက မိုက်ကရိုဖုန်းကို လက်ကကိုင်ထားရင်း အဲဒီဟန်းချိန်းပေးတဲ့ လူကို ဒေါသပါတဲ့အကြည့်နဲ့ ကြည့်ရင်း…



'ဟဲ့… နင့်အကြံ ဒါအကုန်ပဲလား၊ ငါ့ကျတော့ ဘာလုပ်ပေးမယ်၊ ညာလုပ်ပေးမယ်ပြောပြီး ဒီနေ့ထိ ဘာမှမလုပ်ပေးဘူး၊ ဟဲ့ အကောင် ကောင်းလား'

မထင်မှတ်ဘဲ စင်ပေါ်ကနေ မိုက်ကရိုဖုန်းကိုင်ပြီး ရန်တွေ့ စကားကြောင့် ဆိုင်ထဲမှာရှိနေတဲ့ လူတွေက စိတ်ဝင်တစားနဲ့ ကြည့်နေပါတယ်။

'ဟဲ့ကောင်မ… ဘာပြောတာလဲ၊ နင့်ရုပ်ရည်က ဘယ်လောက် ဆွဲဆောင်မှုရှိလို့လဲ'

ဟန်းချိန်းပေးတဲ့လူကလည်း ခေသူမဟုတ်။ အောက်ကနေ ပြန်အော်ပါတယ်။

'အဲဒီ ရုပ်ရည်မလှတာကိုပဲ နင်က မိဖုရားမြှောက်မယ် ဘာလုပ်မယ်ဆိုပြီး ကတိတွေပေးခဲ့တာလေ'

ငယ်ကျိုးငယ်နာအော်တဲ့ စကားသံတွေက ထွက်လာလို့ စားသောက်နေတဲ့ ပရိသတ်တွေကလည်း ဘာဆက်ဖြစ်မလဲ စိတ်ဝင်တစားရှိနေကြပါတယ်။

'တော်ကြတော့… တော်ကြတော့'

ဦးတင်မောင်လွင်က ရောက်ချလာရင်း လက်ဝါးကာပြရင်း ပွဲကို ရပ်ခိုင်းလိုက်ပါတယ်။ စင်မြင့်ပေါ်က အမျိုးသမီးက စင်မြင့် နောက်ဘက်ကို ဝင်သွားပါတယ်။

'ကျွန်တော် တောင်းပန်ပါတယ်၊ တော်ပါတော့နော်၊ အားလုံး ဒီက္ကာကျုံစရာဖြစ်မှာစိုးလို့ပါ'

ဦးတင်မောင်လွင်က တောင်းပန်တော့ ဟန်းချိန်းပေးတဲ့သူ က…

www.burmeseclassic.com

www.burmeseclassic.com



'Thank you brother. ရတယ် ကျေးဇူး၊ အလကားမိန်းမ မနာလိုဖြစ်နေတာ'

ဟန်းချိန်းပေးတဲ့လူက စောစောကလိုပုံစံမျိုး မဟုတ်တော့ဘဲ ပြုံးပြရင်းက လက်ကျန်ဘီယာကို ဆက်သောက်နေပါတယ်။

ဦးတင်မောင်လွင်ကတော့ ခေါင်းကိုကုတ်ရင်း ကောင်တာခုံမှာ ပြန်ထိုင်လို့နေလေရဲ့။

○ ○ ○

'ပြဿနာတွေကတော့ ကြားတယ်မဟုတ်လား၊ ကျိုင်တွေက အကြီးအကျယ်တက်နေပြီ၊ ဒီမှာ ငါ့ကို ဟန်းချိန်းပေးလိုက်တာက စတာ'

နိုင်မြက အမျိုးသမီးနားနေခန်းထဲမှာ လက်မှာပတ်ထားတဲ့ ဟန်းချိန်းကိုကြည့်ပြီး ဟန်းချိန်းကိုချွတ်ရင်းက ဖိုးချွန်ကို ပေးလိုက်ပါတယ်။

'နိုင်မြရေ… နိုင်ပြီ၊ ဟိုလူက ကြောင်ပြီး မင်းကို ရွှေတစ်ကျပ်သားဟန်းချိန်း ပေးသွားတယ်'

ဖိုးချွန်က သူ့လက်ထဲမှာရှိနေတဲ့ ဟန်းချိန်းကို ချိန်ဆကြည့်ရင်းက ပါးစပ်နှင့် ကိုက်လိုက်ပါတယ်။ ပြီးတော့ မျက်နှာပျက်သွားရင်းက…

'ဟာ… နိုင်မြ၊ မင်းတော့ 'အင်'မိပြီ၊ ဒါ ရွှေမှမဟုတ်တာ အတုချည်းပဲ၊ သက်သက် ဒီလူ မင်းကို လိမ်တာ၊ တွေ့ပြီပေါ့ကွာ လာ… အဲဒီလူဆီ သွားမယ်'



လက်ထဲမှာ ဟန်းချိန်းကိုင်ထားတဲ့ ဖိုးချွန်က နိုင်မြဲ့လက်ကို ဆွဲပြီး ဟန်းချိန်းပေးတဲ့လူရှိတဲ့ စားပွဲဝိုင်းဆီ ခေါ်လာပါတယ်။

'ဟဲ့… ဒီဟန်းချိန်းက ဘယ်သူပေးတာလဲ'

ပေါက်ကွဲတဲ့လေသံမျိုးနဲ့ ဖိုးချွန်က လက်ထဲမှာ ဟန်းချိန်းကိုင်ထားရင်းက မေးလိုက်ပါတယ်။

'ကိုယ်ပေးတာလေ ဘာဖြစ်လို့လဲ'

ဟန်းချိန်းပေးတဲ့သူက ကျန်တဲ့လူတွေကို ကြည့်ရင်းက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။

'ဪ… နင်ပေးတာလား၊ အဲဒါ ဘယ်ရွှေအတုဆိုင်က ဝယ်လာတာလဲ၊ မာမီ့ရဲ့သမီးကို အချဉ်လာမဖမ်းနဲ့၊ နင့်ဟာက အတုကြီး၊ ငါ့သမီး ရှင်းသန့် မျက်နှာပျက်အောင် ဂုဏ်သရေညှိုးနွမ်းအောင် လုပ်လိုက်တာပေါ့လေ၊ ဟုတ်လား၊ နင် ဒါမျိုးလုပ်စားနေတာ ဘယ်လောက်ကြာပြီလဲ၊ ရော့… နင့်ဟာနင် ပြန်ယူ၊ မယူလို့ကတော့ စင်ပေါ်ကနေ မိုက်ကရိုဖုန်းနဲ့ အော်ပစ်လိုက်မယ်၊ မာမီချွန်ရဲ့သမီးကို မထိနဲ့၊ ဘာမှတ်လဲ'

ဖိုးချွန်က ပေါက်ကွဲတဲ့လေသံမျိုးနဲ့ လက်ထဲမှာကိုင်ထားတဲ့ ရွှေဟန်းချိန်းအတုကို ပစ်ပေးလိုက်ပါတယ်။ ဟန်းချိန်းပေးတဲ့လူခမျာ သူ့အလိမ်ပေါ်သွားလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေရင်းက ဟန်းချိန်းကို ယူပြီး စားပွဲဝိုင်းကနေ ပြေးထွက်သွားပါတယ်။ သူတင်မက သူ့ဘေးနားက အဖော်တွေလည်း ပြေးထွက်သွားတာကို လှမ်းမြင်ရတဲ့ ရွှေအိက ပြေးလာပြီ…

'ဟဲ့… ဒါမျိုးလာမလုပ်နဲ့၊ ဒါမျိုးက ရှိနေပြီ၊ စားပြီးသောက်ပြီးသွားတာတွေ ရှင်း'

www.burmeseclassic.com

www.burmeseclassic.com



ဟန်းချိန်းပေးတဲ့လူနဲ့ အဖော်ပါလာတဲ့ တစ်ယောက်ကို ရွှေအိက ပုဆိုးခါးပုံစဆွဲရင်း ပိုက်ဆံရှင်းဖို့ အတင်းတောင်းပါတော့တယ်။

'ဒုက္ခပါပဲ၊ ဒီကောင်ကတော့ နာမည်ပျက်အောင် လုပ်ချပြန်ပြီ၊ စိတ်ချ… ရှင်းမယ်၊ ဘယ်လောက်ကျလဲ'

ရွှေအိက ပုဆိုးခါးပုံစကိုင်ထားရင်က စားပွဲထိုးတစ်ယောက်ကို လှမ်းခေါ်ပါတယ်။ မကြာပါဘူး။ စားပွဲထိုးက ဘောက်ချာစာရွက်ယူလာပြီး ကျသင့်ငွေကို ပြောလို့ ရွှေအိ ပုဆိုးခါးပုံစဆွဲထားတဲ့သူက ပိုက်ဆံရှင်းရပါတယ်။

'ယောက်ျားတွေဆိုတာ အဲဒီလို အောက်တန်းကျတဲ့အလုပ်မျိုး လုပ်ဖို့ ဝန်မလေးဘူး၊ ဘုရားဆုပန်မယ်လို့တောင် ပြောသေးရဲ့၊ ဟွင်း… တော်တော်အသုံးမကျတဲ့ အဆင့်မရှိတဲ့ ယောက်ျားတွေ'

ပိုက်ဆံရှင်းပေးပြီးသွားလို့ ဟန်းချိန်းပေတဲ့လူနဲ့ သူ့သူငယ်ချင်းတွေ ဆိုင်ထဲကနေ ထွက်သွားလို့အပြီးမှာ ရွှေအိက ပြောလိုက်လို့ ခိုင်မြကဘာမှမဖြစ်ပေမယ့် ဖိုးချွန်က ဘာကြောင့်မှန်းမသိ ပေါက်ကွဲသွားပါတယ်။

'ဒီမှာ ရွှေအိ၊ ယောက်ျားတိုင်း ဒါမျိုးမဟုတ်ဘူး၊ ပညာဉာဏ်ပညာ သေးသိမ်နိမ့်ကျတဲ့သူတွေသာ ဒါမျိုးလုပ်တယ်ဆိုတာ မှတ်ထားပါ၊ ယောက်ျားတိုင်းလို့ မပြောနဲ့'

ဖိုးချွန်ရဲ့ လေသံက တော်တော်မာသွားပါတယ်။

'မာမီချွန်… မာမီချွန်က မာမိဖြစ်တယ်သာပြောတယ်၊ အခုပြောတဲ့လေသံက တကယ့်ယောက်ျားကြီးတစ်ယောက် ဒေါသထွက်တဲ့လေသံမျိုး ဖြစ်နေပါလား'

ရွှေအိက အံ့အားတသင့်နဲ့ ဖိုးချွန်ကိုကြည့်ပြီး ပြောလိုက်တော့



ဖိုးချွန်လည်း သူ့လေသံက နည်းနည်းမှာသွားတာ အလိမ်ပေါ်သွားမှာစိုးလို့ စိုးရိမ်သွားပါတယ်။

'ဒါကတော့ ရွှေအိရယ်၊ မာမီက မာမီဖြစ်နေပေမယ့် ဟို… ဟို… တစ်ဝက်စိတ်က ယောက်ျားစိတ်ဆိုတော့ လေသံမှာသွားတာပါ၊ ဒါများ ပြောစရာလား'

ဖိုးချွန်က 'ကြောင်ကွက်'နင်းပြီး ရှူးသလို နှမ်းသလိုမျိုး အမူအရာနဲ့ ပြောလိုက်လို့ ရွှေအိက ကျေနပ်သွားပုံရပါတယ်။

'ရှင်းသန့်…နောက်ကို တို့ပြောမယ်၊ ဘယ်သူပေးပေး ဘာမှမယူနဲ့၊ မဖြစ်ပါဘူး၊ ရှင်းသန့် ပြဿနာမဖြစ်ဖို့ တို့ တစ်ခုခုလုပ်တော့မယ်'

ရွှေအိက ခိုင်မြပခုံးကို ကိုင်လိုက်ပြီး ပြောရင်းက ထွက်သွားတာ ခိုင်မြနဲ့ ဖိုးချွန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘာပြောမှန်းမသိအောင်ပါပဲ။

✿ ✿ ✿

ခိုင်မြတစ်ယောက် 'ကြယ်စင်'တေးသံသွင်းကို လာသာလာရတယ်။ ရင်က ခုန်နေပါတယ်။ အဆိုရှင်ရွေးချယ်ပွဲအတွက် ပြိုင်ပွဲဝင်ထားတာ ရွေးမှ ရွေးချယ်ခံရပါ့မလားလို့။ မရွေးချယ်ခံရလို့က သူ့ရည်မှန်းချက်တွေ ပျက်ရုံမက အခုလို စားသောက်ဆိုင်မှာ မိန်းမဘဝပုံစံမျိုးနဲ့ ဘယ်လောက်ထိနေရဦးမလဲဆိုတာ မတွေးတတ်အောင်ဖြစ်နေပါတယ်။

ကြယ်စင်တေးသံသွင်းရှေ့မှာတော့ အဆိုပြိုင်ပွဲဝင်အချို့က

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာကပ်ထားတဲ့ အဆိုရှင်ရွေးတဲ့စာရင်းကိုကြည့်ပြီး စိတ်ပျက်လက်ပျက်နဲ့ လာရာလမ်းကိုပြန်လှည့်သူက လှည့်နဲ့ ပါးစပ်က မကျေနပ်လို့ ကိုယ့်ကိုမရွေးတိုင်း ဘာဖြစ်တယ် ညာဖြစ်တယ်ပြောသူက ပြောနဲ့ ရှိနေပါတယ်။

နိုင်မြဲက တေးသံသွင်းဆိုင်ရှေ့မှာ ကပ်ထားတဲ့ အဆိုရှင်ရွေးချယ်တဲ့စာရင်းကို ဖြစ်ချင်တာဖြစ်ဆိုပြီး ကြည့်လိုက်ပါတယ်။

နိုင်မြဲ သူ့မျက်လုံးကို သူ မယုံကြည်နိုင်အောင် ဖြစ်သွားပါတယ်။ အဆိုရှင်ရွေးချယ်ခံရတဲ့ တစ်ယောက်တည်းသောသူက သူ့နာမည်ဖြစ်နေလို့ပါ။ နိုင်မြဲ ဘယ်လိုဝမ်းသာသွားသလဲ မပြောတတ်အောင်ပါပဲ။ စိတ်ထဲကနေ အော်ဟစ်ရင်း…

လက်သီးဆုပ်ရင်းက မြှောက်လိုက်ပါတယ်။

'ကိုနိုင်မြဲ… တော်တော်ဝမ်းသာနေလား'

တေးသံသွင်းဆိုင်ရှေ့မှာ အဆိုရှင်ရွေးချယ်ပွဲအတွက် ကြည့်ပြီး ကိုယ့်နာမည်ကို ရွေးချယ်လို့ ဝမ်းသာအားရဖြစ်နေတဲ့ နိုင်မြဲကို တေးသံသွင်းဆိုင်ထဲကနေ နှင်းဆီဦးက ထွက်လာရင်း ပြောလိုက်ပါတယ်။

'ဝမ်းသာတာပေါ့ဗျာ၊ ဘဝမှာ ကျွန်တော် အဖြစ်ချင်ဆုံးက အဆိုတော်ဖြစ်ဖို့၊ အခု ဒီလိုရွေးချယ်ခံရတော့ မဝမ်းသာဘဲရှိမလား ဗျာ၊ ကျွန်တော့်ရည်မှန်းချက်တွေ အောင်မြင်အောင်လုပ်ဖို့ ဒါက လမ်းစ ပဲ'

'ဝမ်းသာပါတယ်၊ လူတစ်ယောက် ကိုယ့်ရည်မှန်းချက်အတွက် အောင်မြင်ဖို့ ကိုယ့်ယုဉ်ပြိုင်မှုမှာ ဒီလိုဝမ်းသာကြည်နူးစရာ မြင်ကွင်းမျိုးကို တွေ့ရတာ ကျွန်မ ကိုယ်ချင်းစာပါတယ်'



နှင်းဆီဦးရဲ့ စကားကို နားထောင်နေတဲ့ နိုင်မြဲ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့…

'မနှင်းဆီဦး… စိတ်တော့မရှိပါနဲ့၊ ကျွန်တော့်ရဲ့ ဝမ်းသာကျေနပ်မှုအတွက် ဒီနားကဆိုင်မှာ တစ်ခုခုကျွေးပါရစေ'

'စားပေးရမှာပေါ့၊ ဒါပေမဲ့ ကိုနိုင်မြဲ ကျွေးစရာမလိုဘူး ကျွန်မက ဂုဏ်ပြုမှာ၊ ဘာဖြစ်လို့လဲဆိုတော့ အဆိုပြိုင်တဲ့နေ့ကတည်းက သိတယ်၊ ကိုနိုင်မြဲကို ရွေးမယ်ဆိုတာ၊ ကိုနိုင်မြဲရဲ့ အသံက ဘယ်သူနဲ့မှမတူလို့ ထူးခြားနေတာ၊ ကျွန်မရဲ့အဖေကတော့ ကိုနိုင်မြဲဟာ ထင်ရှားတဲ့ အဆိုတော်ဖြစ်လာမယ်လို့ ယုံကြည်နေတယ်'

'ဟုတ်ပါပြီ… ကျွန်တော့်ကို ဒီလောက်ချီးကျူးတာကိုပဲ ကျွန်တော် ကျေနပ်ပါပြီ၊ မနှင်းဆီဦး မကျွေးပါနဲ့၊ ကျွန်တော် ကျွေးတာ ကိုပဲ လက်ခံပါ၊ လာ… သွားရအောင်'

နိုင်မြဲက နှင်းဆီဦးကို ခေါ်လာခဲ့ပါတယ်။ ဖြစ်ချင်တော့ နှင်းဆီဦးက Mr. Brown Cafe ကိုပဲ သွားမယ်ဆိုလို့ နိုင်မြဲအဖို့ နှင်းဆီဦးနဲ့ ဒုတိယအကြိမ်မြောက် ရောက်ဖြစ်လေခြင်းကို ကျေနပ်မဆုံး ဖြစ်နေပါတယ်။

✿ ✿ ✿

'ကျွန်တော်တော့ ဘယ်လိုပြောရမှန်း မသိဘူး၊ ရွာကနေ မိဘနှစ်ပါးကို ရန်ကုန်မြို့မှာ အဆိုတော်ဖြစ်အောင်လုပ်မယ်ဆိုပြီး ကတိကဝတ်ပေးရင်းက ထွက်လာတာ၊ ဒီရောက်တော့ ကိုယ့်စိတ်ကူးယဉ်တာနဲ့ တခြားစီ အသိအကျွမ်းက မရှိနဲ့ ကိုယ့်ရည်မှန်းချက်တော့

www.burmeseclassic.com



ဖျက်ပြီ၊ ရွာပြန်ရင်လည်း လူတွေအကဲ့ရဲ့ခံရမှာစိုးလို့ဆိုပြီး ရန်ကုန်မြို့ကြီးမှာ ဖြစ်သလိုရုန်းကန်နေရင်း မထင်မှတ်ဘဲ အဆိုတော်သစ်တင်မယ့် ယှဉ်ပြိုင်ပွဲကို ဝင်ရွေးဖို့ယှဉ်ပြိုင်ရင်း အခုလို အရွေးချယ်ခံရတာ သေချာတယ်၊ ကျွန်တော့်ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ဖြစ်လာပြီ'

နိုင်မြဲက ကဖေးဆိုင်ထဲမှာ သူခံစားရသမျှ ကော်ဖီသောက်ရင်း ရင်ဖွင့်နေတာကို နှင်းဆီဦးက နားထောင်ပေးနေပါတယ်။

'ဒီအတွက်တော့ မပူပါနဲ့၊ နှင်းဆီဦးတို့ တေးသံသွင်းဆိုင်ကလည်း ဂီတလောကမှာ အောင်မြင်ထင်ရှားတဲ့ အဆိုရှင်တစ်ယောက် ပေါ်ထွက်ရမယ်၊ အဲဒီလူဟာ လျှမ်းလျှမ်းတောက်ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်၊ အဲဒီလူဟာ ကိုနိုင်မြဲဖြစ်လာအောင်တော့ ကြိုးစားပါ၊ နှင်းဆီဦးတော့ အောင်မြင်မယ်လို့ထင်တယ်'

'စိတ်ချ မနှင်းဆီဦး၊ ကျွန်တော် ကတိပေးတယ်၊ ကျွန်တော့်အစွမ်းအစကို ကျွန်တော် ယုံကြည်တယ်၊ ဂီတလောကမှာ အဆိုတော်နိုင်မြဲဆိုတာ ကြယ်စင်တေးသံသွင်းက ပွဲထုတ်ပေးရင်း နာမည်ကြီးသွားတာ၊ အဆိုတော်တဲ့လူပဲဆိုတဲ့ ချီးကျူးစကားသံတွေ ကြားရအောင် ကျွန်တော် လုပ်ပြမယ်'

နိုင်မြဲက သောက်လက်စကော်ဖီခွက်ကို ချထားပြီး သူ့ခံယူချက်တွေကို အပီအပြောကြားတော့ နှင်းဆီဦးက နားထောင်ရင်း ကျေနပ်ကြည်နူးရင်းက ပါးချိုင့်နှစ်ဖက်ပေါ်အောင် ပြုံးလိုက်တာ နိုင်မြဲတစ်ယောက် ကြည်နူးသွားတယ်ဆိုတာ ပြောမပြတတ်အောင်ပါပဲ။

❐ ❐ ❐

ဘာမှပြောမနေပါနဲ့
ကိုယ်ဟာ လူဖြစ်မှတော့
ကောင်းတာရော
ဆိုးတာပါ
ကိုယ့်ဆုလာဘ်လို့ မှတ်ယူရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဒီနေ့ပါနဲ့ဆို 'ပန်းတော်ဝင်'စားတော်ဆက်ကို ခိုင်မြ မသွားတာ ငါးရက်ရှိပြီ။ သွားလို့က မဖြစ်။ သီချင်းစီးရီးသွင်းဖို့ ခိုင်မြအတွက် ကိုယ့်ဘာသာကိုယ် အိမ်မှာ တစ်ယောက်တည်း အဆိုလေ့ကျင့်နေလို့ပါ။ နှင်းဆီဦးတို့ဘက်က ဘယ်နေ့ ဘယ်အချိန်ရောက်မှ စီးရီးထုတ်မယ် မပြောတတ်ပေမယ့် ကိုယ့်ဘက်က လစ်ဟာမှုမရှိအောင် ပြင်ဆင်ထားမှ ကောင်းမယ်ဆိုပြီး ဆုံးဖြတ်ထားလို့ပါ။

အခုလည်း အိမ်ထဲမှာ ဂစ်တာတီးရင်း သီချင်းဆိုနေတုန်း အိမ်ရှေ့ကနေ ကားရပ်သံကြားလို့ အခန်းထဲကနေ ထွက်ကြည့်တော့ ပြဿနာတော့ အတုံးလိုက် အတစ်လိုက် ဝင်ဆောင့်ပြီလို့။

ဖြစ်ပုံက ဦးတင်မောင်လွင်က ဘယ်ကလူကြီးတွေခေါ်လာသလဲ မသိ။ အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ ရောက်လာလို့ပါ။ အိမ်ရှေ့မှာရှိနေတဲ့ ဦးကျော်ဆွေက မထင်မှတ်ဘဲ အုန်းပွဲ ငှက်ပျောပွဲတွေနဲ့ရောက်လာတဲ့ ဦးတင်မောင်လွင်တို့ကိုကြည့်ပြီး အံ့အားသင့်နေပါတယ်။ ခိုင်မြလည်း အတွေ့ခံလို့မဖြစ်ဘူးဆိုပြီး အခန်းထဲပြန်ဝင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ဘယ်လိုဖြစ်လေမလဲလို့ အသံတောင်မထွက်ရဲဘဲ ဖြစ်နေပါတယ်။

'ဘာကိစ္စပါလဲ ခင်ဗျာ၊ ကြွပါ အိမ်ပေါ်ကို'

ဦးကျော်ဆွေက ၄က်ပျောပွဲ အုန်းပွဲရွက်လာတဲ့သူတွေရော ဦးတင်မောင်လွင်ကိုပါ အိမ်ပေါ်ကိုခေါ်လိုက်ပါတယ်။

'ဒီက အစ်ကိုကြီးက ရှင်းသန့်ရဲ့ အုပ်ထိန်းသူလား၊ ကျွန်တော့် နာမည် တင်မောင်လွင်ပါ၊ ရှင်းသန့်ရော ဘယ်ရောက်နေလဲ'

ဦးတင်မောင်လွင်ရဲ့ အမေးကို ဦးကျော်ဆွေက မေးရင်း ဟိုဟို ဒီဒီ လျှောက်ကြည့်အကဲခတ်လို့နေပါတယ်။

'ရှင်းသန့်… ရှင်းသန့်လား'

ဦးကျော်ဆွေက ဘာဖြေရမှန်းမသိ ဖြစ်နေစဉ်မှာ ပါလာတဲ့ လူကြီးတစ်ဦးက…

'ဒီလိုပါဗျာ၊ ဒီက မောင်တင်မောင်လွင်က ဒီအိမ်မှာရှိနေတဲ့ ကလေးမ ရှင်းသန့်ကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းချင်လို့ လာရောက်ပြီး မိဘဖသားပီပီ တောင်းရမ်းတယ်ဆိုကြပါစို့'

'ဟုတ်ပါတယ်၊ ကျွန်တော်က ရှင်းသန့်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ တင့်တောင်းတင့်တယ်ထားမှာပါ၊ ဘာဖြစ်ချင်လဲ ပြောပါ၊ ကျွန်တော့်ဘက်က အားလုံးတာဝန်ယူပါတယ်'

ဦးကျော်ဆွေခမျာ ဘာပြောရမှန်း မသိ။ ခေါင်းကုတ်လိုက် ဟိုဒီကြည့်လိုက် လုပ်နေရင်းက…

'ခဏလေးပါ၊ ကျွန်တော်နဲ့တင် မပြီးပါဘူး၊ ကာယကံရှင်ကို ကျွန်တော် မေးကြည့်ပါဦးမယ်၊ ခဏစောင့်ပါ'

ဦးကျော်ဆွေက ခိုင်မြဲရှိနေတဲ့ အခန်းထဲကို ပြေးဝင်လာပြီး…



'ခိုင်မြဲ… ဘယ်လိုလုပ်မလဲ၊ ပြဿနာပါပဲကွာ၊ ငါတော့ ဘာလုပ်ရမှန်း မသိတော့ဘူး၊ ရှုပ်ကုန်ပြီ၊ ကိုအောင်မိုးဇွန်ကလည်း ဘယ်ရောက်နေမှန်း မသိဘူး'

'ဒီလိုလုပ် ဦးကျော်ဆွေ…'

ခိုင်မြဲက ဦးကျော်ဆွေက ဘာလုပ်ရမယ် ကိုင်ရမယ်ဆိုတာ တိုးတိုးတိတ်တိတ် မှာကြားပြီး အိမ်ရှေ့ကို ပြန်ထွက်ခိုင်းပါတယ်။

'ဟဲ… ဟဲ… အားတော့ နာပါတယ်ဗျာ၊ ကျွန်တော့်တူမ ရှင်းသန့်က ထွက်တွေ့ရမှာ ရှက်နေလို့၊ ပြီးတော့ နယ်မှာရှိနေတဲ့ မိဘတွေကိုလည်း ဘာမှမပြောရသေးတော့ သူ လက်မခံရဲဘူးဖြစ်နေတယ်၊ ဒီတော့ ရှင်းသန့်က သူ့ကို အချိန်နည်းနည်းပေးပါတဲ့၊ အားတော့ နာပါတယ်ဗျာ'

ဦးကျော်ဆွေက ခိုင်မြဲ ပြောတဲ့အတိုင်း ဦးတင်မောင်လွင်နဲ့ လူကြီးတွေကို ပြောလိုက်ပါတယ်။

'ရှင်းသန့်ရာ… ဘာဖြစ်လို့ အစ်ကိုကြီးကိုတောင် ထွက်မတွေ့ချင်ရတာလဲ၊ မင်းလေးရဲ့ဘဝအတွက်ပါ၊ အစ်ကိုကြီးမှာ ရထားတဲ့အမွေတွေဟာ မင်းအတွက်ပါပဲ'

ဦးတင်မောင်လွင်က အိမ်ထဲလှမ်းကြည့်ရင်း တကာယ်ခံစားချက်အပြည့်နဲ့ ရင်ဖွင့်လို့နေပါတယ်။

'ခင်ဗျားရဲ့ဆန္ဒကို ကျွန်တော်လည်း ရှင်းသန့်ရဲ့ ဦးလေးတစ်ယောက်ပီပီ သဘောကျပါတယ်၊ ဒါပေမဲ့ ကျွန်တော့်တူမလေးက ရှက်နေတော့ သူ့မိဘတွေလည်း မတိုင်ပင်ရသေးဘူးဆိုတော့ ကျွန်တော် ဘာမှလုပ်လို့မရဘူး၊ ဒီတော့ သူ့မိဘတွေကို တိုင်ပင်ပြီး သဘောတူရင် အကြောင်းပြန်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဆွေလည်း ပြဿနာဆက်ဖြစ်လာနိုင်စရာအကြောင်းတွေရှိလို့ ပွဲကို မြန်မြန်ပဲ ဖြတ်လိုက်ပါတယ်။

'ဟုတ်တာပေါ့ မောင်တင်မောင်လွင်၊ မင်းရဲ့ကောင်မလေးက သူ့ဦးလေးနဲ့မှ မပြီးတာ၊ မိဘသဘောထားက ရှိသေးတာပေါ့၊ မင်းတို့ချင်း ညှိကြ၊ အားလုံးအဆင်ပြေမှ နေ့ကောင်းရက်သာရွေးပြီး လာတောင်းပေါ့ကွာ၊ သွားမယ်'

ဦးတင်မောင်လွင်နဲ့ အတူပါလာတဲ့ လူကြီးတွေက ဝင်ရောက်ဖျောင်းဖျရင်း အိမ်ပေါ်က ဆင်းသွားပါတယ်။ ဦးတင်မောင်လွင်လည်း ဟိုကြည့် ဒီကြည့်နဲ့ ပြန်လည်လိုက်ပါသွားပါတယ်။

အားလုံးပြန်ကုန်ကြမှပဲ အခန်းထဲကထွက်လာတဲ့ ခိုင်မြဲက ဦးကျော်ဆွေကိုကြည့်ပြီး သက်ပြင်းမှုတ်ထုတ်နေသလို ဦးကျော်ဆွေကလည်း ခေါင်းကိုခါယမ်းရင်းက သက်ပြင်းတွေ မှုတ်ထုတ်လို့နေလေရဲ့။

⭘ ⭘ ⭘

'ဘာ… ဦးတင်မောင်လွင်က ရှင်းသန့်ကို လက်ထပ်ဖို့ဆိုပြီး လာတောင်းရမ်းတယ်၊ သိမယ်၊ ဦးလေးရော ဘာရော နားမလည်နိုင်ဘူး'

ဖိုးချွန်က ခိုင်မြဲဆီ ဦးတင်မောင်လွင် လာရောက်တောင်းရမ်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရွှေအိကို အဖြစ်မှန်တွေပြောပြတဲ့အခါ ရွှေအိက ပေါက်ကွဲပါတော့တယ်။

'ဒါကြောင့် ဒီလူကြီး ဒီရက်တွေမှာတော့ အတင်းကြိတ်ကြံ



နေတာကိုး၊ ရှင်းသန့်ကို ပိုင်ဆိုင်ရဖို့ ကိုယ့်ဦးလေးဖြစ်ပါစေ ကိုယ်လက်မခံနိုင်ဘူး၊ မာမီချွန်… လိုက်ခဲ့၊ ဒီကိစ္စ ရှင်းမယ်'

ရွှေအိက ဖိုးချွန်လက်ကိုဆွဲပြီး ဦးတင်မောင်လွင်ရှိနေတဲ့ အခန်း ထဲကို ခေါ်လာပါတယ်။

'ဦးတင်မောင်လွင်… ရှင်းသန့်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်လိုက်တာလဲ၊ ရှင်းသန့်ဟာ ဘယ်သူ့ရဲ့ဘဝလဲဆိုတာ မသိဘူးလား'

စားသောက်ဆိုင်ရဲ့ ရုံးခန်းထဲမှာ စာရင်းတွေလုပ်နေတယ်။ ဦးတင်မောင်လွင်ကို ရွှေအိက ရောက်ရောက်ချင်း ဒေါသတကြီးပြောလိုက်ပါတယ်။ ဦးတင်မောင်လွင်လည်း ရွှေအိစကားကြောင့် ဒေါသထွက်သွားတယ် ထင်ပါရဲ့။

'ရွှေအိ… နင် ဘာတွေလာပြောနေတာလဲ၊ ရှင်းသန့်ကိုလက်ထပ်ဖို့ ငါက လူကြီးတွေနဲ့ တောင်းရမ်းယူဖို့ စီစဉ်တာ၊ ရှင်းသန့်က အချိန်ပေးပါဦးဆိုလို့၊ သူ့ခမျာ ရှက်နေလို့'

'ဘာ… ဦးတင်မောင်လွင်က ကိုယ့်ကိုယ်ကိုယ် သိပ်ဟုတ်နေပြီထင်နေလား၊ ဒီမှာ ရှင်းသန့်ဟာ ရွှေအိကလွဲပြီး ဘယ်သူ့မှပိုင်ဆိုင်ခွင့်မရှိဘူး၊ ရှင်းသန့် ကြိုက်တဲ့လူနဲ့ ယူကြည့်၊ ရွှေအိ ဘာလဲဆိုတာပြလိုက်မယ်၊ အို… အသက်ချင်းလဲပစ်လိုက်မယ်'

ပေါက်ကွဲမှုတွေက တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်နေတာကိုကြည့်ပြီး ဖိုးချွန်က ရယ်ချင်နေပါတယ်။ အဖြစ်မှန်တွေသာသိရင် ဘယ်လိုဖြစ်ကုန်မလဲ မသိ။ ဒါပေမဲ့ ဖိုးချွန်က ဒီလောက်တောင်ခြစ်ခြစ်ဖြစ်တာ မီးမွှင့်ပေးလိုက်ဦးမယ်လို့။

'ဒီလို စကားမများကြနဲ့လေ၊ ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ အေးအေးဆေးဆေး ဖြေရှင်းစရာမလိုဘူး၊ ရွှေအိဘဝမှာ ရှင်းသန့်ဟာ ရွှေအိပိုင်ဆိုင်သူပဲ ဖြစ်ရမယ်'

'ဟဲ့… ရွှေအိ၊ နင် ရူးနေလား၊ မိန်းမ မိန်းမချင်း ယူလို့ရမလား၊ နင့်ကိုယ်နင် သိပ်ဟုတ်နေပြီ မထင်နဲ့'

'ဦးတင်မောင်လွင်… ဘာပြောတယ်'

ဦးတင်မောင်လွင် ပြောလိုက်တဲ့စကားက ရွှေအိအတွက် အနာပေါ်တုတ်ကျသွားတယ် ထင်ပါရဲ့။ ရွှေအိ တော်တော်ဒေါသထွက်သွားပါတယ်။

'သြော်… ဦးလေးက ဒီလိုစိန်ခေါ်မှတော့ ဟာ… ဟင်… ဖြစ်အောင် လုပ်ပြရမှာပေါ့၊ ဒီတော့မှ ဦးလေး မျက်ရည်မကျနဲ့'

'အေး… ငါပဲ မျက်ရည်ကျမလား၊ နင်ပဲ တစ်သက်လုံး နောင်တရမလား ကြည့်သေးတာပေါ့'

တစ်ယောက်နှင့်တစ်ယောက် စိန်ခေါ်နေတာကိုကြည့်ပြီး ဖိုးချွန် တွေးမိပါတယ်။ ကာယကံရှင် နိုင်မြဲ ဒါတွေသိလို့ကတော့ ဘယ်လိုဖြစ်လေမလဲလို့။

❐ ❐ ❐

အစစ်အမှန်ဆိုတာ
မထင်မှတ်တဲ့နေရာကနေ
အလစ်ချောင်းပြီး
ဖော်ထုတ်ပြတတ်တာ
ကျွန်တော် မေ့နေလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

မလိုက်ချင်ပါဘူးဆိုမှ ရွှေအိက Shopping ထွက်ဖို့ ခိုင်မြဲတို့ မရမကခေါ်ရင်းကနေ 'ကြယ်စင်' တေးသံသွင်းဆိုင်ကို ရောက်လာတော့ ခိုင်မြဲအဖို့ လိုက်လာမိတာ မှားပြီလားလို့။ တော်ကြာ သူ့ရုပ်ရည်ကို နှင်းဆီဦးက မှတ်မိသွားပြီလို့ အဖြစ်မှန်တွေသိရင် ပွဲကပြီးပြီလို့။

'နှင်းဆီဦး… နင်က ငါ့ဆိုင်တောင် မရောက်လာတော့ ငါက လာရပြီဟေ့'

တေးသံသွင်းဆိုင်ထဲကို ဝင်တော့ ရွှေအိက ခိုင်မြဲလက်ကို တွဲရင်း လှမ်းပြောတာ။ ပိုက်ဆံရေနေတဲ့ နှင်းဆီဦးက ထိုင်ရာကနေ ထလိုက်ပါတယ်။

'ဩော်… ကြည့်စမ်း၊ အတွဲနဲ့ရောက်လာတာကိုး၊ မသိရင် ခက်မယ်နော်'

နှင်းဆီဦးက ခိုင်မြဲနဲ့ ရွှေအိကို ကြည့်ရင်းက ဘာတွေးမိလို့လဲ မသိ ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒီက ရှင်းသန့်နဲ့ Shopping ထွက်တာ၊ နေစမ်း ပါဦး… ဘာဖြစ်လို့ ငါ့ဆီကိုတောင် နင်က ဖုန်းလေးဘာလေးတောင် မဆက်တာလဲ'

'မဆက်ဘူးဆို အလုပ်တွေကမှ မအားတာ၊ တို့ရဲ့ တေးသံ သွင်းဆိုင်က အမျိုးသားအဆိုရှင် အသစ်တင်ဖို့ လူရွေးတာရော ဘာရော ညာရောနဲ့ အလုပ်တွေဘာရှုပ်သလဲ မမေးနဲ့၊ မသိဘူးလား သတင်းစာ တွေ ဂျာနယ်တွေ မဖတ်ဘူးလား'

နှင်းဆီဦးက အပြစ်တင်စကားဆိုတော့ ရွှေအိက…

'သတင်းစာ ဂျာနယ်တွေလည်း မဖတ်အားပါဘူး၊ ရှင်းသန့် ကြောင့် ရင်မောရတာ ပြောမပြောချင်ဘူး'

ရွှေအိက နိုင်မြဲလက်ကို ကိုင်ထားတာ မလွှတ်သေးဘဲ နိုင်မြဲ မျက်နှာကို ကြည့်ရင်းက ပြောလိုက်ပါတယ်။

'ကဲပါ… မပြောချင်လည်း အသာထား၊ ငါပဲပြောမယ် စိတ်ပြေလက်ပျောက်ဖြစ်အောင် ရွှေအိ နင် ငါနဲ့ အဖော်လိုက်မလား ပြည်မှာနေတဲ့ ငါ့အဒေါ် အပျိုကြီးတစ်ယောက် နေမကောင်းဖြစ်နေ တာ သွားကြည့်ရမှာ၊ ငါနဲ့ အဖော်လိုက်မလား၊ တစ်ယောက်တည်း ကားမောင်းရတာ ပျင်းလို့'

နှင်းဆီဦးစကား နားထောင်နေတဲ့ ရွှေအိတစ်ယောက် အ အတွေးရသွားသလဲ မသိ။ နိုင်မြဲလက်ကို ကိုင်ထားရာက ဖယ်လိုက် ရင်းမှ လက်ဖျောက်လည်း တီးလိုက်ပါသေးတယ်။

'နှင်းဆီဦး… ငါက ဆိုင်အလုပ်တွေနဲ့ ဘယ်လိုမှ မအားဘူး ဒီတော့ ပြည်ကိုမရောက်ဖူးသေးတဲ့ ရှင်းသန့်ကို အဖော်ခေါ်သွား ပြည်ရွှေဆံတော်တို့ ဘာတို့ လိုက်ပို့လိုက်'



ရွှေအိစကားကြောင့် နှင်းဆီဦးက နိုင်မြဲဘက်လှည့်ပြီး…

'ရှင်းသန့်က အားရော အားလိုက်မလား ခေါ်ရမှာ အားနာလို့'

'ရပါတယ်၊ ရှင်းသန့်လည်း ပြည်ကို ရောက်မှမရောက်ဖူး တာ၊ အဖော်လိုက်ပေးမယ်လေ'

နိုင်မြဲ သိန်းထီပေါက်သလို ဝမ်းသာအားရ အရောရဲ့ ပြော လိုက်တာကို ရွှေအိက…

'နှင်းဆီဦး… ရှင်းသန့်အတွက် စိတ်ချမယ်နော်၊ ရေရာ ပြည်ရောက်ရင် လိုက်ပို့နော်'

နှင်းဆီဦးက ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြပါတယ်။ နိုင်မြဲကတော့ ဘဝမှာ မထင်ထားပါဘဲ သူ တိတ်တခိုးမြတ်နိုးတဲ့ နှင်းဆီဦးနဲ့ ခရီးအတူတူသွားရမှာကို တွေးပြီး ရင်ခုန်နေမိပါတော့ တယ်။

◎ ◎ ◎

နိုင်မြဲအဖို့ ဘဝမှာ လုံးဝမထင်ထားပါ။ ဒီခရီးကို သူ တိတ် တခိုးမြတ်နိုးရတဲ့ နှင်းဆီဦးနဲ့ အတူတူသွားရမယ်လို့၊ နှင်းဆီဦးက လည်း ကားမောင်းဘာကျွမ်းသလဲ မမေးနဲ့။ နိုင်မြဲအဖို့ ဘီးနင်းစက်ထား ထားရပေမယ့် ကျေနပ်လို့နေပါတယ်။

'ရှင်းသန့်ရယ်… ပြောရဦးမယ်၊ တို့တေးသံသွင်းဆိုင်က အဆိုတော်ရွေးပြီးသွားပြီ၊ သိလား'

'ဟုတ်လား၊ ဘယ်သူ့ကို ရွေးလိုက်တာလဲ'

နိုင်မြဲက နှင်းဆီဦးကို မသိချင်ယောင်ဆောင်ပြီး မေးလေ

www.burmeseclassic.com

www.burmeseclassic.com



'ခိုင်မြဲဆိုတဲ့လူလေ၊ သူက နယ်ကနေ အဆိုတော်ဖြစ်ချင်လို့ စွန့်စားလာတာ၊ အခုတော့ သူ့ဆန္ဒတွေ ပြည့်ပြီလေ၊ သူ့အသံက တော်တော်ကောင်းတာ ရှင်းသန့်ရဲ့၊ သေချာတယ်၊ စီးရီးထုတ်လို့က တော့ နာမည်ကြီးမှာ'

နှင်းဆီဦးက ကျေကျေနပ်နပ်ကြီး ခိုင်မြဲကို ရှင်းပြနေတာ ခိုင်မြဲအဖို့ နှင်းဆီဦးက သူ့အပေါ် အတော်မျှော်လင့်ထားတာပဲလို့ တွေးရင်းက ကျေနပ်လို့နေပါတယ်။

'ဒါပေါ့ နှင်းဆီဦးရယ်၊ ဒီခေတ်ကြီးမှာ လူတစ်ယောက်ကို အောင်မြင်အောင် မြေတောင် မြှောက်ပေးဖို့ လွယ်တာမှမဟုတ်တာ၊ နှင်းဆီဦးတို့ရဲ့ စေတနာပြန် အကျိုးပေးမှာပါ'

ခိုင်မြဲက အလိုက်သင့်ပြောလို့ စကားအဆုံး နှင်းဆီဦးက ဘာစကားမှမပြောဘဲ ကားကို ဆက်မောင်းလာပါတယ်။ လမ်းဘေး ဝဲယာမှာတော့ ညနေနေဝင်ချိန် ရောက်ခါနီးပြီမို့ စပါးပင်တွေက လေအတိုက်မှာ ဘယ်ညာယိမ်းလို့နေပါတယ်။

'ရှေ့မှာ ကားကိုတားပါလား၊ ကားပျက်နေလို့ ထင်ပါရဲ့'

ကားမောင်းလာနေရင်းမှ နှင်းဆီဦးက ပြောလို့ ခိုင်မြဲကြည့် လိုက်တော့ ကားတစ်စီးက ရပ်ထားပြီး လူသုံးယောက်အနက် တစ်ယောက်က လက်ကိုပြပြီး ကားကိုတားနေပါတယ်။ နှင်းဆီဦး လည်း ရပ်ထားတဲ့နားမှာ ကားကို ရပ်လိုက်ပါတယ်။

'ဘာကိစ္စရှိလို့ တားတာလဲ၊ ကားပျက်လို့လား၊ ဟယ်... ရွှေအိပါလား'

မထင်မှတ်ဘဲ ရွှေအိဖြစ်နေလို့ အံ့အားတသင့် နှင်းဆီဦးက ပြောပေမယ့် ရွှေအိနဲ့ ဘယ်လိုမှမတည့်တဲ့ ကားပွဲစားကျော်ကြီးကိုပါ



တွေ့ရတော့ ခိုင်မြဲ ဘယ်လိုတွေဖြစ်ကုန်ပါသလဲ တွေးမရဖြစ်သွား ပါတယ်။

ကားပွဲစားကျော်ကြီးနဲ့ အဖော်တစ်ယောက်က ကားရပ် တဲ့အခါ ကားတံခါးကို ဆွဲဖွင့်ပြီး ရပ်ရှင်တွေထဲကလို ခိုင်မြဲကို အတင်း ကားပေါ်ကနေဆွဲပြီး အပြင်ကိုထွက်ခိုင်းပါတယ်။

'ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ'

'ရွှေအိ... ဘာတွေလဲဟယ်'

ခိုင်မြဲကလည်း ဘာမှန်းမသိလို့ ပြောသလို နှင်းဆီဦးက လည်း ရွှေအိကို မေးလိုက်ပါတယ်။

'ဘာလုပ်ရမှာလဲ နှင်းဆီဦးရဲ့၊ ရှင်းသန့်ကို တို့ ကားတင် ခိုးပြေးဖို့ စီစဉ်လိုက်တာလေ၊ နှင်းဆီဦး ပြည်ကိုလိုက်ဖို့ခေါ်တော့ တို့ပါရင် အစီအစဉ်က ဘယ်ဖြစ်မလဲ၊ ဒါကြောင့် ရှင်းသန့်ကို အဖော် လိုက်ခိုင်းပြီး ဒီလိုစီစဉ်ရတာ တို့ကို ခွင့်လွှတ်ပါ၊ တို့ ဒီလိုမှမလုပ်ရင် ရှင်းသန့်က သူတစ်ပါးလက်ထဲ ရောက်တော့မယ်၊ တို့ ရှင်းသန့်ကို လက်လွှတ်မခံနိုင်ဘူး၊ ဒီတော့ ရှင်းသန့်ကိုထားခဲ့ပြီး နှင်းဆီဦး ပြည် ကို တစ်ယောက်တည်းသွားပါ'

ခိုင်မြဲတစ်ယောက် ရွှေအိ ရှင်းပြချက်စကားသံတွေကို နား ထောင်နေရင်း တော်တော်ပေါက်ကွဲသွားပါတယ်။ သင်းရဲ့အကြံ အစည်ကြောင့် သူတစ်ဖက်သတ် မြတ်နိုးရတဲ့ နှင်းဆီဦးနဲ့ ကြည်နူး မယ်ဆိုကာမှ ပျက်သုဉ်းပြီလို့။

'အို... ရှင်းသန့် မလိုက်ဘူး၊ ရှင်းသန့်ကို ဒါမျိုးလာမလုပ် နဲ့၊ အော်လိုက်မှာနော်'

'အော်... ကြိုက်သလိုအော်၊ ကျော်ကြီး ပြောတယ်၊ ငါတို့ ကားပေါ်ဆွဲတင်'

www.burmeseclassic.com

www.burmeseclassic.com



'အို… မလိုက်ဘူးလို့ ပြောနေတယ်လေ'

အဖြစ်အပျက်တွေက ရုပ်ရှင်ဆန်သလိုမျိုး ဖြစ်နေလို့ နှင်းဆီဦးလည်း ဘာပြောရမှန်းမသိ ဖြစ်နေပါတယ်။

'ရှင်းသန့်… တက်လို့ပြောနေတယ်နော်'

ရွှေအိက အချိန့်ပေးလိုက်သလိုမျိုး နိုင်မြဲကို သူတို့ ရပ်ထားတဲ့ကားပေါ် တက်ခိုင်းရင်းက နိုင်မြဲရဲ့လက်ကို အတင်းဆွဲတင်ပါတယ်။ နိုင်မြဲလည်း ဖြစ်ချင်ရာဖြစ် မထူးတော့ပြီမို့ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်ပါတယ်။

'မလိုက်ဘူးကွာ'

'ရော့… ဒါ ဒူးပျံတိုက်ချက်'

'ဖောင်း…'

'အမလေး… နာလိုက်တာ'

'ရော့… ဒါ ပိုက်လက်သီး'

'ခွပ်…'

'အောင်မလေးဗျာ…'

'ရော့… ခွပ်… ခွပ်…'

နိုင်မြဲက ရွှေအိရင်ဝကို ဒူးနဲ့ပစ်တိုက်ပြီး ကျန်တဲ့ ကျော်ကြီး အပါအဝင် သူ့အဖော်ကိုပါ လက်သီးရော လက်ဝါးရော မျက်နှာနဲ့ ရင်ညွှန့်တွေကို တရစပ်ထိုးချလိုက်ပါတယ်။

'ရွှေအိ… လက်သံပြောင်တယ်၊ မဖြစ်ဘူး ပြေးမယ်၊ ကြာကြာနေရင် ပြဿနာတက်မယ်'

သတ္တိရှိလား၊ မရှိသလားတော့ မသိ။ ကျော်ကြီးက ရပ်ထားတဲ့ကားဆီ ပြေးရင်းက ရွှေအိကို ပြောပါတယ်။ ကျော်ကြီးရဲ့အဖော်ကလည်း ကျော်ကြီးက နောက်တနေ ပြေးလိုက်သွားပါတယ်။

'အား… ရင်ဝက နာတယ်၊ အား… ကျော်ကြီး၊ ငါ့ကို မထားခဲ့နဲ့'

ရွှေအိက နိုင်မြဲရဲ့ ဒူးနဲ့တိုက်ချက်ကြောင့် နာကျင်သွားတဲ့ သူ့ရဲ့ရင်ဘတ်ကို လက်နဲ့ဖိရင်း ရပ်ထားတဲ့ကားပေါ် ပြေးသွားပြီး ကားကို ရန်ကုန်မြို့ဘက်ဆီ ပြန်မောင်းထွက်သွားပါတယ်။

'ရှင်းသန့်…အို… ရှင်း… ရှင်းသန့်မဟုတ်ဘူး၊ မိန်းကလေးမှ မဟုတ်တာ၊ ဘယ်လိုဖြစ်တာလဲ၊ ဘာတွေလဲ၊ ကျွန်မ မစဉ်းစားတတ်တော့ဘူး'

ခြေပစ်လက်ပစ်ထိုင်ချပြီး သက်ပြင်းတွေ မှုတ်ထုတ်နေတဲ့ နိုင်မြဲအနား နှင်းဆီဦးက ရောက်လာပြီး အလန့်တကြားမေးလိုက်ပါတယ်။

'ဟုတ်ပါတယ် မနှင်းဆီဦး၊ ကျွန်တော် ရှင်းသန့် မဟုတ်ပါဘူး၊ နိုင်မြဲပါ'

'နိုင်မြဲ ဟုတ်လား'

'ဟုတ်ပါတယ်၊ လာပါ… ကားဆက်မောင်းလိုက်၊ ရှေ့နားက ဆိုင်တစ်ဆိုင်ရောက်ရင် တစ်ခုခုစားရင်း ရှင်းပြမယ်'

'ဘာတွေလဲရှင်… ကျွန်မတော့ ဘာမှနားမလည်တော့ဘူး'

နှင်းဆီဦး ကားပေါ်ကိုတက်ရင်းက ပြောလိုက်ပါတယ်။ နိုင်မြဲလည်း ထိုင်ရာမှထပြီး နဖူးပြင်မှာ ထွက်နေတဲ့ချွေးတွေကို လက်နဲ့သုတ်ရင်း ကားထဲဝင်လိုက်ပါတယ်။ အဲဒီနောက်တော့ နှင်းဆီဦးက အနီးဆုံးသောက်ဆိုင်တစ်ဆိုင်ရှိမယ့်နေရာအထိ ကားကို မောင်းလာခဲ့ပါတယ်။

○ ○ ○

www.burmeseclassic.com



'အဖြစ်ကတော့ အဲဒါပါပဲ မနှင်းဆီဦး၊ ကျွန်တော်က အဆိုတော်ဖြစ်လာမလားလို့ ရန်ကုန်တက်လာရင်း ဝမ်းရေးအတွက် အဆင်မပြေဖြစ်ရင်းက မိန်းမလိုဟန်ဆောင် မိန်းမလို သီချင်းဆိုရင်း ဒီလို ရှင်းလို့မရတဲ့အဖြစ်တွေ ဖြစ်ကုန်တော့တာပါပဲ'

ရွှေတောင်မြို့နားက စားသောက်ဆိုင်မှာ နိုင်မြဲက သူ့ဘဝ အကြောင်းတွေ တစ်ခုမကျန် ပြောပြတာကို နှင်းဆီဦးက သေသေချာချာ နားထောင်လို့နေပါတယ်။

'သြော်… ဘဝဆိုတာ တစ်ခါတလေ ဘယ်လိုမှ မထင်ထားတာတွေ ဖြစ်တတ်တာပဲ၊ ရှင့်ရဲ့ ကြိုးစားမှုကိုတော့ ကျွန်မ ချီးကျူးပါတယ်၊ လူဆိုတာ ဒီလိုပဲပေါ့လေ၊ ရှင့်အဖြစ်က ရယ်ရမလား၊ ဒါမှမဟုတ် ဆင်ခြင်စရာလားဆိုတာ တော်တော်စဉ်းစားရခက်တာပဲ၊ အခုတော့ ဘာမှပူမနေပါနဲ့၊ ရှင်ဖြစ်ချင်တဲ့ အဆိုတော်ဘဝ ရောက်တော့မှာပေါ့၊ ဘဝဆိုတာ ဒီလို လွဲချော်မှုတွေ ရှိရမှာပေါ့၊ ဒါနဲ့ ရှင် မိန်းကလေးဘဝနဲ့ အဆိုတော်အဖြစ် ရွှေအိတို့ဆိုင်ကို သွားဦးမှာလား'

'နေ… နေ… နေပါစေတော့ဗျာ၊ ရှင်းသန့်ဆိုတဲ့ အဲဒီဘဝဟောင်းကြီးကို အခုအချိန်ကစလို့ မေ့ပစ်လိုက်ပါပြီ၊ ဘဝအသစ်မှာ ကျွန်တော် ဖြစ်ချင်တာပါ၊ အဆိုတော်ဖြစ်အောင် ကျွန်တော် ကြိုးစားမယ်၊ အဲဒီလိုဖြစ်လာလို့ကတော့ ကျွန်တော် အပြောချင်ဆုံးအရာတစ်ခုကို ပြောပြီး ရအောင်ယူပြမယ်၊ သိလား'

'ဘာမို့လို့လဲ'

'ဘာလဲဆိုတာ သိရမယ့် ပထဦးဆုံးလူဟာ မနှင်းဆီဦးပဲ ဖြစ်ရမယ်'

နှင်းဆီဦးက ဘာမှပြန်မပြောဘဲ မှောင်စပျိုးနေသော လမ်းဘေးဘက်ကို ကြည့်နေပါတယ်။



'ပြည်ရောက်ရင် ကျွန်တော့်ကို တည်းခိုခန်းတစ်ခုမှာ ကားကို ရပ်ပေး၊ ကျွန်တော့် အဝတ်အစားအိတ်ထဲမှာ ယောက်ျားလေးအဝတ်အစားပါတယ်၊ နိုင်ငံသားကတ်လည်းပါတယ်၊ ကားကို ပြည်မရောက်ခင် ခဏရပ်ပေးဦး၊ ဒီလိုမိန်းမအဝတ်အစားနဲ့က မဖြစ်ဘူး၊ အကျီလေး ဘာလေး လဲရဦးမယ်၊ သွားကြရင် ကောင်းမယ်၊ မိုးသိပ်ချုပ်နေမှာ စိုးလို့'

'ဒါဆို ဖုန်းကညာတစ်ပါး ပြားရာကနေ ပြန်လုံးပြီပေါ့၊ ဟုတ်လား၊ ဟား… ဟား…'

နှင်းဆီဦးက နိုင်မြဲကိုကြည့်ပြီး ရယ်လို့နေပါတယ်။ နိုင်မြဲအဖို့လည်း ဘယ်နေပါ့မလဲ။ ပြန်ရယ်တာပေါ့။ ဒီအချိန်လောက်ဆို အဖြစ်မှန်ကို မသိသေးတဲ့ ရွှေအိတို့အဖွဲ့ ဘာတွေဘယ်လိုဖြစ်သလဲဆိုတာကို နိုင်မြဲခမျာ မတွေးအားပါ။ ဘာဖြစ်လို့လဲဆို နိုင်မြဲရှေ့မှာ နတ်သမီးလေးရှိနေလို့လေ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

ဖန်ဆင်းရှင်က

လူတစ်ယောက်ရဲ့ ရည်မှန်းချက်ကို

ကြိုးစားတတ်တယ်ဆိုတာ

ကျွန်တော် ယုံသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

နိုင်မြရော နှင်းဆီဦးသာမက နှင်းဆီဦးရဲ့ ဖခင်ပါ ဘယ်လိုမှ ဒီလောက်ဖြစ်လာလိမ့်မယ်လို့ မထင်ထားပါ။ နိုင်မြရဲ့ တစ်ကိုယ်တော်အခွေကို တီးဝိုင်းကောင်းကောင်း၊ သီချင်းရေးဆရာကောင်းကောင်းနဲ့အပ်ပြီး တေးစီးရီးလည်းသွင်း၊ ဗီစီဒီတွေလည်း ရိုက်နဲ့ နိုင်မြရဲ့ 'ရှင်းလို့မရဘူး ရှုပ်ကုန်ပြီ'သီချင်းခွေက ကြော်ငြာအားလည်းကောင်းတော့ ပရိသတ်ကြားထဲ ပေါက်သွားမယ်လို့ ပြောရမှာပါပဲ။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကရော ရုပ်သံတွေကပါ အင်တာဗျူး၊ မျက်နှာဖုံးတွေနဲ့တင် နိုင်မြခမျာ ဘယ်လိုမှ ဒီလောက်ဖြစ်လာမယ်လို့ မထင်ခဲ့။

အခုတော့ သူဖြစ်ချင်တဲ့ ထင်ရှားကျော်ကြားတဲ့ အဆိုတော်ဘဝကို ရောက်ခဲ့ပြီလို့ပဲ ပြောရတော့မှာပါ။

'ကျွန်မလေ ရှင့်ကို သိပ်ချီးကျူးတယ် သိလား၊ ရှင်က ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်တာပဲ၊ ရှင့်ရဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင် ဒီခေတ် ဒီကာလကြီးမှာ လုပ်ဖြစ်နိုင်တာ ကျွန်မ မထင်ထားဘူး၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးရေပြင်က ငြိမ်သက်လို့နေပါတယ်။ စားသောက်ဆိုင်ထဲမှာက လူရှင်းလို့နေပါတယ်။

'မနှင်းဆီဦးရယ်… ဒါက ကျွန်တော့်ကြောင့်ချည်းပဲတော့ မဟုတ်ပါဘူး၊ မနှင်းဆီဦးတို့ရဲ့ ကျေးဇူးတရားလည်း ပါပါတယ်'

'အို… ဒါက နှစ်ဦးနှစ်ဖက်ကြောင့်ပါ ကိုခိုင်မြဲရဲ့'

အဲဒီနောက် နှစ်ဦးသား ဘာစကားမှမဆိုဘဲ စားစရာရှိတာကို စားလို့နေပါတယ်။ အချိန်အတော်ကြာမှ ခိုင်မြဲက နှင်းဆီဦးကို ကြည့်လိုက်ပြီး…

'မနှင်းဆီဦးကို တစ်ခါက ကျွန်တော်ပြောဖူးတာ မှတ်မိလား'

'ဘာများလဲ ကိုခိုင်မြဲရဲ့'

မထင်မှတ်ဘဲ မေးလိုက်လို့ နှင်းဆီဦးက ပြန်မေးပါတယ်။

'ကျွန်တော် အဆိုတော်ဖြစ်လာမယ်၊ အောင်မြင်ခဲ့ရင် ကျွန်တော် ပြောချင်ဆုံးအရာတစ်ခုကို ပြီးအောင်ယူပြမယ်ဆိုတာလေ'

'ဩော်… မှတ်မိပြီ၊ မှတ်မိပြီ၊ ဘာမို့လို့လဲ'

နှင်းဆီဦးက ရယ်ရင်း ခိုင်မြဲကိုကြည့်ပြီး မေးတော့…

'မနှင်းဆီဦးကို ရွှေအိမ် မိတ်ဆက်ပေးကတည်းက စိတ်ဝင်စားတာပါ၊ ဒါပေမဲ့ ကိုယ့်အခြေအနေနဲ့ ကိုယ်မို့ မပြောထွက်ခဲ့ဘူး၊ အခုတော့ ပြောတော့မယ်၊ ကျွန်တော် မနှင်းဆီဦးကို လက်ထပ်မယ်၊ ဘဝခရီးကို သီချင်းတွေဆိုရင်း ဇနီးမောင်နှံနှစ်ယောက် အတူတူဖြတ်သန်းမယ်၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ'

'အံမယ်… အညာသားက ဟိုကတည်းက ကြိတ်ကြံထားတာကိုး၊ ဟွင်း… ဒီလိုမှန်းသိရင် အဆိုတော်ဖြစ်အောင် သီချင်းခွေ မထုတ်ပေးပါဘူးနော်'



နှင်းဆီဦးက ရှက်သလိုပုံစံမျိုးနဲ့ ခိုင်မြဲကို မျက်စောင်းထိုးလိုက်ပါတယ်။ ခိုင်မြဲ သိလိုက်ပါတယ်။

အဲဒီမျက်စောင်းက သာယာကြည်နူးပြီး ချစ်လို့ထိုးတဲ့ မျက်စောင်းဆိုတာ။

'ဘဝဆိုတာ ဘုရားသခင်က ကိုယ့်ရည်မှန်းချက်တွေကို တိုင်းတာတတ်တယ်၊ ကိုယ့်ဘဝခရီး လက်တွဲဖော်ကို တွေ့ကြုံအောင် ဖန်တီးပေးပြီး ပဋိပက္ခတွေနဲ့ ခံစားခိုင်းတယ်၊ အဲဒါ ဘဝလား၊ အဲဒါ ဘဝဆိုရင်တော့ အဲဒီဘဝဆိုတာကြီးကို ကျေးဇူးတင်ပါတယ်'

'ဖြည်းဖြည်းပြောပါ၊ တော်ကြာ လူတွေက နိုင်ငံကျော်အဆိုတော်ကြီးကို တစ်မျိုးထင်ကုန်မယ်'

'ထင်ချင်သလို ထင်၊ ကိုယ်မြတ်နိုးတဲ့ ချစ်သူရှိနေမှတော့ ဘာဖြစ်လဲ၊ ရင်ဆိုင်ပစ်ဖို့ အဆင်သင့်'

'အညာသားက သီချင်းဆိုကောင်းရုံမက စကားလည်း ကြွယ်တာပဲ'

ခိုင်မြဲက ဘာမှပြန်မပြောပါ။ နှင်းဆီဦးရဲ့ လက်ကလေးကို ကိုင်လိုက်ပါတယ်။ နှင်းဆီဦးက မငြင်းပါ။

စားသောက်ဆိုင်က အပြန်လမ်းခရီးမှာ ခိုင်မြဲရဲ့ လက်ကိုကိုင်ပြီး ပါလာတဲ့ နှင်းဆီဦးက ရှေ့ဆက်ရမယ့် အနာဂတ်ခရီးအတွက် ခိုင်မြဲကို ဘာတွေလုပ်ရမယ် စသဖြင့် လမ်းညွှန်ချက်တွေ ပေးလို့နေပါတယ်။

ခိုင်မြဲ နားထောင်ပါတယ်။ ဘဝမှာ ချစ်သူမြတ်နိုးသူရဲ့ စကား ကို နားထောင်တာ အပြစ်လားလို့။ ဒီလို စကားကို နားထောင်ဖို့ ကိုယ်တိုင် ချစ်သူရှိဖို့တော့ လိုတာပေါ့။

[][][]

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူတွေ ဘာပြောပြော
ကိုယ့်နံဘေးမှာ
ကိုယ့်မြတ်နိုးသူနဲ့ သားလေးရှိရင်
ဘဝဟာ ပြီးပြည့်စုံပြီ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ပန်းတော်ဝင်စားသောက်ဆိုင်ထဲကို ဝင်လာတော့ နိုင်မြဲ အံ့အားသင့်သွားပါတယ်။ မရောက်တာ နှစ်နှစ်ရှိပြီမို့ ဆိုင်က ဘာ ပြောင်းလဲသလဲဆိုတော့ ဘာမှ မပြောင်းလဲပေမယ့် ပြောင်းလဲတာက ရွှေအိက အရင်လို ယောက်ျားပုံစံမဟုတ်ဘဲ မိန်းမအဝတ်အစားနဲ့ ဖြစ်နေလို့ပါ။ ဒါ့အပြင် ဦးတင်မောင်လွင်ကလည်း ယောဂီအင်္ကျီနဲ့ ဘာနဲ့ဆိုတော့ ၊လောကကြီး ဘယ်လိုဖြစ်နေပြီလဲလို့။

'ရွှေအိ··· နင်က ငါတို့ မင်္ဂလာဆောင်ဖိတ်တာတောင် မလာ ဘူး၊ အခု သားလေး တစ်နှစ်ပြည့်မွေးနေ့မင်္ဂလာ လာရမယ်နော်'

နှင်းဆီဦးက ရွှေအိရှေ့မှာ မွေးနေ့ဖိတ်စာကိုချရင်း ပြော တော့···

'နှင်းဆီဦးရယ်··· နင်က ပြောအားရှိတာပေါ့၊ နိုင်ငံကျော် အဆိုတော်နဲ့ မင်္ဂလာဆောင်တယ်၊ ဟော··· အခု သားတစ်ယောက် ရတယ်၊ သားလေးက ချစ်စရာလေး၊ ငါကတော့ ငါ့ဟာနဲ့ငါ ရုက်ရင်း က ဘဝအမှန်ပြန်ရောက်သွားတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် တူမနှင်းဆီဦးရေ၊ ဦးလည်း တစ်ယောက်သောသူအတွက် သောကတွေပွားရင်းက တရားရသွားပြီး သံဝေဂဆိုတာ ခက်တယ်ဟေ့'

ဦးတင်မောင်လွင်က သံဝေဂရသလိုမျိုးနဲ့ နှင်းဆီဦးအနား ရောက်လာရင်းက ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ခိုင်မြဲက တစ်နှစ်အရွယ်သားလေးကို ချီပြီး ဆိုင်ထဲဝင်လာပါတယ်။

'သားလေးက ချစ်စရာလေးပဲ၊ နာမည်ကရော'

ရွှေအိက ခိုင်မြဲချီထားတဲ့ ကလေးကို ကြည့်ရင်းက မေးတော့…

'သားနာမည်က ရှင်းသန့်ဦးတဲ့၊ အဲဒီနာမည်က တစ်ခါက ဘဝဟောင်းကို မမေ့လို့ ပေးထားတာတဲ့'

နှင်းဆီဦးစကားကြောင့် ဦးတင်မောင်လွင်နဲ့ ရွှေအိကို ဘာကို သတိရသွားသလဲ မသိပါ။ တစ်ခုတစ်ခုကို စဉ်းစားရင်းက…

'နေပါဦး ရှင်းသန့်'

'ရှင်းသန့်၊ ရှင်းသန့်'

'နှင်းဆီဦး ဘယ်လိုဖြစ်လို့ ရှင်းသန့်ဦးလို့ပေးပြီး ဘဝဟောင်းကို မမေ့အောင် နာမည်ပေးထားတာလို့ ပြောရတာလဲ၊ ဒါက ငါတို့နဲ့ ပတ်သက်ခဲ့ဖူးတဲ့ ရှင်းသန့်နဲ့ ဘယ်လိုပတ်သက်တာလဲ'

'ဟုတ်တယ်၊ ဦးကိုလည်း ပြောပါဦး၊ ရှင်းသန့်ကြောင့် ဦး ဒီလိုဘဝမျိုး ဖြစ်သွားတာ'

ရွှေအိနဲ့ ဦးတင်မောင်လွင်က ပြိုင်တူမေးပေမယ့် နှင်းဆီဦးက သူတို့နှစ်ယောက်ကိုကြည့်ပြီး…



'မပြောဘူး၊ ပြောရင် ရှင်းလို့မရဘဲ ရှုပ်ကုန်မယ်၊ သား မွေးနေ့ရောက်ရင်သာ လာခဲ့၊ ရှင်းပြမယ်၊ သွားပြီ'

နှင်းဆီဦးက ရယ်ရယ်မောမော ပြောဆိုရင်းမှ ခိုင်မြဲ ချီထားတဲ့ သားဖြစ်သူ ရှင်းသန့်ဦးကိုချီပြီး ခိုင်မြဲလက်ကိုဆွဲကာ ဆိုင်ထဲကနေ ထွက်လာခဲ့ပါတယ်။

'မာမီ… မင်း တော်တော်ဆိုးတာပဲ၊ အဖြစ်မှန် ပြောရမှာ'

ကားထဲရောက်တော့ ခိုင်မြဲက ကားမောင်းခါနီး နှင်းဆီဦးရဲ့ နဖူးပြင်ကို လက်သီးနဲ့ ထုမလိုဟန်ပြင်ရင်းက ပြောတာကို နှင်းဆီဦးက ရယ်နေသလို နှင်းဆီဦး ရင်ခွင်ထဲမှာရှိတဲ့ သားလေးကလည်း ရယ်နေလို့ ခိုင်မြဲခမျာ ဒီလိုမရှင်းပြလိုက်တာပဲ ခပ်ကောင်းကောင်းလို့ တွေးရင်း ကားကို မောင်းထွက်လာခဲ့ပါတော့တယ်။

ဟုတ်တယ်လေ… အဲဒီမှာ ရှင်းပြလို့ကတော့ ရှုပ်ကုန်မှာပေါ့ဗျာ။ ။